
www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC .com

ကျော်မြသန်း

# အရှိအမှန်နှင့် မရှိမမှန်

www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ တရား၊ သံဃာ
ဂုဏ် ၉.၆ ၉
အမိ၊ အဖ၊ ဆရာသမား

အနန္တော အနန္တ ငါးပါးအား

ဦး ထိပ် ထား လျက်

မောင်တင်ဌွေး
ရွှေဟင်္သာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

"သူတော်စင်၊ သူစင်၊ ပညာရှင်တို့ မိန့်ကျင့်စကား
တစ်ခွန်းကြားက၊ ပတ္တမြား ဆန်ကျီး၊ အဖိုးပြည်တန်၊
ကောန်မုံချ' တစ်လုံးရဖို့၊ နဋ္ဌဖိုးမှန်၊ ကျိုးကဲလွန်၏"

(မဃဒေဝလင်္ကာသစ်)

www.burmeseclassic.com

ဤစာအုပ်နှင့်ပတ်သက်၍....

( တစ် )

စာရေးသူသည် ဘိုးတော်များ အကြောင်းကို ''ဘိုးတော်ကောင်း'' ''ဘိုးတော်ရှုံကာ''စာအုပ်များနှင့် နတ်ကတော်များအကြောင်းကို 'ကနားစီး မောင်မောင်လတ်'၊ 'နတ်ကတော်စိန်မျက်ခုံး' 'တို့များရဲ့ကျော်ကျော်' စာအုပ်များ၊ ဗေဒင်လက္ခဏာ ဆရာများအကြောင်းကို 'မနောလှဟောသမျှ'၊ 'သိဒ္ဓိရှင် နေအေး' စာအုပ်များဖြင့် ဝတ္ထုဇာတ်လမ်းဖွဲ့၍ ရေးသားခဲ့ပါသည်။

အောင်မြင်မှုလည်း အတိုက်အလျောက် ရရှိခဲ့ပါသည်။

အားပေးချီးမြှောက်သည့်စာများ၊ တုံ့ပြန်ရရှိသလို၊ ဆဲဆိုကြိမ်းမောင်းသံနှောသည့် တုံ့ပြန်စာများကိုလည်း ရရှိခဲ့ပါသည်။

စာရေးသူက သူတို့စားပေါက် စားလမ်းကို ခလုတ်သွားတိုက်မိတော့လည်း ရေးကြတော့တာပေါ့။

ရှိပါစေ။

ဝမ်းသာခြင်းဖြစ်ရသလို ဝမ်းနည်းမှုလည်းခံစားရပါသည်။

ဝမ်းနည်းမှုခံစားရသည်မှာ ဆဲရေးတိုင်းထွာ ကြိမ်းမောင်းသည့်စာများကြောင့် မဟုတ်ပါ။

ဘိုးတော်တွေအကြောင်း ရေးလိုက်တော့မှ ဘိုးတော်တွေ ဝ တစ်လုံးကနေ နှစ်လုံးဖြစ်လာကြသည်။

နတ်ကတော်တွေအကြောင်း ရေးလိုက်တော့ နတ်ကတော်တွေ တိုးပွားလာကြသည်။

ဗေဒင်၊ လက္ခဏာဆရာတွေအကြောင်း ရေးလိုက်တော့ ဗေဒင် လက္ခဏာဆရာတွေ သောက်သောက်လဲ ပေါ်လာသည်။

စာရေးသူပဲ သူတို့အတွက် ကြော်ငြာ ပေးလိုက်သလိုများ ဖြစ်သွားလေလားဟု သံသယ ပွားမိသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေဖြင့် လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ကိုအဟန့်အတား ပြုလုပ်လိုသည့်ဆန္ဒနှင့် စေတနာ လုံးဝမရှိပါ။

မိမိကိုယ်မိမိ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်နေပြီ မဖြစ်နေပြီကို ပြန်လည်ဆန်းစစ် စေလိုသော စေတနာဖြင့် ရေးသင့်ရေးထိုက်သည်များ ရေးသားရသည်မှာ ဤစာအုပ်၏ ပဓာနရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမှ ထိပါး ပုတ်ခတ်ရန်ဆန္ဒနှင့် စေတနာ လုံးဝ မထားရှိပါ။

ဝတ္ထုပုံစံ မဟုတ်သော သုတပဒေသာ ပုံစံဖြင့် ရေးဖွဲ့ပါသည်။

( သုံး )

ဆရာမင်းနုနု(မော်ကျွန်း)၏ "အယူအမြင်နှင့် ကိုးကွယ်မှုစင်ကြယ်သန့်ရှင်းရေး ဆရာတော်ကြီးများ၏ ဩဝါဒတော်များ" စာအုပ်ထုကြီးကို လူငယ်ပိုင်းထက် လူကြီးပိုင်းကပို၍ အလေးထား ဖတ်ရှုကြမည် ဖြစ်ပါသည်။

စာရေးသူ၏စာအုပ်များကိုမူ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းက ပို၍ အဖတ်များပါသည်။

ယနေ့လူငယ်၊ နောင်ဝယ် လူကြီးဖြစ်မည့် လူငယ်များကို လက်ဆင့်ကမ်းလိုသောဆန္ဒဖြင့် ဤစာအုပ်ကို ရေးသားပါသည်။

တစ်နည်းအားဖြင့် မိရိုးဖလာ ဓလေ့ထုံးစံအစွဲ ရှင်သက်နေသူများ (ဝါ)အရောင်အဆိုးခံပြီးသူများအတွက် မဟုတ်ပါ။ အရောင်အဆိုး မခံရသေးသည့် လူငယ်များ အတွက်သာ ဖြစ်ပါသည်။

အရှိ–အမှန်နှင့် မရှိ-မမှန်ကို ခွဲခြားစိတ်ဖြာ သုံးသပ်ဝေဖန်၍ သမ္မာဒိဋ္ဌိ၊ ကပ်ငြိစွဲထင် နေသူ ဖြစ်ပါစေဟု ဆန္ဒပြုလျက်....။

သန့်စင်သော စေတနာ မေတ္တာဖြင့်

ကျော်မြသန့်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် မိမိတို့သက်ဝင်ယုံကြည်ကိုးကွယ်ရာ ဘာ
ာကြီးလေးရပ် ရှိသည်။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပေးထားသည်။

ကန့်သတ်ချုပ်ချယ်ခြင်း ပြဿနာအလျဉ်းမရှိ။

ထို့အတူ ဘာသာရေးဆိုင်ရာ စာပေများကိုလည်း လွတ်
ပ်စွာ ထုတ်ဝေဖြန့်ချိခွင့် ပေးထားသည်။

အတွေးအခေါ် အယူအဆပိုင်းနှင့် သက်ဆိုင်သည်များ
သည်း လွတ်လွတ်လပ်လပ်ပင် ပြောဆို ဆွေးနွေးခွင့် ပေး
ားသည်။

ဤသည်မှာ ယနေ့ပကတိ အခြေအနေပင် ဖြစ်သည်။

(* * *)



ဗုဒ္ဓဘာသာကိုးကွယ်သူများနှင့် သက်ဆိုင်သည့် မွန်မြတ်သန့်စင်သော၊ စစ်မှန်တိကျသော၊ မရွေ့မလျော မပြောင်းလဲသော ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားလျက် ရှိနေသည်မှာလည်း အထင်အရှားပင်။

အယူဝါဒမှန်၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်လာစေရန် ဟောပြော နည်းပေး လမ်းညွှန်ပြသမည့် အရိယာသံဃာ ဆရာတော် အရှင်သူမြတ်များလည်းရှိနေကြသည်။

တရားပွဲများ၊ ကမ္မဋ္ဌာန်းရိပ်သာများလည်း နေရာအနှံ့ ရှိနေသည်။

စားရိတ်စကတစ်ပြားတစ်ချပ်မှ မပေးရသည့် (၇) ရက်၊ (၁၀)ရက်၊ ဘုရားစခန်းများလည်း ဝါတွင်း ဝါပ ဖွင့်လှစ်ထားပါလျက်ရှိနေသည်။

အားရဖွယ်ရာ သာသနာရောင်ဝါ ထွန်းလင်းတောက်ပလျက်ရှိနေသည်ဟု ဆိုရမည်ပါ။

သို့ပါလျက်....၊

(* * *)

www.burmeseclassic.com

www.burmeseclassic.com



တေရဝါဒဗုဒ္ဓဘာသာထဲသို့ ပြဟ္မာဏ အယူဝါဒများ ရောထွေးမှတ်ထင် လုပ်လာကြသည်၊

ရောမွှေလာကြသည်။

ပြဟ္မာဏ(ဝါ)ဟိန္ဒူအယူဝါဒကို ဗုဒ္ဓ၏ အယူဝါဒယောင်ယောင် ဖန်တီး တည်ထွင် လာကြသည်ကိုလည်း ကြားသိစေ့ ရှိနေရသည်။

သူတို့၏ပြဟ္မာဏဝါဒမှာ ပြဟ္မာဏဝါဒစစ်စစ်မဟုတ်။

နို့တစ်ဝက်၊ရေတစ်ဝက်ဟုဆိုရမည့် ပြဟ္မာဏဝါဒဖြစ်၏၊

ကိုယ်ကျိုးစီးပွားကို အလေးထင်သည့် ဝါဒဟူလည်းဆိုနိုင်သည်။

သမထကျင့်စဉ်ဟူ၍တော့ အမည်တပ်သည်။

သို့တစေ သမထကျင့်စဉ် မမြောက်။

ဟိန္ဒူဖတီးခေါ် ယောဂီကျင့်စဉ်များနှင့်လည်း မတူ၊

ဟိန္ဒူယောဂီကြီးများမှာ လူ့သူကင်းဝေးရာတောသို့ ထွက်၍ဂူအောင်းပြီး တစ်ကိုယ်ရေ နေထိုင် ကျင့်ကြံ အားထုတ်ကြသည်။



ဒုက္ခစရိယာကျင့်စဉ်ကို ကျင့်ကြသည်၊အစွန်းရောက်အကျင့်ကို ကျင့်ကြသည်၊

တချို့ဆိုလျှင် မနက်အရုဏ်ဘက်နီးထပြီး၊ စားသောက်ဖွယ်ရာများ စားသောက်၍ ယောဂ အကျင့်စခန်းဝင်ကြသည်။

နေရောင်ရှိနေသမျှ ထိုင်ရာမထ ပထဝီကသိုဏ်း ဂန်ရှုကြသည်။

တချို့က နေကသိုဏ်းရှုကြသည်၊

တချို့က ခြေထောက်တစ်ဘက်တည်း ထောက်၍ နာရီပေါင်းများစွာ ရပ်ပြီး မျက်ဝန်းကို တစ်နေရာဘည်းသို့စူးစိုက်ထားသည်။

တချို့က တင်ပျဉ်ခွေ ဖွဲ့ထိုင်လျက် လက်တစ်ဘက်ကို မြှောက်၍ နာရီပေါင်းများစွာ နေထိုင်ကြသည်။

ထို့ထက်ပြင်းထန်သူများက နွယ်မြက်သစ်ပင်များ၊ တင်ပျဉ်ဖွဲ့ခွေ၍ ထိုင်နေသည့် ခန္ဓာကိုယ်ပေါ်သို့ ဘိုးဘက်လာသည့်တိုင် ထိုင်ရာမထ နေထိုင်၍ ယောဂကျင့်စဉ်ကို ကျင့်ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ တောနက်ကိုမှီ၊ ရွာနီးချုပ်စပ် တောရပ်ကိုမှီ၍ ယောဂကျင့်စဉ်ကို ကျင့်ကြသည်။

အိန္ဒိယက ယောဂကျင့်စဉ် ကျင့်ကြသည့် ယောဂီများမှာ အိမ်ထောင်သားမွေးမနေ၊ အသားငါးမစား၊ ရာသက်ပန် သက်သတ်လွတ်စားသည်။

လူအများနှင့်လည်း ရောရော ထွေးထွေးမနေ။

လောကီ လူသားတို့၏ကိစ္စ အထွေထွေနှင့်လည်း မရောယှက်။

သီးသန့်နေထိုင်ပြီး သူတို့ယောဂကျင့်စဉ်ကို ကျင့်ကြသည်။

စာရေးသူတို့ဆီက ဂန္ဓာရီဝိဇ္ဇာ၊ အကျင့်စခန်းဝင်များနှင့်တော့ လားလားမှ မတူ။

သည်မှာက....

(***)

အိမ်ထောင်သားမွေး နေထိုင်ကြသည်။

တောရပ်ကိုမမှီ၊ အိမ်ခြေတိုက်တာများကိုမှီ၍ ခေတ်နန်းခေတ်စခန်း ဘာညာဘာညာတွေ ဖွင့်ကြသည်။



တစ်ခါတစ်ရံ သက်သတ်လွတ် စားသည်။

အများဆုံးသမားက ဝါတွင်းကာလမျှသာ။

၉-ရက် အဓိဋ္ဌာန်၊ ၂၇-ရက်အဓိဋ္ဌာန်၊ ၄၅ ရက်အဓိဋ္ဌာန် ဝင်သူများပင်လျှင် သက်သတ် လွတ် မလွတ် မခွဲခြားနိုင်သော အားဖြည့် အချိုရည်နှင့် အားဆေးအမျိုးမျိုးကိုမှီဝဲစားသုံးကြသည်။

မီးလွတ်စားသည့် အဆို အခေါ်ရှိသူ များကသည် အများဆုံး သုံးရက်တာမျှသာ စားကြသည်။

ဘုရားတက်၍ ပုတီးစိပ်သည်။

အဲဒီလောက်တော့ မှန်မှန်ကန်ကန်လုပ်သည်။

သို့တစေ သီလ ဆောက်တည်မှု အားနည်းသည်။

အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့များ လုပ်ပေးသည်။

အင်း ဖယောင်းတိုင်များ စီရင်ပေးသည်။

ပွဲထိုး၊ ဆေး ပေါက်၊ ဆေးထိုးလုပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ပြဿနာ အရှုပ်အထွေးများ၊ ဝိသမဘောဘစီးပွားရေးကိစ္စအထွေထွေနှင့် ဆက်နွယ် ပတ်သက်ရာများကို လုပ်ပေးသည်။

ဘာကိုမဆို ယုံကြည်လွယ်သည့်စရိုက်ရှိသည့် မြန်မာလူမျိုးနှင့် ဘေးတီးကောင်းသူတို့ ညှပ်ရိုက်ကြရာ ခွင်သစ်တွေ ပေါ်လာသည်။

ဒီကြားထဲ ၉၆ ခုနှစ်အတွင်း စာနယ်ဇင်း များကလည်း မထူးထွေသည်များကို ထူးထွေသည့် အနှံ့ရာသော်၊ အခရာ အသားများဖြင့် မြှူးတူး ပြတဲ့ ပေါ်နေကြသည်။

လူတွေကလည်း ဟုတ်နိုးနိုးတင်ပြီး လှုပ်ရှားကြရသည်။

အဖတ်တင်တာက ငွေကုန်လူပန်းခြင်းသာ။

(* * *)

လွန်ခဲ့သည့်နှစ်က ပုဂ္ဂိုလ်ကြီး တစ်ဦး၏ အသက်တစ်ရာပြည့်ပွဲ။



စာနယ်ဇင်းတွေက ဈေးကွက်ဝင် သတင်းအဖြစ် ဖော်ပြကြသည်။

ဈေးသတင်းတွေ ပြောလိုက်ကြသည်ကလည်း အခတော မတတ်။

အဲဒီကိုမှ မရောက်ရင် ယနေ့နက်ဖြန်ပဲ အာဖြစ်ခတော့ မလိုလို။

အထူးသဖြင့် စီးပွားရေးနှင့် ကျန်းမာရေး မကောင်းသူများမှာ အဲဒီနေ့ဆို ရာကျော်ဘိုးဘိုးဆီ ရောက်လျှင် အားလုံး အဆင်ပြေသွားမည်။

တခြားနေ့တွေ ရောက်တာထက် အဲဒီနေ့ ရောက်ဖို့ ပို အရေးကြီးသည်။ မရောက်ရောက်အောင် သွားမှဖြစ်မည်။

ဈေးထဲမှာလည်း ထိုအကြောင်း၊ လက်ဖက်ရည်ဆိုင်မှာလည်း ထိုအကြောင်း၊ တစ်အိမ်တစ်အိမ်ကူးသန်း၍ ပြောကြသည်မှာလည်း ထိုအကြောင်း။

သို့ရက်ပိုင်းက ထိုအကြောင်းမှလွဲ၍ အခြား အကြောင်း ပြောစရာမရှိဘိသို့ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးများနှင့် သွားလျှင်ရာကျော်ဘိုးဘိုး စခန်းချရာကို ဖာဝင်အထွက် ခက်မည်။

ကားလမ်းမှ ဖဲ့ဆင်း၍ မြေလမ်းအတိုင်း အတွင်းသို့ ဝင်ရမည်။

ကားလေးများနှင့်မှဖြစ်မည်။

ပါပလီကား၊ ဟိုက်လတ်၊ နံမတ်အနက်နှင့် အငှားလိုက်နေသည့် ကားကလေးများကို အလုအယက်ရှာကြသည်။

နောက်ကျသူများမှာ ကားငှားမရသောကြောင့် တလည်လည်ဖြစ်ကုန်ကြသည်။

ကားအငှားဈေးကလည်း နာရီနှင့်အမျှ တက်ဈေးဖြစ်နေသည်။ ကိုယ့်ဆီကိုယ်ထည့် နှစ်ထောင်သုံးထောင်ဖြစ်သွားသည်။

နောက်ပိုင်း သုံးထောင့်ငါးရာ၊ လေးထောင်အထိ ပေးပြီးငှားကြသည်။

ငွေကြေးက အကြောင်းမဟုတ်၊ ရောက်ဖို့က အကြောင်း။



ကဗျာ-တွေလည်း ရန်ကုန်မြို့ပြင်ရောက်သည်အထိ ပါကုန်သည်။

မနက် နှစ်နာရီထိုး စ,သွားသူများပင်ရှိကြသည်။

သူတို့ကတော့ အတွင်းပိုင်းရောက်သည်အထိ ကားနှင့်စီးလို့ရကြသည်။

ခြောက်နာရီလောက်မှ ထသွားသူတွေက အတွင်းပိုင်းကိုဝင်ဖို့မဆိုထားဘိ ကားလမ်းမကြီးအပေါ်မှာပင် ကားရပ်ထားဖို့ နေရာရှာမရ ဖြစ်ကုန်ကြသည်။

လမ်းမကြီးပေါ်မှာ ကားတွေနှစ်ထပ်ဖြစ်ကုန်သည်။

နောက်ကျသူများကတော့ တစ်မိုင်ကျော်ကျော်မှာ ကားရပ်ပြီး ခြေကျင်လျှောက်ကြရသည်။

အစားအသောက်လည်းပြတ်၊ ရေလည်းပြတ်ဖြစ်ပြီး ဒုက္ခရောက်ကုန်ကြသည်။

ကားဖြန်ထွက်ဖို့ကြတော့လည်း ကားတွေပိတ်ဆို့ပြည့်ပြီး ပြန်ချင်ပါလျက် ပြန်လို့မရ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့များဆို ရာကျော်တိုးဘိုးကိုပင်မတွေ့လိုက်ရဘဲ အပြန်ငိုး နှင်ခဲ့ရသည်။

ချွေးတရွှဲရွှဲ၊ ဖုန်တထောင်းထောင်းနှင့် အစာငတ်ရေပြတ် ဖြစ်ပြီး အတော်ကြီး ကသီကအောင့်ဖြစ်ကြရသည်။

ပြန်လာသူတိုင်းလိုလိုပင် ခြူသံပါအောင်ညည်းကြသည်။

ငွေကုန်လူပန်း ခရီးကြမ်းမှာ ညည်းညူသံများ ပြောမဆုံး ပေါင် တောသုံးထောင်ဖြင့် အဆုံးသတ်သွားသည်။

ဘာမှလည်း မရလိုက်ကြ၊ ဘာမှလည်း မဖြစ်လိုက်ကြ။

ကလေးများ ပြောလေ့ပြောထစကားလို ဘာကြီးမှန်းလဲ မသိဘူးနှင့် အပြီးသတ်လိုက်ရသည်။

ရာကျော်တိုးဘိုးမှာ ဘုရားတည်၊ ပုတီးစိပ်၊ သမထထိုင်၍ အကျင့်စခန်း ဝင်နေသည့် သူတော်စင်တစ်ယောက်ဟု အများ ကပင် အဆင့်ပြုထားသူ၊ အသိအမှတ်ပြုထားခံရသူပုဂ္ဂိုလ်ကြီးပါ။

သူ့အကြောင်းနှင့်သူ၊ သူ့ကိစ္စနှင့်သူ ရှိပါလိမ့်မည်။



သို့ကစေ၊ လူတွေကို ဘာပေးညာပေးတော့ ပေးလိမ့်မည် မထင်၊ တကယ့်သူတော်စင်များမှာထိုသို့သော ဘာညာဘာညာ တွေကို ပေးလေ့မရှိသလို ပေးရိုးထုံးစံလည်းမရှိ။

ခုခေတ်မှာ ပုဂ္ဂိုလ်ထူး ဆိုလိုက်သည်နှင့် ထိုပုဂ္ဂိုလ်ထံသို့ အပြေးအလွှား သွားရောက်ကြစမြဲရှိကြသည်။

ထိုပုဂ္ဂိုလ်၏ ကျင့်ကြံအားထုတ်မှုနှင့် မည်သည့် အတိုင်း အတာအထိ ပေါက်ရောက်နေသည်၊ ဘယ်နည်းဘယ်ပုံ အကျင့် စခန်း ဝင်နေသည်ကို စိတ်ဝင်စား၍ နည်းနာ နိဿရည်းကို လို ချင်သောကြောင့် မဟုတ်ပေ။

ဥုံဖွ ပစ္စည်းအဆောင်၊ အင်းအိုင်ခလှဲ၊ လက်ဖွဲ့ပစ္စည်းများ ရလိုရငြား သွားကြသူက တစ်ရာမှာ ကိုးဆယ့်ကိုးယောက်ဟု ဆိုရသော် လွန်အံ့မထင်။

ပြီးတော့ သူတော်စင် ပုဂ္ဂိုလ်ကြီးများကိုလည်း နာမည် ဖျက်လိုက်ကြသေးသည်။

၈

"ချိန်ပါတ်ပေးသည်ဟု"

နံပါတ်ကိုတော့ တိုက်ရိုက်မပေး။

www.burmeseclassic.com

www.burmeseclassic.com



ဟဆိုပါသူတော်စင်ကြီးများ၊ ပုဂ္ဂိုလ်ထူးများ အမှတ်မထင် ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို အတိတ်ကောက်ယူရသည် ဟု ဆိုကြသည်။

ဥပမာ....

"သွားလမ်းဖြောင့်အောင် ကြိုးစားကြ"

သွားလမ်းဖြောင့်မှ ပြန်လမ်းကောင်းမည်ကို တရားသဘော ဖြင့် ဆင်ခြင်ရန် ပမာပေးပြောဆိုသည်ကို သူတို့က ချဲ့အတိတ် နံပါတ်ကောက်ကြသည်။

သွားလမ်း-ခြောက်၊ ဖြောင့်အောင်-ငါး၊ ကြိုးစားကြ-နှစ်။

၆+၅+၂။

"ကံကောင်းတာကိုဆောင်၊ မကောင်းတာကိုရှောင်၊ ဒုက္ခ ခပ်သိမ်းကင်းဝေးငြိမ်း" ၂

ကောင်းက နှစ်၊ မကောင်းက ငါး၊ ဒုက္ခခပ်သိမ်းက ခုနစ်။

၂+၅+၇။



ချဲ့သမားတွေက အဲသည်လိုမျိုး နိမိတ်အတိတ်ယူ၍ ချဲ့ဂဏန်း ဖော်ကြသည်။

သူတို့က နာမည်အလွန်ကြီးသည့်သက်သတ်လွတ်ဆရာတော် ကြီးကိုပင် အလွတ်မပေး။

ဆရာတော်ကြီးက....။

"သင့်ရာကို သင့်ရုံချင့်ချိန်စား"

ကျန်းမာရေးနှင့်ပတ်သက်သည့် ဩဝါဒပေးခြင်းဖြစ်သည်။

ဒါကို သူတို့က ချဲ့ဂဏန်းဖော်ကြသည်။

၆+၆+၂။

သည်သို့သည်ပုံ အတိတ်ကောက်၍ ချဲ့ဂဏန်း ဖော်ကြပုံကို ရေးရရင် ရေးစရာတွေအများကြီး။

ကုသိုလ်မရ၊ အကုသိုလ်ဖြစ်ကြသည်။

ထားဘိတော့။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုခလောက်က ဟိုးဟိုးကျော် ဟိန်းဟိန်းတောက် ကျော်ကြားသင်ရှား နာမည်ကြီးခဲ့သည့် ဒေသနှင့် ပုဂ္ဂိုလ်ကျော်များအကြောင်းကို သာဓကဆောင်၍ ဖော်ပြရသော်၊

* *

## ( တစ် )

မြေလတ်ပိုင်း၊ မင်းဘူးမြို့၊ မယ်ဘွေကုန်းကျေးရွာ၊

မယ်ဘယ့်ကုန်းဟူ၍လည်း အသံထွက် အခေါ်အဝေါ် ပြုကြသည်၊

ဆရာတော် ဦးပဏ္ဍိတ၊ နောက်တစ်ပါးအမည် ရှိပါသေးသည်၊ အဓိကပုဂ္ဂိုလ်မှာ ဆရာတော်ဦးပဏ္ဍိတဖြစ်ပါသည်၊

ဘိုးထွန်းအောင်၊

စနေသား၊၊

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သုံးဦးတို့၏ ခေတ်စခန်း၊

နာမည်ကျော်ကြား ထင်ရှားခဲ့သည်မှာ ဟိုးဟိုးကျော်၊

ကုန်းတစ်တန်၊ ရေတစ်တန်သွားရသည့် ခရီးကြမ်း၊

သို့တစေ အထက်အောက် မြို့ရွာပေါင်းစုံက သွားသူများ မှာ အုတ်အုတ်ကျက်ကျက်၊

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အစွန်အဖျားကပါ ( ာကြ သည်၊

သည်လောက် ဝေးပေး လံလံက လာကြသည်ကိုလည်း မပြောနှင့်၊

မယ်ဘယ့်ကုန်းသတင်းကလည်း ဟိုးဟိုးကျော်အောင် ကြီး မား ကျယ်ပြန့်သည်၊

ဘိုးထွန်းအောင်တို့၏ အံ့မခန်းအစွမ်းထက်မြက်ပုံ၊ လောကီ ရေးရာ အဖြာဖြာကို ဖြစ်မြောက် အောင်မြင်စေအောင် လုပ် ပေးနိုင်စွမ်းရှိပုံ၊ စသည် စသည်များကို ဖော်ကျူးထားသည့် စာအုပ်ထူကြီးလည်း ထွက်လှာသည်၊



ဘိုးတော်တွေ ခေတ်စားနေသည့်ကာလ၊

မဟိဒ္ဓိစေဂိုဏ်းတွေ နေရာအနှံ့အပြား ပေါ်ပေါက်နေသည့် ကာလ၊

စာအုပ်ကို ရေးသားသူကလည်း နယ်နယ်ရရ မဟုတ်၊ သာသနာရေးဆိုင်ရာ ခရိုင်အဆင့် အငြိမ်းစားအရာရှိကြီး၊

ထိုစာအုပ်ကြီးပါ အကြောင်းအရာများကို ထောက်ခံထား သည့် ပုဂ္ဂိုလ်ကြီးတွေ၊ ပုဂ္ဂိုလ်ကျော်ကြီးတွေ၊

ဆေးလောကတွင် လူသိများသည့် အထူးကုပါရဂူ ဆရာဝန် ကြီးများလည်းပါသည်၊

အငြိမ်းစားယူပြီးသည့် အရာရှိကြီးများလည်း ပါသည်၊

စီးပွားရေး လောက နယ်ပယ်တွင် ထင်ရှား ကျော်ကြား အောင်မြင်နေသည့် ပုဂ္ဂိုလ်ကြီးများလည်းပါသည်၊

သည်တော့လည်း နာမည်မပျက်ဘဲ ဘယ်ခံနိုင်မှာပါ၊

ဘုန်းကြီးဦးပဏ္ဍိတနှင့်ဘိုးထွန်းအောင်တို့ကထွက်မပေါက် ကိစ္စပြီးဆုံးနေသည့် ပုဂ္ဂိုလ်နှစ်ဦး၊

www.burmeseclassic.com

www.burmeseclassic.com



အထက်ဆိုင်ရာများ ညွှန်ကြားချက်အရ နောက်ဆုံးအဆင့်တွင် သတ္တဝါများကို ကယ်တင်ရန် လောက၊ လောကီနယ်ပယ်မှ အပြီးအပိုင်မထွက်ခွာရသေးဘဲ သာသနာပြုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေရသည်။

စနေသားက ဘိုးထွန်းအောင်၏ကိုယ်ပွား။

လောကီရေးအထွေထွေကိစ္စကို လုပ်ပေးနေရသူ။

စာအုပ်ကြီးထဲမှာရော၊ အပြင်စကားများ အဆိုအရရော အံ့မခန်းဖြစ်ရပ်ဆန်းများဟု ပြောရမည်မျိုးများပါသည်။

မယ်ဘဖွဲ့ကုန်း မာတ်စခန်းသို့ ဂျစ်ကားဖြင့် သွားနေစဉ် ဂျစ်ကားတာလပတ်အမိုး အောက်သို့အိကျသွားသည်။

လက်ဖြင့် စမ်းသပ်ကြည့်လိုက်ရာ အမိုးပေါ်တွင် လူ တစ်ယောက် ထိုင်နေသည့်ပုံသဏ္ဌာန်ကို စမ်းသပ်မိသောကြောင့် ခေါင်းပြူ၍ အပေါ်သို့ မော့ကြည့်လိုက်ရာ ဘိုးထွန်းအောင်အား ထင်ထင်ရှားရှားကြီး တွေ့လိုက်ရသည်ဆိုတာမျိုး။

တစ်ခါက မာတ်စခန်းမှ အပြန်ခရီးအတွင် ရှေ့ဂျစ်ကားအဖုံးပေါ်၌ ရုတ်တရက်ပေါ်လာပြီး တင်ပျဉ်ခွေထိုင်လျက် တွေ့လိုက်ရသည် ဆိုတာမျိုး။



ခရီးထွက်တော့မည့်ဆဲဆဲ ဘိုးထွန်းအောင်၏အသံကိုနားထဲတွင် ကြားလိုက်ရသောကြောင့် ဂရုတစိုက် နားထောင်လိုက်ရာ ခရီးထွက်မည့်အချိန်ကို နှစ်နာရီရွှေ့လိုက်ဟု အမိန့်ပေးသံပေါ်လာကြောင်း၊ ခရီးထွက်မည့်အချိန်ကို နှစ်နာရီရွှေ့ပြီး ထွက်ခဲ့သောကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်ဆိုတာမျိုး။

လမ်းဖြတ်တိုက်ပွဲ ဆင်နွှဲရန် စောင့်ဆိုင်း ပြင်ဆင်ထားသည့် ရန်သူများကို အောင်ပွဲ ဆင်လိုက်ရသည် ဆိုတာမျိုး၊ စုံမှစုံ၊ အံ့မခန်းစရာတွေချည်း။

မာတ်စခန်း အပေါ်ထပ်သို့တက်ရန် လှေကားတစ်ခုထည်းသာရှိသည်။ အခြားနေရာမှတက်လာဖို့ရန်ဘယ်လိုမှမဖြစ်နိုင်သည့် အပေါ်ထပ်သို့ လှေကားထစ်မှတက်မလာဘဲ မျက်စိရှေ့မှောက်တွင် ကိုယ်ထင်ပြ ဘွားခနဲ ပေါ်ထွက်လာသည်ဆိုတာမျိုး။

မာတ်စခန်း ဖွင့်ထားသည့် အဆောက်အအုံမှာ ခြေတံရှည် အဆောက်အအုံ။

အတော်မြင့်သည်၊ တွယ်တက်လို့မရ၊

လှေကားထောင်ပြီးတက်မှရသည်၊

www.burmeseclassic.com

www.burmeseclassic.com



လှေကားနှင့်တက်လာလျှင်လည်း ပြတင်းပေါက်မှ ဝင်လာရမည်။

ခု ဝင်လာတာက ပြတင်းပေါက်ကတစ်ဆင့် မဟုတ်သလို လှေကားက တက်လာခြင်းလည်း မဟုတ်၊ မျက်စိရှေ့မှောက် သွားခနဲ ပေါ်လာသည်ဆိုတာမျိုး။

ပျောက်သွားသည့်အခါ အပေါ်ထပ် တစ်ထပ်လုံး အနှံ့အပြား လိုက်ရှာပေမယ့် မတွေ့ရဆိုတာမျိုး။

အထူးကုပါရဂူဆရာဝန်ကြီးတွေက တစ်နှစ်ထက် ပိုမခံဟု ပြောလိုက်သည့် ပြင်းထန်စွာ ခံစားနေရသော ဝေဒနာကို ဘိုးထွန်းအောင်ပေးလိုက်သည့် ရေမန်းသုံးခွက် သောက်လိုက်ရုံဖြင့် ပကတိ လူကောင်းတစ်ယောက်လို ကျန်းမာသွားသောကြောင့် ဝေးလံသော ခရီးကြမ်းကို သွားရောက်၍ ထွက်ရပ်ပေါက် ဆရာတော်ဦးပဏ္ဍိတကို သွားရောက် ဖူးတွေ့ခဲ့ရသည် ဆိုတာမျိုး။

ခွဲစိတ်ရန် သတ်မှတ်ပေးထားသည့် နှလုံးရောဂါဝေဒနာမှာ ဘိုးထွန်းအောင်ပေးသည့် ပန်းသီးတစ်ခြမ်းစားရုံဖြင့် မခွဲမစိတ်ရဘဲ ရောဂါပျောက်ကင်းသွားသည်ဆိုတာမျိုး။



နှစ်ရှည်လများ ခံစားနေရသည့် အစာအိမ် ဝေဒနာမှာ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်တစ်လုံး စားရုံဖြင့် ယူပစ်လိုက်သလို ပျောက်သွားသည် ဆိုတာမျိုး။

စီးပွားပျက်၊ အိမ်ထောင်ရေး အခြေအနေယိုင်ပြီးထောင်ထဲဝင်ရတော့မည့်ဆဲဆဲ၊ မယ်ဘယ့်ကုန်းသို့ ရောက်သွားရာ ဘိုးထွန်းအောင်က လက်နှင့်သပ်ပေးပြီး အင်းတစ်ချပ် ပေးလိုက်ကြောင်း၊ ထိုအင်းကို အဆောင်ထားပြီး လုပ်ငန်း ပြန်လုပ်ခဲ့သည့်နောက် မထင်မှတ်လောက်အောင် စီးပွားရေးလုပ်ငန်းများ ပြန်လည် တိုးတက်လာပြီး၊ အိမ်ထောင်ရေးသာမက အစစအရာရာ အဆင်ပြေသွားသည်ဆိုတာမျိုး။

ဘိုးထွန်းအောင် သူ့အိမ်ကိုကြွလာသည့်နေ့ မယ်ဘယ့်ကုန်းက ပြန်လာသည့်မိတ်ဆွေဖြစ်သူအား ပြောပြရာ မိတ်ဆွေဖြစ်သူမှာ အံ့ဩသွားကြီးဖြစ်ပြီး အဲဒီနေ့က ဘိုးထွန်းအောင်ကို ဓာတ်စခန်းမှာ သူကိုယ်တိုင် တွေ့ခဲ့ရကြောင်းနှင့် သူ့မိခင်ကြီး မျက်စိဝေဒနာအတွက် ဆေးလိမ်းရသည့် ဆေးဘောင့်တစ်ဘောင့်ပင် ပေးလိုက်ကြောင်းဆိုတာမျိုး။

မယ်ဘယ့်ကုန်း ဓာတ်စခန်းမှာ အိပ်ပျော်နေစဉ် ဖျတ်ခနဲ လန့်နိုးသည့်အခါ လက်ထဲမှာ ဓာတ်လုံးတစ်လုံး ဆုပ်ကိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့လိုက်ရကြောင်း၊ တိုက်တော်လုံး ရသည့်ခံနှုန်းကစ်ပြီး ကြဲ့စည်သမျှအောင်၊ လုပ်သမျှဖြစ်နေသည်ဆိုတာမျိုး။

ဘိုးထွန်းအောင်ကို လူဝတ်နှင့် တွေ့ရသလို ရခဲသ အသွင်၊ ဟုန်းကြီးအသွင်နှင့်လည်း တွေ့ရသည်။

တစ်နေ့တည်း အသွင်သုံးမျိုး အပြောင်းအလဲနှင့် တွေ့ရသည်ဟုလည်း ဆိုကြပြန်သည်။

အဲဒီလိုဆိုတာမျိုး အပြောတွေက အများကြီး၊

ကျောက်အောင်ဟာတို့ ရာထူးနှမ်ဆင့်လောက်ကျော်ဘက် သွားတာတို့၊ နိုင်ငံခြားသွားဖို့အစီအစဉ်ပျက်ပြီးမှ အစီအစဉ် အသစ်ဖြင့်ပို့ရှိကောင်းသည့် နိုင်ငံသို့သွားရတာတို့၊ ကျိန်းသေ ပေါက် ရှုံးမည့် အခြေအနေ ရောက်နေသည့်အမှုကြီး ပြန်နိုင် လိုက်တာတို့၊ ပြန်ရလိမ့်မည်ဟု လုံးဝမျှော်လင့်ချက် မရှိသည့် ကြွေးမြီတွေ အကုန်အစင် ပြန်ရလိုက်တာတို့ဆိုသည့်အပြော တွေကလည်း ပေါကြွယ်လှန်းဘိမ်ဟု ဆိုရမည်သို့၊

သဘာဝယုတ္တိတန်သည့်အပြောထက် သဘာဝယုတ္တိမတန် သည့်အပြောတွေ သောသောညံနေကာမှ မယ်ဘယ်ကုန်း



ခံတော်ခနန်းသို့ သွားရောက်မ်းမှာ ဖုန်တထောင်းထောင်း ထနေ သည်၊

မယ်ဘယ်ကုန်းက ပြန်လာသူများကို တစ်ဆင့်တစ်ခင့် ဖော် အဆက်အသွယ်များဖြင့် မေးမြန်း ကြည့်သည့်အခါ ပြောသလောက် မဟုတ်ပါဘူးဟုဆိုသူကို မတွေ့ရ။

အချိန်ကာလက ဘိုးတော် ခေတ်တစ်ခနန်း ထနေသည့် အချိန်ကာလ။

ရန်ကုန်မှာ တပည့်တပန်းတော့ ဝိုင်းဝိုင်းလည်နေသည့်ဂိုဏ်း ဆရာကြီးများ (ဝါ) ဘိုးတော်ကြီးများပင် မယ်ဘယ်ကုန်း ခံတော်ခနန်း မရောက်လိုက်ရမဖြစ်အောင် သွားကြသည်၊

မိုဟ်ဆွေ တစ်ယောက်ပေးလာသည့် စာအုပ်ကြီးကိုဖတ်ပြီး သည့်နောက် စာရေးသူသည် မရိုးမရွဖြစ်လာသည်၊

ပညာဂိုဏ်း၊ ရာသွားဂိုဏ်း၊ ချမ်းသာကြွယ်ဝမှုဂိုဏ် အလုပ် မင်း သာ လွန် သူ များ က ထူးခြားသည့် ကိုယ်တွေ့ အကြောင်းရာများ ရေးထားသည့်ကိုလည်း ဖတ်လိုက်ရ သည်၊

www.burmeseclassic.com

www.burmeseclassic.com



အရေးအပြောနှင့် ဖနေပီတိ ခံစားရသည်ထက် ကိုယ်တွေ့ မနေပီတိခံစားချင်စိတ် တဖွားဖွား ဘက်ကြွလာသည်။

မိတ်ဆွေနှစ်ယောက်ကလည်း သွားဖို့ ပြင်ဆင်နေကြသည်။

သုံးယောက်ပေါင်း လေခင်းကျော်ရန် အတူလိုက်ပါမည် ဟု စကားပါးလိုက်ရသည်။

မယ်ဘယ့်ကုန်း ထူးခြားတာ မထူးခြားတာထား။

မကွေးမြသလွန်နှင့် ရွှေစည်းခုံဘုရားဖူးရမည်။

မင်းဘူး စက္ကထိန်းဘုရားဖူးရမည်။ နဂါးပွက်ရောက်မည်၊ သွားလမ်းလာလမ်းအဆင်သင့်လျှင် ရွှေစက်တော်နှင့်ကျောင်းတော်ရာကို ရောက်မည်။

စရိတ်စက ကုန်ပေမယ့် အရှုံးတော့ မရှိနိုင်။

ဘုရားဖူးရမည်ကို အမြတ်ဟုတွက်ပြီး လိုက်ရန်ဆုံးဖြတ်လိုက်သည်။

အတူသွားမည့် နှစ်ယောက်မှာ ကိုမြင့်သိန်းနှင့် ကိုအောင်ကြီး။



သူတို့နှစ်ယောက်က ရန်ကုန်မြို့တွင်သာမက မြန်မာပြည်တစ်ဝှမ်းလုံးတွင် နာမည်ကြီးနေသည့် ဂိုဏ်းကြီး နှစ်ဂိုဏ်း၏ အဆင့်မြင့် ဆရာအဆင့်ရောက်နေသည့် ဂိုဏ်းအဖွဲ့ဝင်တွေ။

ကျွန်တော်က လေ့လာရေးသမား၊ ရုပ်ဝါဒသမား၊ ပရမတ္ထသမား။

ကိုမြင့်သိန်းက ကျူရှင်ဆရာ။

ဣစ္ဆာသယ၊ ရွှေရင်ကျော်ဂိုဏ်းဝင်။

ကိုအောင်ကြီးက အောဂျီခေါ် ငွေစာရင်းမင်းကြီးရုံးက ရုံးအုပ်။

မဇနစစိတ္တုံဗွါဒ်ဂိုဏ်းဝင်။

ကျွန်တော်က ရုပ်ရှင်လုပ်ငန်းဘွင် ရုပ်ရှင်လက်ထောက် မန်နေဂျာ။

ဖတောက်တစ်ခေါက်၊ စာပေသမား၊

တစ်ရပ်ကွက်တည်းအတူနေကြသလို ခင်မင်ရင်းနှီးလှည်း ရှိသည်။ လက်ဖက်ရည်ဆိုင်ထိုင်၍ လေကန်ဖော် ဆေးကန်ဖက်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာဂိုဏ်းမှ မဝင်သော်လည်း သူတို့နှစ်ယောက် အငြင်းအခုန်လုပ်လေ့ရှိသည့် ဂိုဏ်းဂဏဆိုင်ရာများကိုနားရည်ဝနေသူ။

သူတို့နှစ်ယောက်က သူတို့ဂိုဏ်းအကြောင်းနှင့် ဘယ်သူ့ဂိုဏ်းက ပို၍ထက်မြက်သည်၊ မို၍စွမ်းသည်ကို အားစိုက်ငြင်းခုံလေ့ရှိကြသည်။

ကိုမြင့်သိန်းတို့၏ အေး၊ ပြုး၊ ပွင့်၊ ဟန်၊ ရွှေရင်ကျော်ဂိုဏ်းက သမ္မာပိုရင့်သည်။

ဘိုးတော်အေး၊ ဘိုးတော်ပြုး၊ ဘိုးတော်ပွင့်၊ ဆရာဟန် (ဝါ)ဘိုးတော်ဟန်။

စနစ်တကျ စုစည်းမှုရှိတာကတော့ မနောစိတ္တပြုပ္ပါဒ်ဂိုဏ်း။

တစ်ပြည်လုံး ဂိုဏ်းဝင်များ စုစည်း၍ ဆွေးနွေး နှီးနှော ဖလှယ်သည့် ညီလာခံသဘောမျိုးအထိ လုပ်နိုင်သည်။

ရွှေရင်ကျော်ဂိုဏ်း၏ မြစ်ဖျားခံရာမှာ ဂူရှာသယ၊ မဟိဒ္ဓိစေဂိုဏ်းဖြစ်၏။ မူလဂိုဏ်းတွင် ဘိုးတော်သုံးဦးပဲရှိသည်။



အေး၊ ပြုး၊ ပွင့်၊

မူလအခေါ်မှာ ဆရာအေး၊ ဆရာပြုး၊ ဆရာပွင့်။

နောက်တော့ ဘိုးတော်အေး၊ ဘိုးတော်ပြုး၊ ဘိုးတော်ပွင့် ဟူ၍ ဖြစ်လာသည်၊

ရွှေရင်ကျော်က အားပြိုင်ဂိုဏ်း။

ဂိုဏ်းနှစ်ဂိုဏ်း ကွဲသွားသည့်အလျောက် စုစည်းမှုလည်း အားနည်းသွားသည်။

အခြေခံဂိုဏ်းလုပ်ငန်းစဉ်နှင့် ကျင့်စဉ်နှင့်လုပ်နည်းလုပ်ဟန်များမှာမူ ထူးထူးခြားခြား ကွဲပြားခြားနားမှုမရှိ။

အနည်းအကျဉ်းလောက်သာကွဲလွဲသည်။

အဖွဲ့ဝင်အင်အားမှာမူ ရွှေရင်ကျော်က ပိုတောင့်သည်။

အတူတကွ ခရီးသွားဖော်အဖြစ် လက်တွဲကြမည့် [illegible] ယောက်အနက် သူတို့နှစ်ယောက်ကပို၍ စိတ်ပါဝင်စား[illegible]။ အလေးအနက်ထားသည်။ ကျွန်တော်က သူတို့[illegible]ယောက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မဝင်စားပေမယ့် အဆောင်ကောင်းလေး ဘာလေးရလိုရငြား ဆန္ဒသဘောထားတော့ရှိသည်။

မကွေးမှာ တစ်ညအိပ်ပြီး ဘုရားဖူးကြသည်။

မနက်မိုးလင်းအိပ်ရာထပြီးနောက် လက်ဖက်ရည်ဆိုင်ထိုင်ကြရာတွင် ကိုမြင့်သိန်းက စာရေးသူအား ဦးဘည်ချက်သား၍ သတိပေးစကား ပြောလာသည်။

ယုံတာ မယုံတာအပထား၊ သူတို့ သိသာလောက်အောင် လေ လာ စူးစမ်းတာမျိုးမလုပ်နိုင်ဖို့အကြောင်း၊ သူတို့ကစူးစူးစမ်းစမ်း၊ စပ်စပ် စုစု လုပ်တာ သိပ်မနှစ်သက်သည့် သဘော ရှိကြောင်း ပြောသည်။

ရှစ်နာရီလောက် မင်းဘူးတက်ကမ်းသို့ ကူးခဲ့ကြသည်။

ကိုအောင်ကြီးက သူ၏ မိတ်ဆွေတစ်ယောက် အိမ်သို့ဝင်ပြီးမှ မယ်ဘယ့်ကုန်းကို ခရီးဆက်ကြမည့်အကြောင်း ပြောသည်။

ကိုအောင်ကြီး၏မိတ်ဆွေဖြစ်သူကို အိမ်မှာ အဆင်သင့်ပင် တွေ့ရသည်။



သူနှင့်တက္ကသိုလ်ကျောင်းနေဖက် သူငယ်ချင်း။

မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ကိုအောင်ကြီး၏ သူငယ်ချင်းဖြစ်သူက ပျူပျူငှာငှာလိုက်လိုက်လှဲလှဲ ဝမ်းသာအားရ ဆီးကြိုသည်။

ကိုအောင်ကြီးက မိတ်ဆက်ပေးသည်။

မြို့ခံ၏ နာမည်မှာ ကိုသောင်းမြင့်။

တိုက်၏အခြေအနေနှင့် တိုက်ရှေ့တွင် ဂျစ်ကားတစ်စီး ရပ်ထားသည်ကို ကြည့်ရခြင်းအားဖြင့် စီးပွားရေးအခြေအနေ ကောင်းသည်ဟု ခန့်မှန်းရသည်။

တိုက်က နှစ်ထပ်တိုက်။

ညှော်ခန်း၏ အပြင်အဆင်မှာ ရိုးရိုးပင်။

သူက ဘွဲ့ရပြီးဖြစ်သော်လည်း အစိုးရ ဝန်ထမ်း မလုပ်ဘဲ ကုန်သည်လုပ်ငန်းဖြင့် ကိုယ့်ရပ်မြေမှာပင် အေးအေး လူလူ နေထိုင်နေသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သူငယ်ချင်း နှစ်ယောက် အတူ ကျောင်းနေဖက် သူငယ်ချင်းများ ဘယ်သူဘယ်ရောက်၍ ဘာအလုပ်ကိုင်နေကြသည်ကို မေးမြန်းပြောဆိုနေစဉ် လက်ဖက်ရည်ပွဲရောက်လာသည်။

ကိုသောင်းမြင့်ကိုယ်တိုင် လက်ဖက်ရည်ပန်းကန်များကို ရှေ့အရောက်ချပေးပြီးလက်ဖက်ရည်သောက်ပြီးသည့်တိုင် ကျောင်းနေဖက်များအကြောင်း ပြောနေသည့် သူတို့နှစ်ယောက်မှာ စကားဆက်မပြတ်နိုင်ကြသေး။

အတော်ကြာ ပြောဆိုပြီးမှ စကားဆက်ပြတ်သွားသည်။

သည်တော့မှ ကိုသောင်းမြင့် လာရင်းကိစ္စကို ကိုအောင်ကြီးအား မေးသည်။

ကိုအောင်ကြီးက မယ်ဘယ့်ကုန်းသွားဖို့ ရောက်လာသည့်အကြောင်း ပြောလိုက်ရာ ကိုသောင်းမြင့်ထံမှ "ဗျာ" ဟူသောအာမေဍိတ်သံ ထွက်လာသည်နှင့်အတူ သူ၏ မျက်နှာပေါ်တွင် အံ့ဩရိပ်ထင်ဟပ်သွားသည်။

"ကိုအောင်ကြီးနဲ့ဗျာ၊ ဒီလောက်အဝေးကနေ ဘာဖြစ်လို့"



ကိုသောင်းမြင့်က ပြောလက်စ စကားကို ရှေ့မဆက်ဘဲ ရပ်လိုက်သည်။

ခေတ္တကြာပြီးမှ စကားဆက်သည်။

"အင်းလေ....ဘာပဲဖြစ်ဖြစ်ကောင်းပါတယ်၊ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံကြရတာပေါ့၊ နို့မဟုတ်ရင် ဆုံဖြစ်မှာမဟုတ်ဘူး၊ ကဲ....ကျွန်တော့်အိမ်မှာပဲ တည်းရမယ်၊ ရေမိုးချိုးလိုက်ကြဦး၊ ထမင်းစားသောက်ပြီးမှ သွားကြတာပေါ့"

ကိုအောင်ကြီးက မယ်ဘယ့်ကုန်းသွားဖို့ စိတ်စောနေသည့်အလျောက် ထမင်းအတွက် ဘာမှမစီစဉ်ရန်ပြောပြီး မယ်ဘယ့်ကုန်းကို ခရီးဆက်မည့်အကြောင်း ပြောသည်။

"နေပါဦး ကိုအောင်ကြီးရာ၊ ဘာလို့များ ဒီလောက်အရေးကြီးနေတာလဲ၊ ကျွန်တော်တို့အိမ်ကိုရောက်ပြီးမှ ထမင်းမစားဘဲသွားလို့ ဘယ်ဖြစ်မလဲ၊ မယ်ဘယ့်ကုန်းကိစ္စက အရေးကြီးတာမှမဟုတ်တာ၊ ကဲ....ရေချိုးကြရအောင်"

ကျွန်တော်တို့တစ်တွေက မိုင်းပေါင်း သုံးရာကျော် ခရီးကိုအရေးတကြီးထားပြီး ရောက်လာကြသူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မယ်ဘယ့်ကုန်းခရီးနှင့် ဆယ်မိုင်ဝေးသည့် ဒေသခံပုဂ္ဂိုလ်ကတော့ မယ်ဘယ့်ကုန်းကိစ္စက အရေးကြီးတာမှ မဟုတ်တာဟု ပေါ့ပေါ့တန်တန်စကားမျိုးပြောလိုက်သည်။

"ဗျာ" ဟူသော အာမေဍိတ်သံ။

မျက်နှာပေါ်တွင် အံ့ဩရိပ်ထင်ပျသွားခြင်း။

မယ်ဘယ့်ကုန်းကိစ္စက အရေးကြီးတာမှ မဟုတ်တာ ဟူသော အပြော။

စိတ်ထဲမှာ မရိုးမရွတစ်မျိုးကြီးပဆိုသလို ဖြစ်သွားရသည်။

မေးချင်စိတ်ကို ထိန်းမရတော့၊ မေးလိုက်ရသည်။

"ကိုသောင်းမြင့်ရော မယ်ဘယ့်ကုန်းကို ရောက်ဖူးမှာပေါ့နော်"

"ကျွန်တော်တော့ စိတ်မဝင်စားလို့ မသွားပါဘူးဗျာ"

ကိုသောင်းမြင့် အဖြေပေးပုံက တိပြတ်သည့် ရိုးရိုးစင်းစင်း အဖြေ။



မယ်ဘယ့်ကုန်း ဓာတ်စခန်း၏ ထူးခြားချက်တွေ ကြားမိမကြားမိ မြောင်မေးလိုက်ရသည်။

သူက ဟိုရောက်သည်ရောက်မို့ ဟိုပြောသည်ပြောကြားတာတွေ ရှိကြောင်း၊ ဒါပေမယ့် စိတ်မဝင်စားကြောင်းပြောသည်။

မင်းဘူးက လူတွေကော မသွားကြဘူးလားဟု ထပ်ဆင့်အမေးကို စိတ်ဝင်စားသူ အနည်းအပါး သွားကြတာရှိကောင်းရှိမည်ဖြစ်သော်လည်း အများစုက စိတ်ဝင်တစားမရှိကြောင်း၊ မသွားကြကြောင်းပြောသည်။

"ကိုအောင်ကြီးက အဲ့ဒီသွားဖို့ ကိစ္စနဲ့ လာတာလို့ ပြောလိုက်တော့ ကျွန်တော်တောင် တော်တော်အံ့ဩသွားတယ်"

ကိုသောင်းမြင့်က မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ မျက်နှာပေးဖြင့် အဖြေပေးသည်။

ကလေးတွေပြောသည့် အပြောမျိုးဖြင့် ပြောချရရင် ဘာကြီးမှန်းလဲမသိဘူး ဆိုရမလို။

မိုင်ပေါင်း သုံးရာ လေးရာ ငါးရာကျော်မက ခရီးစဉ်ကို ဖြတ်သန်းလျက် စိတ်ဝင်တစားလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးကလေးသမားတွေကတော့ စိတ်မဝင်စား၊

ဘယ်လိုဟာကြီးပါလိမ့်၊

ရောက်ချင်သူတွေကအနီးလေးခရီးကိုကျော်ခိုင်းပြီး မျက်နှာလွှဲကြသည်၊

စကေတည်းက ယဉ်သကိုဟု ဆိုရမည်သို့ပါလား၊

ထမင်းစားသောက်ပြီး ကိုသောင်းမြင့်ကိုယ်တိုင် သူ၏ ဂျစ်ကားဖြင့် မယ်ဘယ်ကုန်းကို လိုက်ပို့သည်၊

သူက ပို့ပြီးပြန်မည်၊အပြန့်ခရီးကတော့ကိုယ့်အစီအစဉ်နှင့်ကိုယ်၊

ဂျစ်ကားနှင့် သွားကြရင်း စာအုပ်ကြီးထဲမှာ ဖတ်ဖူးသည့်အတိုင်း ဂျစ်ကားခေါင်မိုးပေါ်၊ ဒါမှ မဟုတ် ဘောနက်ပေါ်မှာ ဘိုးထွန်းအောင်များ ပေါ်လာခလုမလားဟု စိတ်ထဲမှာဖြစ်ပေါ်မိသည်ကိုတော့ ဝန်ခံပါရစေ၊

ဖုန်တွေ တထောင်းထောင်းထနေလို့များ ဘိုးထွန်းအောင်ပေါ်မလာလေသလား၊



နာရီကြည့်လိုက်မိသည်၊

တစ်နာရီထိုးရန် ဆယ်မိနစ်၊

ဆုံးဖြတ်ချက်တစ်ခုကို အလောသုံးဆယ်ချ လိုက်ရသည်၊

မယ်ဘယ်ကုန်းကို အလျှော်မဝင်ဘဲ ပတ်ဝန်းကျင်ရွာများသို့ အလျှင်ဝင်ပြီး လေ့လာစူးစမ်းကြည့်မည်ဟု၊

ကိုအောင်ကြီးတို့နှစ်ယောက်ကို မယ်ဘယ်ကုန်းသို့ အရင်သွားကြဖို့နှင့် ကျွန်တော်က မယ်ဘယ်ကုန်းကို ညနေအရောက်လာမည် အကြောင်းပြော၍ မယ်ဘယ်ကုန်း ရောက်ခါနီးတွင် ကိုသောင်းမြင့်အား ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်၍ ဆင်းနေခဲ့သည်၊

ကျွန်တော် ဆင်းနေသည့်နေရာမှာ မယ်ဘယ်ကုန်းကို လှမ်းမြင်နေရသည့် နေရာ၊

နှစ်ခေါ်သာသာလောက်ဝေးသည့်ရွာသို့ရောက်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော်လောက်ရှိမည့် အိမ်ရှေ့ကပြင်တွင် ထိုင်နေသည့် ရွာသားကြီးတစ်ယောက်နှင့်တွေ့သည်၊

မယ်တယ် ကုန်းသို့လာရင်း သည်ဘက်ရွာကိုမရောက်ဖူးလို့ လာလည်သည့် အကြောင်းပြော၍ စီးကရက်ထုတ် တည်ပြီး စကားစမြည်ပြောကြည့်ရသည်။

"လာတဲ့လူတွေကတော့ အများကြီးပဲ၊ ကျုပ်တို့လဲ နှစ်ခေါက်လောက်တော့ ရောက်ပါတယ်၊ ဘာမှ သိပ်ထူးထူးခြားခြားမတွေ့လို့ နောက်ပိုင်း မသွားတော့ဘူး"

"ဘိုးထွန်းအောင်ကိုကော တွေ့ဖူးသလား"

"တွေ့ဖူးပါတယ်၊ သူက ကျွန်တော်တို့ ဒေသကမဟုတ်ဘူး၊ မော်လမြိုင်ဘက်က ထရုတ်ကပြားလို့ ပြောတာပဲ"

"ခင်ဗျားတို့ရွာကလူတွေကော မသွားကြဘူးလား"

"သွားတဲ့လူလဲရှိပါတယ်။ တော်တော်များများကတော့မ သွားကြပါဘူး"



အသက်ခြောက်ဆယ်ကျော်အရွယ်ရှိ ရှေ့မီနောက်မီဦးကြီး တစ်ယောက်နှင့် တွေ့ပြီး မေးမြန်းခဲ့သည်၊

"ပြောတော့ ပြောကြတာပဲ၊ ကျုပ်တို့ကတော့ ဘာသိ ဘာသာပဲနေတယ်၊ လူတွေဘာရှုပ်ရှုပ်မို့ မျက်စိနောက်လို့ မသွားပါဘူး၊ ကျုပ်တို့သွားလဲ ဘယ်သူ့ကမှ အရေးမစိုက် ပါဘူး၊ သရိုးပုတီးတို့ ပန်းသီး ခေတ်လုံးတို့ ဆေးဝါးဘို့ ပေးတယ်ပြောတာပဲ ကျုပ်တို့အနီးအနားက လူတွေကတော့ တစ်ခါမှ မရဖူးပါဘူး"

ဦးမှန်က ဤသို့ပြောလိုက်သည်၊

နောက်တစ်ရွာရောက်တော့လည်း ထိုနည်းလည်းကောင်း ပါပဲ။

သိပ်စိတ်ဝင်စားသည့်ပုံမျိုး မတွေ့ရ။

ပြောကြတာပဲဆိုသည့်အပြောကိုသာ စိတ်မပါတပါပြော ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပါလိမ့်။

ခြေလှမ်းတစ်ရာ တစ်ရာ့ငါးဆယ်လောက် လှမ်းရုံဖြင့် နေ့ရော ညပါ အချိန်မရွေး တသွား ထလာ လုပ်နိုင်သူတွေက စိတ်ဝင်စားသည့်ပုံစံမပြ၊ ထူးခြားတာကတော့ တကယ့်ကို ထူးခြားပါသည်ဆိုသည့် လေသံထွက်မလာ။

ဘယ်လိုဟာပါလိမ့်။

ဒါကိုက ကျွန်ုပ်အဖို့ စိတ်ဝင် စားစရာ ဖြစ်ရသည်။

ထို့ကြောင့်လည်း မင်းဘူး-ကျဲမြင့်သောင်းက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ အမူအရာ ပြလိုက်လေသလားမသိ။

ညနေဖလေးနာရီသာသာလောက် မယ်ဘယ့်ကုန်း ခတ် စခန်းသို့ ရောက်သွားသည်။

ခတ်စခန်းရောက်တော့လည်း ပရိသတ်က များသလား မပြော နှင့် ချောင်ချောင်ချိချိထိုင်ဖို့ရာမရှိ။

"နီမသောင်"ဟု ဘွဲ့မည် ပေးထားသည့် စေတီကို တွေ့ရ သည်။



"နီမသောင်"၏ အဓိပ္ပာယ်မှာ "နောင်မှသိ"

နီမသောင် နောင်မှသိအမည်ပေးထားပုံကသည်း တစ်မျိုး။

ခုမှသိ နောင်မှသိရမည်ဆိုသည့်သဘော သေလား။

ဘာပဲဖြစ်ဖြစ် စေတီပုထိုးဆိုသည်မှာ ရှိခိုးဦးချ ထိုက် သည်ဟူသော မိရိုးဖလာအစွဲ ရှိသည့်အတိုင်း ဦးသုံးကြိမ်ချ လိုက်ရသည်။

ကျွန်တော်တို့ရောက်စဉ်က တွေ့ရသည့် ဘိုးတွန်းအောင်မှာ ပိတ်ဖြူစင်ကြယ်နှင့်၊

လည်ပင်းမှာ ချောမွေ့နက်ပြောင်နေသည့် အလုံးကြီးကြီး ပုတီးတစ်ကုံးဆွဲထားသည်။

ညာဘက်လက်မှာ အလုံးသေးသေး ပုတီးတစ်ကုံး ပတ် ထားသည်။

ရင့်ကျက်သော ဏ္ဍခြေကို ဆောင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ပြုံးဟန်မှာ-သိက္ခာပြုံး၊ သမာဓိပြုံး။

စကားသိပ်မပြော။

အပေါ်ထပ်ဘုရားခန်း၊ ဘုရားစင်ရှေ့တွင် တည်တည်ငြိမ်ငြိမ်ထိုင်နေသည်။

ထုံးစံနှင့်အညီ ပွဲများကိုလည်း ပြင်ဆင်ထားသည်။

အောက်ထပ် ဓာတ်စခန်း အဝန်းအဝိုင်းတွင် ဝေယျာဝစ္စ လုပ်နေသူ လေးငါးယောက် တွေ့ရသည်။

သူတို့က စကားမပြောလိုသည့် ဟန်ပန်အမူအရာ ဆောင်ထားသည်။

ဟိုသွား၊ သည်သွား သွားလာလှုပ်ရှားနေသူများကို အကဲခတ်သောအကြည့်မျိုးဖြင့် ကြည့်ကြသည်။ သဘောမကျသည့် အမူအရာပြုကြသည်ကိုလည်း အကဲခတ်မိသည်။

ရောက်လာသူအများစုမှာမူ ဓာတ်စခန်း အပေါ်ထပ်တွင် ငြိမ်ငြိမ် သက်သက် နေကြသူများသည်။



ပုတီးစိပ်ကြသည်။

သမထအာရုံယူသည့်ပုံစံမျိုးဖြင့် ထိုင်ကြသည်။

စကားကိုပင် ကျယ်ကျယ်လောင်လောင်မပြောကြ၊ တိုးတိုးသက်သာပြောကြသည်။

စည်းကမ်းသတ်မှတ်ချက်ရှိ၍လား၊ ကိုယ့်အသိနှင့် ကိုယ်ပဲလားဆိုသည်ကိုတော့မသိ။

ကျွန်တော်ကမူ ရောက်ကတည်းက အငြိမ်မနေ။

ခြေတံရှည် ဓာတ်စခန်း အဆောက်အအုံကိုပတ်ချာလှည့်၍ စေ့စေ့စပ်စပ် လိုက်ကြည့်သည်။

လူတစ်ယောက်အောက်ကနေ မတ်တတ်ရပ်ပေးထားလျှင် ထိုသူ၏ ပခုံးပေါ်မှဘစ်ဆင့် အပေါ်ထပ်သို့ရောက်နိုင်မရောက်နိုင်။ ဘုရားခန်းအောက်ဘက်တွင် ဝှက် အံထိုး အံဖုံးမျိုး ရှိမရှိ၊ နောက်ဘက်တွင် အံ့ဆိုးအပေါက်မျိုး ရှိမရှိ၊ စူးစူးစိုက်စိုက်၊ စူးစမ်းလေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လေ့လာနေစဉ် လူတစ်ယောက်အနား ရောက်လာပြီး၊ သူတို့စခန်းကွင်းဒီလိုသွားသွားလာလာ လှုပ်လှုပ်ရှားရှား မနေဖို့လာပြောသည်။

သူပြောပုံက ဝိုတိုပြတ်ပြတ်၊

ဘာကြောင့် ညာကြောင့်လို့ မေးရန် မသင့်သောကြောင့် ဟုတ်ကဲ့ပါဟု ပြန်ပြောလိုက်ရသည်။

အပေါ်ထပ်သို့ပြန်တက်ခဲ့ရသည်။

(* * *)

အပေါ်ထပ်တွင်မှု အားလုံးပင် ငြိမ်ငြိမ်သက်သက်ရှိနေကြသည်။

ဦးပက္ကိုတကြွလာမည်ကို စောင့်မျှော်နေကြခြင်းဖြစ်၏။

ဦးပက္ကိုတက နေ့တိုင်း မကြွ။



ကြွချင်သည့်နေ့မှ ကြွသည်။

ဦးပက္ကိုတကြွချိန်မှာ မနက်အရုဏ်ဘက်ချိန်နှင့် ညဦးပိုင်းတွင် ဖြစ်သည်။

အချိန်မှန်မရှိ။

ကြွလာရင်ဘုရားခန်းမှာ ရုတ်တရက်ပေါ်လာသည်၊ ပြောစရာရှိတာပြောဟောစရာရှိတာဟောပေးပြီးပြန်ကြွသွားသည်။

အနီးကပ်ဖူးခွင့်မရသလို လျှောက်တင်စရာရှိသည်ကိုလည်း လျှောက်တင်လို့မရ။

တိုက်ရိုက် ဆက်သွယ်ခွင့်ရှိသူမှာ ကိုးထွန်းအောင်နှင့် စနေသား။

သူတို့အပြောအရတော့ စနေသားဆိုသည်မှာလည်း တခြားမဟုတ်၊ ဘိုးထွန်းအောင်ပဲဖြစ်သည်ဟု ပြောကြသည်၊

ကျွန်တော်တို့ရောက်သွားသည့်အချိန်တွင် စနေသားဆိုသူကို မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီထိုးရန် ငါးမိနစ်အလိုတွင် ဦးပဏ္ဍိတ ကြွလာသည်။

ဆရာတော် ကြွလာတော့မည်ဖြစ်၍ လက်အုပ်ချီပြီး အာရုံပြုကြရန် ဘိုးထွန်းအောင်ကပြောသည်။

ဦးပဏ္ဍိတ ကြွလာပြီ။

မှန်အိမ်ထွန်းထားသည့် တိုင်ဖိုးအကွယ်တွင် တစ်ဝက်ပေါ်ရပ်နေသည်။

သင်္ကန်းဝတ်ထားသော်လည်း သင်္ကန်းကို ခေါင်းမြီးခြုံ၍ သင်္ကန်းစဖြင့် နှာခေါင်းဖုံးအောင် ပတ်ထားသည်။

မျက်လုံးလောက်ကိုသာ မြင်ရသည်။

မျက်နှာအနေအထား ဘယ်လို ပုံသဏ္ဌာန်ရှိသည်ကို လုံးဝနီးပါး မမြင်ရ။

မသဲမကွဲပုံရိပ်တစ်ခုကို တွေ့နေရဘိသို့သာ ရှိချေသည်။

သီလပေးသည်။ ရှစ်ပါးသီလ။



သီလပေးပြီးနောက် ဆုတောင်းစကားပြောသည်။

"ကောင်းတဲ့စိတ်ကိုမွေး၊ မေတ္တာကိုရှေ့ထား၊ ဘေးကင်းရန်ကွာရှိကြစေ"

ထို့မျှသာ။

နောက် လက်ကိုမြှောက်လိုက်တာ တွေ့လိုက်ရသည်။

ဆေးလုံးကလေးများကို ပရိတ်သတ်ခေါင်းပေါ်သို့ ဖြန့်ကြဲပေးသည်။

သုံးကြိမ်ဖြန့်ကြဲပေးသည်။

လက်အုပ်ချီပြီး မျက်စိကိုမှိတ် ဘုရားကိုအာရုံပြု။

ကျွန်တော်ကတော့ မျက်စိမမှိတ်ဘဲ မှေးရုံမှေးပြီး ကြည့်နေလိုက်သည်။

ဘေးသို့လှည့်၍ အတွင်းဘက်သို့ဝင်သွားသည်။

"ဘုရားကိုအာရုံပြုရင်း သက်သာသလိုနေကြပါ"

www.burmeseclassic.com

www.burmeseclassic.com



မည်သူက ပြောလိုက်သည်မသိ၊ အသံတစ်သံထွက်လာသည်၊

ဦးပဏ္ဍိတ ပြန်ကြွသွားပြီ၊

ဘိုးထွန်းအောင်က ဖလားကိုကိုင်မြှောက်၍ "ဥုံသိဒ္ဓိအောင်" ကိုးကြိမ်ရွတ်သည်၊

ဖလားကို သူတို့ထဲမှတစ်ယောက်ကို ပေးလိုက်သည်။

သရိုးပုတီးတစ်ကုံးစီလိုက်ပေးသည်။

ဖလားထဲသို့ အလှူငွေများထည့်ကြသည်။

ပုတီးဝေငှပေးခြင်းနှင့် အလှူငွေထည့်သည့်ဘက်သို့ အာရုံရောက်သွားသောကြောင့် ဘိုးထွန်းအောင်ကို သတိမထားလိုက်မိ၊

သတိရ၍ ကြည့်လိုက်သည့်အခါ ဘိုးထွန်းအောင်ကို မူလထိုင်နေသည့်နေရာတွင် မတွေ့ရတော့၊

မီးထုံကူး၍ထွက်ရပ်ပေါက်သွားသော ဦးပဏ္ဍိတကိုယ်တော်နှင့် တွေ့ဆုံခဲ့ရပုံမှာ ထိုမျှသာ၊



မန်းချက်နှင့် နှမ်းထွက်မကိုက်သည့်ခရီးမှာ အပြန်တွင် မွှေးကြိုင်နေသည့် လျှာပွတ်ဆေးအရွယ် ဆေးလုံးလေး နှစ်လုံးနှင့် သရိုးပုတီးတစ်လုံးသာ ရခဲ့ပါသည်။

သူတို့အဆိုအရ ဦးပဏ္ဍိတမှာ ထွက်ရပ်ပေါက်သွားသော်လည်း သာသနာပြုလုပ်ငန်းများ ဆက်လုပ်ရန်၊ သတ္တဝါများအား ကယ်တင်ရန်နှင့် ဘိုးတွန်းအောင်ကိစ္စ မပြီးသေးသောကြောင့် ကိစ္စပြီးစေရန် ကြပ်မတ်ဖို့ လှာရောက်နေခြင်းဖြစ်သည်ဟု အလွန်အမင်းယုံကြည်သူများက ပြောကြသည်ကို ကြားခဲ့ရသည်။

ဦးပဏ္ဍိတက ခေါင်းမြီးခြုံ၍ နှာခေါင်းကို ပိတ်ထားခြင်းမှာ လူတွေနှင့် နီးနီးစပ်စပ်မတွေ့ဆုံခြင်းမှာ အကြောင်းရှိသောကြောင့်ဟု ပြောကြသည်။

သူတို့အပြောအရ ထွက်ရပ်ပေါက်စခန်း ပြီးဆုံးသွားသော ပုဂ္ဂိုလ်များသည် လူတို့၏အနံ့အသက်ကိုမခံနိုင်၊

ကိလေသာနှင့် ရစ်ထွေးနေသည့် လူသားတို့၏ အနံ့အသက်မှာ သူတော်စင်တို့နှင့် စပ်အပ်လို့မရ၊

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် လူတို့နှင့် ဝေးရာမှာနေပြီး နှာခေါင်းကို ပိတ်ထားရခြင်းဖြစ်သည်ဟု ပြောကြသည်၊

ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး၊ ဘားမဲ့ဆရာတော်၊ ရက်ကန်းစင်တောင် ဆရာတော်၊ ဘိုးဘိုးအောင် စသော ရာဇဝင် အစဉ်အလာနှင့် ထွက်ရပ်ပေါက် သူတော်စင် ပုဂ္ဂိုလ်ကြီးများသည် လောကအတွင်းသို့ တစ်ဖန် ပြန်လည်၍ ဆက်နွယ်မှု ရှိသည်ဟု မကြားဘူးပေ၊

ဟုတ်သည် မဟုတ်သည်ထား၊ ခုတော့ ကြားဖူးရပြီ၊

နောက်ပိုင်းတွင် စနေသား ရန်ကုန်သို့ မကြာခဏ ရောက်လာသည်၊ သူတို့အဆို ကြွလာသည်ဟု ကြားနေရသော်လည်း မတွေ့ဖြစ်တော့ပေ၊

ရန်ကုန်သို့ ရောက်သည့်အခါ ယုံကြည်ကိုးကွယ်သူများနှင့် တွေ့ဆုံလေ့ရှိသည်၊ လမ်းနှင့်တိုက်ကို အတိအကျသိသော်လည်း ဖော်ပြရန်မလိုအပ်သောကြောင့် မဖော်ပြတော့ပါ၊

စကား ဆိုသည့်အတိုင်း ကားပြီး ပြောကြဆိုကြတာတွေက တော့ အများကြီး၊



ရန်ကုန် ရောက်သည့်အခါ လာရောက် ကြည်ညိုသူများအတွက် ပြန်လှန်ပေးသည့် အဆောင် လုပ်နည်း လုပ်ဟန်မှာ တစ်မျိုး၊

လက်ကိုင်ပဝါ အသစ်များ ယူဆောင်လာ၍ စနေသား စတည်းချသည့် မြို့လယ်ကတိုက်ကို သွားရသည်၊

စနေသားထံသို့ လာရောက်ကြသူများမှာ စနေသားအား ကန်တော့ပြီး ယူဆောင်လာသည့် လက်ကိုင်ပဝါများကို စနေသား စခန်းချသည့် တိုက်ရှင်မှတစ်ဆင့် ပေးရသည်၊

စနေသားကလက်ကိုင်ပဝါကို သူ့ပါးစပ်နားကပ်၍ [illegible] ပေးသည်၊

မန်းမှုတ်ပြီးသည့်နောက် စနေသားက လက်ကိုင်ပဝါဖြင့် သူ၏မျက်နှာကို ပွတ်သုတ်သည်၊

ပြီးလျှင် ပြန်ပေးသည်၊

ပြန်ပေးသော လက်ကိုင်ပဝါတွင် ထူးခြားသော [illegible] တစ်မျိုး စွဲထင်လာသည်ဟု ပြောကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



အာငွေ့ပေးခြင်းနှင့် မျက်နှာကိုပွတ်သုပ်ပေးခြင်းမှာ စာတ်ကူးပေးခြင်းဖြစ်သည်ဟု အယူစွဲရှိကြသည်၊

လိုစာတ်ကူးပေးသည့် လက်ကိုင်ပဝါကို မသန့်ရှင်းနေရာနှင့် နာရေးကိစ္စများ သွားသာရာမှအပ အခြဲ ဆောင်ထားလျှင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စဟူသမျှတွင် လိုရာပြီးမြောက် ခရီးရောက်သည်ဟု ယုံကြည်ကြသည်။

လက်ကိုင်ပဝါ ပေးသူများက ငွေဖလားကြီးထဲသို့ တစ်ရာ တစ်ဆယ့်တစ်ကျပ်သော ငွေစက္ကူကို ထည့်ဝင်ရသည်။

ထိုထက်လျော့၍မရ၊ ထိုထက်သာလျှင်ရှိသည်။

ကိုယ်ကလိုချင်လျှင် ပေးရသည်မှာ နိယာမသဘောဟု ဆိုရမည်ပါ။

ခုကောလည်း မယ်ဘယ်ကုန်းကို သွားသူရှိသေး၊

မယ်ဘယ်ကုန်းအကြောင်းကိုလည်း မပြောကြတော့၊

ဦးပဏ္ဍိတတို့၊ ဘိုးတွန်းအောင်တို့၊ စနေသားတို့အကြောင်း ပြောကြဆိုကြသည့် အသံများထည်း တိတ်ဆိတ်သွားလေပြီ။



ဟိုးဟိုးကျော် ဟိန်းဟိန်းထောက်ခဲ့၊ နာမည်ကြီးခဲ့သည့် ပုဂ္ဂိုလ်ကြီးများ တကယ်ပဲ ထွက်ရပ်ပေါက်သွားလေပြီလား။

ဒါမှမဟုတ်....

လမ်းလျှောက်ဝိဇ္ဇာပဲ ဖြစ်သွားလေပြီလား ဆိုသည်ကိုမူ....

အကြံအဖန်သည် တစ်ခဏ၊

အမှန်အကန်သည်သာ ထာဝရ၊

ဤသို့ပဲဆိုရလိမ့်မည်ဟုသာ၊

* * *

www.burmeseclassic.com

www.burmeseclassic.com

( နှစ် )

ထိုထိုသော ဘိုးဘော်များထက် ထူးခြားသော ဘိုးတော် တစ်ယောက်လည်းပေါ်ဖူးသည်ကို တွေ့မိသိရှိလိုက်ရသည်။

နေရာဌာနက ကြည့်မြင်တိုင်ဘက်မှာ၊

နေရပ်လိပ်စာ မိဘအမည်၊ကဒသေးအမည်များကိုမူ အတိ အကျမဖော်ပြတော့ပါ၊

ဘိုးတော်လေး မောင်စိန်၏အသက်မှာ ကိုးနှစ်၊

မူလတန်းကျောင်းသားအရွယ် ဘိုးတော်လေးပေါ့၊

ဘိုးမင်းခေါင်စောင်စီးပြီး အကြားအမြင်ပေါသည်၊



ဘိုးမင်းခေါင်က မိဘများအား အိပ်မက်သုံးကြိမ် ပေး၍ ပြောသည်၊ ခေတ်ဆက်ရှိသော မောင်စိန်ကို ခေတ်ကူး ပေး သည်ဟူ၊

အိပ်မက်နှစ်ကြိမ်ပေးသည့်အထိ မိဘများကဘာမှမလုပ်ဘဲ နေကြသည်၊

သုံးကြိမ်မြောက် အိပ်မက်ပေးသည့်အခါတွင်မူ ပွဲထိုး ရမည်၊

မောင်စိန်ကို ခြောက်လပြည့်နေ့တွင် ရှင်ပြုပေးရမည်၊

ရှင်ပြုရန်အတွက် ငွေကြေးကို မောင်စိန်က ပေးလိမ့်မည်၊

ထိုငွေကို ရှင်ပြုရန်အတွက်မှတစ်ပါး အခြားကိစ္စများတွင် မသုံးစွဲရ၊

အဲဒီလို အတိအကျအိပ်မက်ပေးသည်၊

ထိုသို့အိပ်မက်ပေးပြီး၊ ငါးရက်မြောက်နေ့တွင် မောင်စိန် က သူ့အတွက် ပုတီးဝယ်ပေးရမည်ဟု ပြောခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ပုတီးဝယ်ပေးရန် ပြောသည်မှာ သားကမိဘကိုပြောသည့် ပုံစံမျိုးဖြင့် ပြောခြင်းမဟုတ်၊ ဖခင်ဖြစ်သူအားအမိန့်ပေးသည့် ပုံစံဖြင့် ပြောသည်။

ဖခင်၏အမည်မှာ ကိုအောင်ခင်။

အလုပ်အကိုင်က သုံးဘီးဆွေးမောင်းသည်။

ကိုအောင်ခင်မှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်သော်လည်း နံနက်အိပ်ရာထ၊ အိပ်ရာဝင် ဘုရားရှိခိုး သည်မှလွဲ၍ အခြားသော ဘာသာရေးနှင့်ဆိုင်ရာ ပြုဖွယ်များ ကို ပြုလုပ်လေ့မရှိ။

မိသားစုခြောက်ယောက်၏ စားဝတ်နေရေး ပြေလည် စေရန်အတွက် သုံးဘီးမောင်းပြီး ရှန်းကန် လှုပ်ရှား နေရ သည်။

သူ၏ဝင်ငွေမှာ အပိုအလျှံမရှိ။

မိသားစုလောက်ငှဖို့ကိုပင် မနည်းကြိုးစား ရှာဖွေနေရ သည်။



သားသမီး သုံးယောက် ရှိသည်။

အကြီးနှစ်ယောက်က မိန်းကလေး။

တတိယအကြိမ်အိပ်မက်ပေးပြီး ငါးရက်မြောက်နေ့မနက် တွင် သားဖြစ်သူ မောင်စိန်က သူ့အား တစ်ခါမှမခေါ်ဝေါ် ဖူးသည့် အခေါ်အဝေါ်ဖြင့် ခေါ်ပြီး ပြောသည်မှာ ဤသို့....

"ဟေ့....အောင်ခင်၊ ဒီနေ့ကားထွက်ပြီး ပြန်လာရင် ငါ့အတွက် ပုတီးတစ်ကုံးဝယ်ခဲ့၊ ဆက်ဆက်ဝယ်ဖြစ်အောင် ဝယ်ခဲ့"

"ဖေဖေကြီး သားအတွက်"ဟူ၍သာ သူလိုချင်သည်ကို ပြောကတ်သည်။

ခုလို ခေါ်ပုံပြောပုံမျိုး တစ်ခါမှ မပြောဖူးခဲ့။

သူလည်း တအံ့တဩဖြစ်သွားသည်။

ချက်ချင်း အိပ်မက်ကို သတိရပြီး၊ ဘာမှ မပြောတော့ ခေါင်းညိတ်ပြီး အိမ်မှထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အုန်နာအိမ်မှာ ကားထုတ်ပြီး ထွက်လာလာချင်း လမ်းထိပ်မှာ ခရီးသည်နှင့် အဆင်သင့်သွားတိုးသည်။

ခရီးသည်ငှားသည့်နေရာက ရွှေတိဂုံဘုရားကို။

တောင်းသည့်ကားခကို တစ်ပြားတစ်ချပ်မှ မဆစ်။

ကားရှားသည့် ခရီးသည် အမျိုးသမီး နှစ်ယောက်မှာ ပြောသည့်ဈေးနှင့် ကားပေါ် တက်လိုက်ကြသည်။

သူ၏ကားမောင်းသက်တမ်းတွင် တစ်ခါမှ မကြုံဖူးသည့် အဖြစ်ဟု ဆိုရမည်။

တောင်းသည့်ကြေးကိုမဆစ်ဘဲလိုက်သည့်ခရီးသည်အခဟာ ရှားသည်။

သူတို့ ကားမောင်းသူများမှာ ဈေးဦးလှန်မှာကို ကြောက်ကြသည်။

ဈေးဦးလှန်ရင် တစ်နေ့လုံး ကားဆွဲလို့မကောင်း။

အများကတော့ အဲဒီလို အယူအဆရှိကြသည်။



ထို့ကြောင့်လည်းသူကဈေးဦးမလှန်အောင်အပိုမတောင်းသည့်ထုံးစံဈေးပဲ တောင်းလိုက်သည်။

တောင်ဘက်မုခ်သို့ ပို့ရသည်။

ကားခက တစ်ဆယ့်ငါးကျပ်။

ခရီးသည်အမျိုးသမီးကြီးက တစ်ဆယ်တန်နှစ်ရွက် ထုတ်ပေးသည်။

သူက ငွေငါးကျပ်ပြန်အမ်းရန် အိတ်ထဲသို့ပိုက်ဆံနှိုက်မည်အပြု အမျိုးသမီးကြီးက "နေပစေပြန်မအမ်းနဲ့တော့၊ ကလေးမုန့်ဖိုးပေါ့ကွာ" ဟု ပြောပြီး စောင်းတန်းမှ ဘုရားပေါ်တက်သွားကြသည်။

သူလည်း ချက်ချင်း သားဖြစ်သူမှာလိုက်သည်ကို သတိရသောကြောင့် စောင်းတန်းသို့ဘက်ပြီး ပုတီးဆိုင်မှ ပုတီးတစ်ကုံး ဝယ်လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား မသိ၊

ဝယ်လိုက်သည့် ပုတီးတန်ဖိုးမှာ ငါးကျပ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမုန့်ဖိုးဟု ပြောပေးသွားသည့် ငွေပိုငါးကျပ်မှာ သူ့သားမှာလိုက်သည့် ပုတီးဖိုး ဖြစ်သွားသည်။

ထိုနေ့က ကားဆွဲရသည်မှာ ခါတိုင်းထက် အဆင်ပြေသည်။ အိမ်အပြန် မျက်နှာပန်းသာလောက်အောင် ဝင်ငွေရသည်။

သူ၏သားငယ် မောင်စိန်လေးလည်း နောက်နေ့က စပြီး ပုတီးစိပ်သည်။

သားဖြစ်သူအား ဘာစိပ်သလဲဟု မေးကြည့်သည့်အခါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ သရဏဂုံ သုံးပါး ရွတ်ဆို၍ ပုတီးစိပ်သည်ဟု ပြောသည်။

ဒါကတော့ ကိုအောင်ခင်၏အပြော။

"နောက်ပိုင်း ဘာတွေဖြစ်သလဲဆိုတာ ဆက်ပါဦး"

ထို့နောက် ရပ်ကွက်ထဲမှ အမြဲတမ်း ဘုရားတက် ပုတီးစိပ်သည့် ဓမ္မာရုံလူကြီး ဦးလှမင်းကို ကိုအောင်ခင်က ထိုအကြောင်း ပြောပြသည်။

ဘာဆက်လုပ်ရမည်ကို အကြံဉာဏ် တောင်းသည်။



ဘိုးမင်းခေါင်ပုံ အကြီးတစ်ပုံဝယ်၊ အမွှေးနံ့သာပက်ဖျန်းပြီး နေ့စဉ်ပန်းဆက်၊ ဖယောင်းတိုင်ငါးတိုင်ထွန်းပေး၊ တတ်နိုင်ရင် ဘိုးမင်းခေါင်အတွက် ရည်စူးပြီးပွဲထိုး၊ သူတို့လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေလာလိမ့်မည်ဟု ဦးလှမင်းက ပြောလိုက်သည်။

သူတို့ကလည်း ထူးခြားမည်ဆိုသောကြောင့် လုပ်ကြသည်။

မောင်စိန်လေးက သူတို့အိမ်သို့ ဝင်ထွက်နေသူ ဇနီးဖြစ်သူ၏ အပေါင်းအသင်းများကိုမမေးဘဲနှင့် စီးပွားရေး၊ ကျန်းမာရေးကိစ္စများကို နှစ်ခွန်း၊ သုံးခွန်း ပြောသည်။ ဟောသည်။

မေးတိုင်းလည်း မပြော၊ သူပြောချင်မှပြောသည်။

ထိုအကြောင်း တစ်ဆင့်စကား တစ်ဆင့်နားပေါက်ပြီး သတင်းပျံ့လွင့်သည့် ဈေးသည်များ၏ နှုတ်ဖျားသို့ ရောက်သွားသည်။

ထိုသတင်းစကားမှာ နယ်ကျော်သို့တိုင် ပျံ့လွင့်သွားပြီး ဟိုအရပ် သည်အရပ်က အမေးအမြန်း ပြုလိုသူများပါ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်လေးက တည်တည်ငြိမ်ငြိမ် မနေတတ်သေးသည့် ကလေးအရွယ်။

ကျောင်းမသွားခင် အပေါင်းအဖော်များနှင့် ကစားသည်၊ ကျောင်းက ပြန်လာတော့လည်း ကစားသည်။

မေးချင် မြန်းချင်သူတွေက လာကြသည်။

မိခင်ဖြစ်သူက သားဖြစ်သူကို ခေါ်ရသည်၊

မောင်စိန်လေးက ခေါ်တိုင်းမလာ၊

လာပြန်တော့လည်း ဟောချင်မှ ဟောသည်။

မေးမြန်းရန်လာသူများက စိတ်ရှည်ရှည်ဖြင့် စောင့်ရသလို တစ်ခါတည်းလာရုံမျှနှင့် ကိစ္စ ပြီးချင်မှပြီးသည်။

အဲဒါကိုပဲ ထူးသည်ဟု ဆိုကြသည်။ —

အဟောအပြောကလည်း ဟုတ္တိပတ္တိမဟုတ်။ —

သူ့ပါးစပ်ထဲတွေ့သလို နှစ်ခွန်းသုံးခွန်းပြောပြီး ပြီးရော၊

ငွေကြေးတော့မယူ၊ ဖယောင်းတိုင် တစ်ထုပ်ပဲယူသည်။ ယူတော့ကလည်း ဟုတ်သည်မဟုတ်သည်အပထား၊ လာမေးကြသည်။



တချို့ကလည်း ဖယောင်းတိုင် တစ်ထုပ်အပြင် မုန့်ဖိုးဆိုပြီး တစ်ဆယ် ဆယ်ငါးကျပ် ပေးသွားကြသည်။

တစ်နှစ်နီးပါးလောက်တော့ စည်စည်ကားကား အဝင် အထွက်များသည်။

တစ်နှစ်ကျော်တော့ တဖြည်းဖြည်း အဝင်အထွက် ကျဲသွားသည်။

နောက်ပိုင်း အမေးအမြန်း မလာကြတော့သလို ဘိုးတော်လေး မောင်စိန်လည်း အဟောအပြော ရပ်ဆိုင်းသွားသည်။

လုံချည်ကွင်းသိုင်းနှင့် ကစားသည့်အရွယ်။ ကိုးနှစ်သား ဘိုးတော်လည်း ပေါ်ဖူးသည်။

ထားဘိတော့....

(* * *)

ဗုဒ္ဓဘာသာဝင်အဖြစ် အမည်ခံယူ၍ ကိုးကွယ်မှုမပြတ်သားသောကြောင့် ဟိုမရောက် သည်မရောက်၊ ဘဝလမ်းကြောင်း ကမောက်ကမ ဖြစ်နေသူတွေအများကြီး။

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ဟိုမရောက် သည်မရောက် ကိုးကွယ်မှုမပြတ် ထင်သူများကြောင့်လည်း ဘိုးတော်အမည်ခံတွေ၊ နတ်ကတော်တွေ စားသာဝါးသာနေကြသည်။

ကိုးကွယ်မှု အစစ်အမှန်သည် ဘုရား၊ တရား၊ သံဃာ အသိစွဲ ထင်ပါလျက်က တခြားသော ကိုးကွယ်ဆည်းကပ် အားထားရာကို ရှာဖွေခြင်းမှာ လောဘကြောင့်ဖြစ်၏။

ဖြတ်လမ်းနည်းဖြင့် ကြီးပွား ချမ်းသာလိုသောကြောင့် ဖြစ်၏။

ဖန်ကီးမစနိုင်ဇာမ်းရှိလိမ့်မည်ဟု ထင်ရသော ပုဂ္ဂိုလ်မျိုးကို တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ရှာဖွေချဉ်းကပ်ခြင်း၊

ထိုပုဂ္ဂိုလ်မျိုး ရှိလိမ့်မည်ဟူသော အမှတ်များ အသိများကို စက်ခံလာခြင်း၊

နောက်ဆုံးတွင် မရှိနိုင်ရာသည်ကို ရှိနိုင်ရာသည်ဟု အတွေးချော်၍ ရှိလိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့် ရေလိုက်လွဲပြီး ကိုယ်ကျိုးနည်း အဖြစ်အပျက်များနှင့်ကြုံတွေ့ စခန်းသိမ်းရခြင်းသာ ကြုံတွေ့ကြသည်။



ဟကာယ်ဓာတ် ဖန်ကီးမစနိုင်ဇာမ်း ရှိသည်ဟု ထင်မှတ်ခြင်း ခံရသူမှာ တန်ခိုးရှင်လည်းမဟုတ်၊ လူ့ယာဉ် ဖန်ဆင်း၍ ဗြဟ္မာဘုံက သက်ဆင်းလာသူ သိကြားဗြဟ္မာလည်း မဟုတ်။

အကျင့်သီလ ဆောက်တည်မှု၊ ကျင့်ကြံအားထုတ်မှု၊ သမထ ပေါက်မြောက်အောင် သမာဓိထူထောင်မှု ထူးထူးခြားခြား မရှိပါဘဲလျက် သူလိုငါလို ထူးမခြားနားသမားတို့က ဂိုဏ်းဆရာတို့၊ ဘိုးတော်တို့အမည်ခံ၍မျက်လှည့်လက်လှည့်၊ ပညာလက် နည်းထက်အနည်းငယ်သာသောနည်းများဖြင့်လှည့်စားမှုအတွေ့ တွေ့ ပြုလုပ်နေကြသည်ကိုလည်း ပစ်ခတ် ယှဉ်ကြည့်ကြသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ အစစ်အမှန် ထွန်းကားလျက်၊ ရှင်တော်ဗုဒ္ဓ အစစ်အမှန်ဆုံး၊ အစင်ကြယ်ဆုံး၊ ကျမ်းရင်းကျမ်း မြတ်ကြီး ရှိပြီးဖြစ်ပါလျက်၊ ဟောပြောပြသမည့် ဆရာတော် သံဃာတော်မြတ်များ ရှိပါလျက်၊ အစစ်အမှန်ကို မယူဘဲ၊ အမှားအမှန်ကို မဝေဖန်တတ်သူများကြောင့် ထိုထိုသော အာဂန္တုက ပါကရုန်ပုဂ္ဂိုလ်များ ခေတ်စားလာခြင်းဖြစ်ပေလိမ့်မည်။

ထိုသူတို့သည် ထေရဝါဒ သာသနာတော်မြတ်နှင့် ဆန့်ကျင်သော မဟာယာန၊ ဝေဒ၊ ဗြဟ္မဏဝါဒကို မြန်မာ့နည်းမြန်မာ့ဟန် ပြု၍ အသက်ပြန်သွင်းနေကြသော ဂိုဏ်းဂဏဆရာများ၊ ဘိုးတော် အမည်ခံများ ပြန်လည်ခေတ်စားလာသည်မှာ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ ရာထူးရာခံအတွက်၊ ဟိုဟိုသည်သည် လောကီဖရဲဖရော ကိစ္စအထွေထွေအတွက်၊ ရေလိုက်လွဲ၍ လမ်းကြောင်း မှားနေသူများကြောင့်ဟု ဆိုရပေမည်သာ။

(***)

လောကီလူသား ဟူသမျှသည် ကိုယ်၏ အကျိုး စီးပွားနှင့် ကိုယ်နှင့်မသက်ဆိုင်သူ၏ အကျိုးစီးပွား ယှဉ်တွဲလာလျှင် ကိုယ်၏ အကျိုးစီးပွားကိုသာ အလေးထားလုပ်ကြစမြဲရှိသည်မှာနိယာမ တရားပင်ဖြစ်၏။

မှုစနိုင်စွမ်း၊ ဖန်တီး ပြုပြင်နိုင်စွမ်း ရှိပါသည်ဆိုသော ဘိုးတော်များ၊ ဂိုဏ်းဆရာကြီးများ တကယ်ရှိသည်ဆိုပါစို့။

ကိုယ့်အတွက်၊ ကိုယ့်ဆွေမျိုး သားချင်းတွေအတွက် ကြီးပွားချမ်းသာအောင်မလုပ်ဘဲ ကိုယ်နှင့်မပတ်သက်သောတစ်ပါးသူများအတွက်အလုပ်ပျက်အကိုင်ပျက် တစ်ပါးသူများအတွက် လုပ်ပေးနေသည်မှာ သဘာဝကျမကျ စဉ်းစားလျှင် အလွယ်ဆုံး နည်းဖြင့်ရလာတဲ့ အဖြေပေါ်လာပါလိမ့်မည်၊



မရိုယတ္တိ၊ ပရိပတ္တိ၊ နှံစပ်ကျွမ်းကျင်သော ဆရာတော်သိယာတော်ကြီးများရှိပါလျက် တလွဲဆံပင်ကောင်း၊ အပြောသန်သူများအား ချဉ်းကပ်လျှင် ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ်ပြီးသံသရာခရီးလမ်းကြောင်းတွင် အကောင်းမထင်၊ အဆိုးထင်မည်မှာသေချာသည်။

ကုသိုလ်၊ အကုသိုလ်ဟူ၍ ဗုဒ္ဓဘာသာဝင်တို့ အလွယ်ပြောနေကြသည့် ကျမ်းဂန်လာစကားရပ်နှစ်မျိုးအနက် စကားပြောနှင့် ပြောလျှင် ကုသိုလ်သည် ကောင်းကျိုးကိုဖြစ်စေ၍ မကောင်းကျိုးကို ပိတ်ပင်သည်။

အကုသိုလ်ဟူသည် မကောင်းကျိုးကိုဖြစ်စေ၍ ကောင်းကျိုးကို ပိတ်ပင်သည်။

ငွေကိုခင်မှ ငွေက ကိုယ့်ကို ပြန်ခင်သည်ဟူ၍ လောကလူသားတို့ ပြောရိုးဆိုရိုးစကားရှိသည်။

ကုသိုလ်ရေးကို မပြတ်လုပ်နေမှ၊ ကျင့်ကြံအားထုတ်နေမှ၊ ကုသိုလ်၏ စွမ်းအင်သတ္တိ ကောင်းကျိုးမှ ကုသိုလ်အကျိုးက ပီပီအနေပါ ပြန်၍ထင်ဟပ်လာမည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအလုပ်သည် ကုသိုလ်၊

မကောင်းသောအလုပ်သည် အကုသိုလ်၊

ကမ္ဘာ့ဌာန်းဌာနများ၊ စေတီပုထိုးများ ဆည်းကပ်ကိုးကွယ်မှု ပြုသင့်သော ရဟန်းသံဃာများထံ သွားရောက်၍ တရားနာခြင်းသည် ကောင်းသောအလုပ်၊

ဘိုးတော်အမည်ခံ၍ လောကအကျိုးကို ရှေးရှုနေသူများ၊ အရက်ဆက်မှု အလုပ်ဖြစ်သည်ဆိုသော နတ်ကတော်များ၊ ကျော်အောင်ညာ၍ ကြော်ငြာဖြင့်ရိုက်စားလုပ်နေသော ဗေဒင်ဆရာများထံ သွားကြခြင်းသည် မကောင်းသောအလုပ်၊

ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားနိုင်စွမ်းရှိပါမှ မိမိအတွက် အကျိုးဖြစ်မည်၊

ကမ္ဘာ့ဌာန်းရိပ်သာများ၊ စေတီပုထိုးများ၊ အရိယာနွယ်ဝင် ရဟန်းသံဃာများထံသွားရောက်သည့်အခါ မိမိဆန္ဒအလျောက် အလှူဒါနပြုရသည်ပဲရှိသည်၊ မတတ်စွမ်းလှ၍ အလှူဒါနမပြုနိုင်လျှင် သံသရာအတွက် ကောင်းကျိုးရမည်၊

ထိုတိုကြ၍ ပုဂ္ဂိုလ်များထံသွားလျှင်မူ ဘာကြီးညာကြီးဆိုသည်များပေးရန်အတွက် ငွေပါရမည်၊ ပေးရမည်၊



တချို့ ဘိုးတော်တွေက အခကြေးငွေမယူဘူးဟု ဆိုသော်လည်း ကိုယ်မျက်နှာပန်းလှအောင် လက်ဆောင်ပစ္စည်းကအစ အပေးအကမ်းရှိရမည်၊

နတ်ကတော်ဆီသွားလျှင်လည်း ငွေပါရမည်၊

ဗေဒင်ဆရာဆီ သွားလျှင်လည်း ငွေပါရမည်၊

ကိုယ့်အတွက် ပြန်ရမည်မှာ သူတို့ပါးစပ်ထဲက တွေ့ကရာပြောသည့် "လေ" သာရမည်၊

"အခုလူးလာမပေးနဲ့ လေတွေနည်းနည်းလျှော့"

အဲဒါ သူတို့ကိုပြောရမည့် စကား၊

ယနေ့ ခေတ်စားနေသည်မှာ ဓာတ်ဆင်၊ ဓာတ်ချိုက်နှင့် ယတြာ၊

ဘိုးတော်အမည်ခံတွေကလည်း လုပ်သည်၊

နတ်ကတော်တွေကလည်း ခေတ်နှင့်အပြိုင် လုပ်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာတွေက မြိုးမြိုးမြက်မြက်ရသည့်ခာတ်ရိုက် ခာတ်ဆင် ယတြာတွေကို အထူးတလည် တီထွင်လုပ်ကိုင်နေကြသည်။

ခက်နက်ထင်ထင် ပညာဉာဏ်နှင့် သတိယှဉ်လျှင် ထိုထိုသောကိစ္စများမှာ ရှင်တော်ဗုဒ္ဓတရားသဘောနှင့်မည်သို့မျှမဆက်နွယ်မ ဆက်ဆိုင်ပါ။

သို့တစေ၊ သက်ဆိုင်သယောင်ဘုရားယတြာဟူ၍ ဝေါဟာရသစ် တီထွင်၍ လုပ်ကိုင်နေကြသည်များလည်းရှိသည်။

ခာတ်ရိုက် ခာတ်ဆင်၊ ယတြာကိစ္စများမှာ သိပ္ပံခေတ် အတွေးအခေါ် အယူအဆအရ လက်မခံနိုင်စရာဟု ဆိုရမည်ဖြစ်စေကာမူ မှုန်ဝါးမသွား၊ တိမ်မြုပ်မသွားဘဲ ဆက်လက်ရှင်သန်နေဆဲပင်ရှိသည်။

ခာတ်ရိုက်မှားလျှင် ခာတ်ခိုက်တတ်သည်၊

ခာတ်ဆင်မှားလျှင် ခာတ်ကြဉ်တတ်သည်။

ယတြာမှားလျှင် ဗျာပါဒသောကပွေတတ်သည်။



သို့စေကာမူ အဓိယောင်ဝါးဆရာများက ပေါ်ပေါ်ဆဆ ဖလှယ်တကူပင်လုပ်ကိုင်နေကြရုံမကဗုဒ္ဓ၏ ခာတ်ရိုက်ခာတ်ဆင် ယတြာဟူ၍ပင် မသုံးနှုန်းအပ်သည့် အသုံးအနှုန်းကို အစရှိမျှ၍ သုံးလာကြသည်အထိ လွန်ကျူးလာသည်၊

ယတြာနှင့်ပတ်သက်၍ ဝိဂ္ဂဟပြုထားသည်မှာ ဤသို့....။

ဣဋ္ဌသ၊ နိဋ္ဌသ၊ ဖလံ၊

ပဝတ္တဏီတိ၊ ယတြာ၏"

— ဣဋ္ဌံတာ၊ နိဋ္ဌံတာ၊ ဖလံ၊ အလိုရှိအပ်သောအကျိုး၊ အလိုမရှိအပ်သောအကျိုးတို့ကို၊ ယာတိဝတ္တ ဖြစ်စေတတ်၏၊ ရောက်စေတတ်၏။

— ဣတိတသ္မာ၊ ထိုအကြောင်း ကြောင်း ကြောင့် ယတြာ၊ ယတြာ မည်၏။

"အလိုမရှိအပ်သောအကျိုးကိုလည်း ပေးဝေတတ်၏" ဆိုသည်ကို သတိပြုရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘာလုပ်နေသည်ကို သတိနှင့်ယှဉ်ကြပါ။

သတိနှင့်ယှဉ်မှ အမှန်သိမည်၊
အမှန်သိမှ အသိမှန်မည်၊

ကိုးကွယ်မှုဆိုင်ရာနှင့်ပတ်သက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင် ဓေ သဇ္ဈလာဘိဝံသဆရာတော်ကြီး၏ အဆုံးအမမှာ ဤသို့။

— မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာ၊
စစ်စစ်မှန်မှန်၊ ထွန်းကားရာ နိုင်ငံအဖြစ်
ကျော်ကြား ထင်ရှားလျက်ရှိပါသည်။

— သံဂါယနာအဆင့်ဆင့်တင်ပြီး လက်ခံ အတည်ပြုထား သော မြန်မာနိုင်ငံ၏ "ပိဋကတ်သုံးပုံကျမ်းတော်မြတ်" များသည် ဗုဒ္ဓအလိုကျ အစစ်မှန်ဆုံး အစင်ကြယ်ဆုံး ကျမ်းမြတ်ဖြစ်ပါ၏။

— ယင်းကျမ်းစာများကို သာသနာ့သမိုင်း တစ်လျှောက် သာသနာ့အာဇာနည် အရှင်ကောင်း အရှင်မြတ်ကြီး



များက မြတ်နိုးတန်ဖိုးထားခြင်းကြီးစွာဖြင့် မှုချင်း မပျက်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါ၏။

— သို့သော် ဤမျှစစ်မှန်စင်ကြယ်သော ထေရဝါဒ
ဗုဒ္ဓသာသနာတော်မြတ်ကို ခေတ်အဆက်ဆက်
ပင်ပန်းကြီးစွာ လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ပါလျက်
ဗုဒ္ဓကျမ်းစာများနှင့် ဝေးကွာ
ဗုဒ္ဓဝါဒ၊ အခြေခံ သဘောတရားများကို
နား မလည်သော ဗုဒ္ဓဘာသာဝင်အချို့သည်
ထေရဝါဒ၊ သာသနာတော်မြတ်နှင့်
ဆန့်ကျင်ခြားနားသော၊
မဟာယန၊ ဝေဒ၊ ဗြဟ္မဏ၊ ကျမ်းလာ
အယူအဆ အမူအလေ့များ၌
မွေ့လျော် ပျော်ပိုက်နေသည်ကို တွေ့မြင်နေရပါသည်။
ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးကိုသာအားကိုးပါ
ဟူသော ဗုဒ္ဓ၏အဆုံးအမရှိနေပါလျက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်၊ မယ်တော်၊ နတ်ကတော်၊ မဟိန္ဒရာ၊
သူတော်စင်ဂိုဏ်းဆရာများကို အမြတ်တနိုး
ကိုးကွယ်နေကြသူများလည်းရှိပါ၏၊

— ထေရဝါဒဗုဒ္ဓကျမ်းစာလာ ဘုရားရှိခိုးများ
ပြဋ္ဌာန်းတရားတော်များ၊ ပရိတ်တော်များ ရှိပါလျက်
"ဥုံ" "ခြောင်"ခံသော သိဒ္ဓိဆိုင်ရာ၊ ဂါထာ၊မန္တာန်
များကို....
ရွတ်ဖတ်နေသူတို့လည်း ရှိပါ၏၊

ထေရဝါဒ၊ လမ်းကြောင်းမှ တိမ်းစောင်း သွေဖည်လျက်ကြီးစွာသော မဟော်လောဘနှင့် မောဟအရှိန်အဟုန်ကြောင့်ဘေးဖြစ်စေမည့် "ကိုးကွယ်ရာ"အမှားအမျိုးမျိုး "ဓနာဂါသို့" "မျက်ကန်းပမာ" ကောက်ကောက်ပါအောင် လိုက်ပါနေသူများ သတိထင်ထင်ဆင်ခြင်သုံးသပ်နိုင်စေရန် ဆရာတော်ကြီးက အဆုံးအမပေးခြင်းဖြစ်လေသည်၊

အမှားအမှန်ကို တိကျစွာ သိရှန်ခဲယဉ်း၏၊

အမှားအမှန်ကို စိစစ်ခဲ့၏၊



အမှားအမှန်ကို ဝေဖန်ခွဲခြား၍
အမှားပယ်ပြီး အမှန်ကို ပြုလုပ်ရန်ခဲယဉ်း၏၊
ထိုခဲယဉ်းခြင်းလေးမျိုးတို့ကို လွတ်မြောက်အောင် အထူးအားထုတ်သင့်၏၊

ဆရာတော်ကြီး၏ အဆုံးအမဥ္စ တည်အောင် ကြိုးစားပါမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် စင်စစ်ဖြစ်လိမ့်မည် ပါတည်း၊

နို့မဟုတ်ရင် အမောင် တောင်မှန်း မြောက်မှန်းမသိ၊လမ်းဆုံးရလိမ့်မည်ပါ၊

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( သုံး )

၁

မကြာသေးခင်က ရန်ကုန်မြို့တွင် စာနယ်ဇင်း မီဒီယာမှ တစ်ဆင့် လှုံ့ဆော်လိုက်သည်မှာ ဘဝင်မကျစရာ၊ အုံးအုံးကြွက်ကြွက်စီစီညံညံဖြစ်ရပ်တစ်ခုကို ကြားသိလိုက်သည်။

ဘဝင်မကျစရာမှ တကယ့်ဘဝင်မကျစရာဟုဆိုရမည်ပါ။
ကောင်းသလိုလိုနှင့် မမက်ဟု ပြောရမည်ဖြစ်ရပ်။

''တစ်နေ့တည်းအပြီး၊ ''ဘုရားတွင်ပုတီးစိပ်ရမည်'' –
လိုအင်ဆန္ဒကိစ္စအထပြီးမြောက်စေမည်။



ပို့၍ချဲ့ကားလာသည့် တိုးတိုးတိတ်တိတ် အဆိုအပြောမှား တယ်ပုဂ္ဂိုလ်ကြီး၏ အောင်နိမိတ် ဓာတ်ကျ သော ကြောင့်ဟူပါ၍၊

အညွှန်းပြုထားသည့် ဘုရားပုသိုးများမှာ တစ်ဆူနှင့်တစ်ဆူ အလှမ်းဝေးသည်၊ –

ခြေကျင်ခရီးနှင်လို့မရ၊ ကားနှင့်မှ၊
ကိုယ်ပိုင်ကားရှိသူတွေက၊ကိုယ်ပိုင်ကားနှင့်၊
ကိုယ်ပိုင်ကားမရှိသူတွေက အငှားကား၊ အသေးအကြီးများနှင့်၊

အုံးအုံးကြွက်ကြွက် သံညံစီစီဖြစ်သွားသည်၊

အချင်းချင်း လက်တို့၍ ပြောကြသည်၊

တယ်လီဖုန်းဖြင့် လေလှိုင်းထဲက ဆက်သွယ်သတင်းပေးကြသည်၊

ဆယ်လူလာဖုန်းဖြင့် နှိုးဆော်ကြသည်၊
ဘောဘနှင့် မောဟတွဲကြပြီပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်း၊ ဘုရားပေါ် ခပ်သုတ်သုတ်တက်၊

ကပျာကယာဘုရားရှိခိုး၊

ကသောကမျော ပုတီးစိပ်၊

ဘုရားပေါ်က အပြေးအလွှားပြန်ဆင်း၊

ကားပေါ်ပြန်တက်၊ နောက်ခရီးဆက်၊

ထိုသို့ဖြင့် ဘုရားတစ်ဆူမှတစ်ဆူသို့ မာရသွန်ခရီးဆက်ကြရသည်။

"နေမြင့်လေ အရှုံး ရှင့်လေ" ဆိုသလို၊ နေမြင့်လေစိတ်ရော ကိုယ်ပါ ပင်ပန်းလာလေ၊

အာရုံမယူနိုင်တော့၊

ပုတီးပတ်ပြီးရေးကိုသာ အဓိကထားရသည်၊

တစ်နေ့တည်းနှင့် အပြီးဆိုတော့သည်း တက်သုတ်ရိုက်ကြကြရသည်။

အိမ်ပြန်ရောက်တော့ ဖသက်၊

ကဲ...ပသို့ရှိပါလေစ၊



ဤနည်းဖြင့် ဘုရားရှိခိုး၊ ပုတီးစိပ်ကြသည်များလည်း ရှိသည်။

ကောင်းမှုပြုသည်တော့ မှန်သည်၊

သို့သော်....

ဘာတွေဖြစ်ကုန်ကြမြီလဲဟု ဆိုရမည်သာပါ။

[illegible]

စိပ်ပုတီးနှင့် သမထ၊

သတိပြုရမည့်ကျေးဇူးရှင်ပဋ္ဌာန်းသိဗ္ဗ ဆရာတော်ဘုရားကြီး အဒ္ဓန္တဝုဏ္ဏနက၏ ဩဝါဒ အဆုံးအမမှာ ဤသို့ပါ....၊

- ထေရဝါဒ၊ ပိဋကတ်တော်များတွင် ပုတီးဖျူသော အသုံးအနှုန်းမပါရှိပါ၊
- ဘုရားရှင်နှင့် ရဟန္တာကြီးများ စိပ်ပုတီးကို အသုံးပြုတော်မူခြင်းမရှိပါ၊
- မြတ်စွာဘုရား ရှေ့သက်ထက်တော်က

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်များ၊ စိပ်ပုတီး
အသုံးပြုတော်မူခြင်းမရှိပါ။

— ထေရဝါဒ၊ ပိဋကတ်တော်များတွင် –
ဝိပဿနာ၊ ဘာဝနာပွားများနည်းများသာ
ဖော်ပြထား၏။

— စိပ်ပုတီးစိပ်နည်းကို
ဖော်ပြထားခြင်းမရှိပါ။

— ဘုရားရှင်က ခွင့်ပြုတော်မူခဲ့သော
ရဟန်းအသုံးအဆောင်၊
ပရိက္ခရာပစ္စည်းများတွင်လည်း
ပုတီး လုံးဝ ပါဝင်ခြင်းမရှိပါ။

— အချို့က သမထအရာတွင်
သမာဓိဖြစ်စိမ့်သောငှာ
စိပ်ပုတီးအကူအညီ
လိုသည်ဟု ယူဆကြ၏။



— ထင်စစ်သော ကာလသုံးတန်တွင်
ဆီးတားမထင်၊ အကုန်သိမြင်တော်မူသော
သဗ္ဗညုဂိုဏ်ရှင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် –
ဗုဒ္ဓဘာသာဝင်များအဖို့ ၊
စိပ်ပုတီးကို အသုံးပြုရန် အပ်လျှင် –
လိုအပ်သည်ဟု
ပိဋကတ်သုံးပုံတွင် ဟောကြားတော်မူခဲ့သည်မှာ
ဧကန်ဖြစ်ပါ၏။
ဘုရားရှင် တိတိကျကျညွှန်ပြတော်မမူခဲ့သော
အလုပ်ကိုလုပ်မည့်အစား
ဘုရားရှင် တိတိကျကျပြဋ္ဌာန်းအပ်သော
သမထ၊ ဝိပဿနာအလုပ်များကိုသာ
ပဓာနထား ဆောင်ရွက်အပ်ပါ၏။

"ပုတီးစိပ်တာတွေ၊ အာရုံပြုမှုကောင်းတယ်၊ ပုတီးလုံးတွေ ချောက်ချောက်နဲ့ချပြီး ပါးစပ်က စကားပြောအောင် ပြောနေလို မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုးတော်ကြီးနှစ်ပါး သူငယ်ချင်းတွေ ပြောကြတာ၊ ဟယ်ဟဲ....စိပ်ယိုက်တဲ့ ပုယင်းပုတီးက တချောက်ချောက်၊ ပါးစပ်ကဖြင့် မြင်းအိုးပေါက်သလို။

"အဲဒီလိုဆိုတော့ အပြောတခြား အလုပ်တခြား မဖြစ်ဘူးလား"

ပုတီးစိပ်တာတော့ ဘုန်းကြီး သိပ် သဘောမတူချင်ဘူး၊ ပွားသမထ ပုတီးမပါဘဲပွားလည်းရပါတယ်၊ ဗိပဿနာပွားပါ၊ အလေ့အထ ရလာပြီဆိုတော့ ဒီအလုပ်ကို မလုပ်ဘဲ မနေနိုင်ပါဘူး"

ဆရာတော်ကြီး၏ ဩဝါဒမှာ ကောင်းသည်ထက် ပို၍ ကောင်းတာကို (ဝါ) အကျိုးရှိတာထက် ပို၍ အကျိုးရှိတာကို လမ်းညွှန်ပေးခြင်းဖြစ်သည်ကို သတိမူအပ်လှ၏။

(* * *)

ယို့ပြင် တစ်ဝ ပဋိပတ္တိဝန်ဆောင် ဘာသာရေးဆိုင်ရာစာပေများနှင့် မွေ့လျော်နေသည့်ထီးချိုင့်နယ်ဆိုးအမည်ခံ သည်တော



ဆရာတော်ကြီးကံမှောက်သို့ စာရေးဆရာကြီး ဆရာသင်္ချိုင် အတူရောက်ရှိသွားခဲ့၏။

သည်တော ဆရာတော်ကြီးမှာ နေ့ဥင်နှင့် ယခုအခါတွင် မကျော်စေးရ ဖြစ်နေသည့် ဘိုးတော် အောင် မင်း ခေါင် အကြောင်းကို အစင်းသိအတွင်းသိ သိရှိခဲ့သူဖြစ်၏။

ဘိုးတော်အောင်မင်းခေါင်ဖြစ်လာမည့်ပုဂ္ဂိုလ် ထီးချိုင့်နယ်တွင် နေထိုင်စဉ်ကတည်းက သိရှိခဲ့သည့်အလျောက် မန္တလေးမြို့ထုတ် သတင်းစာ(ဗဟိုစည်-ဟု မှတ်မိသည်၊ လွဲကောင်း လွဲနိုင်ပါသည်၊ "စကားချပ်")တွင် ပယ်ပယ်နယ်နယ် ထုတ်ဖော်ရေးသားခဲ့သည့် ဆရာတော်ကြီးလည်းဖြစ်သည်။

စိပ်ပုတီးနှင့်ပတ်သက်သည့် ဆရာတော်ကြီး၏ ဩဝါဒမှာ ယလေးအနက် ဆင်ခြင်အပ်သော ဩဝါဒဖြစ်လေသည်၊

"စိပ်ပုတီး၏ မူလအစ"

ယနေ့ခေတ်အခါတွင် သာသနာတော်ဖြတ်သည်

"ပရိယတ္တိ" နှင့် "ပဋိပတ္တိ"ပါ

ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိ၏၊

www.burmeseclassic.com

www.burmeseclassic.com



- ပဋိပတ္တိ ဝန်ဆောင် သံဃာတော် အရှင်သူမြတ်များက
ပရိယတ္တိတာဝန်ကို ရှုပ်ရှုပ်ချုံချုံ
ဆောင်ရွက်နေသကဲ့သို့၊

- ပဋိပတ္တိဝန်ဆောင် အရှင်မြတ်များကလည်း
ဝိပဿနာစခန်းများ ဖွင့်လှစ်ပြီး
ယောဂီတို့အား တရားပြပို့ချလျက်ရှိ၏၊
ဘာသာရေးစာပေများကို အမြတ်တနိုးလေ့လာဖတ်ရှု
သူများ ပေါများလာသကဲ့သို့
ဝိပဿနာ ဘာဝနာမှုကို ပြုသူများလည်း များပြား
လှပါ၏။

- ထေရဝါဒ ပိဋကတ်တော်များတွင်
ဝိပဿနာရှုနည်း၊ ထိုင်နည်းများကို
ဖော်ပြထားရာ
ဝိပဿနာစခန်း ဝင်သူတို့သည်
ဘုရားရှင်က တိုက်ရိုက်ညွှန်ပြခဲ့သည့်အတိုင်း
လိုက်နာကျင့်ကြံကြခြင်းဖြစ်ပါ၏။



- အချို့သော စာစောင်မဂ္ဂဇင်းများတွင်
ဝိပဿနာမှုထက် "ပုတီးစိပ်မှု"ကို
ရှေ့တန်းတင် ရေးသားထားသည်ကို ဖတ်ရှုရ၏။
ဗုဒ္ဓဘာသာဝင်မှန်လျှင် ပုတီးစိပ်ရမည်ဟူသော
သဘောမျိုးရေးသားကြ၏။

- ကောင်းပြီ။

- စိပ်ပုတီးသည် ထေရဝါဒ
ပိဋကတ်တော်များတွင် ပါဝင်ပါ၏လော၊
ဘုရားရှင်က ဗုဒ္ဓဘာသာဝင်တို့အား
ပုတီးစိပ်ရန် ညွှန်ကြားခဲ့ပါသလော၊

- ဘုရားရှင် ခြေလက်ထက်တော်က
ရဟန္တာအရှင်မြတ်များ
ဗုဒ္ဓဘာသာဝင်သူတော်စင်များ
ပုတီးစိပ်ခဲ့ကြပါသလော၊

- စိပ်ပုတီး၏အရင်းမူလသည်
အဘယ် ဘာသာနည်း။

www.burmeseclassic.com

www.burmeseclassic.com

– အာယ်အယူရှိသောလူမျိုးများက
စတင်သုံးစွဲခဲ့ကြသနည်း။

ဤသည်နှင့်ပတ်သက်၍ အဆိုအမိန့်များ ဤသို့....

"ပုတီးဟာ မူလကဝေဒခေါ်ခေတ်ရဲ့အသုံးအဟုတ်ဘူးကွယ့်၊ ဟိန္ဒူတို့ရဲ့အသုံးဖြစ်တယ်။ ဟိန္ဒူခေတ်ခါမှာလည်း တန္တရ၊ မန္တရဂိုဏ်းသားများရဲ့ အသုံးဖြစ်တယ်၊ တန္တရ၊ မန္တရ၊ ဂိုဏ်း သား များဟာ ဂါထာ မန္တာန်များကို ပုတီး စိပ်ကြတယ်" ဒီနေရာမှာ "စိပ်" ဆိုတာ ဇမ္ဗူနပုဒ်ရင်း ဇပ်ထစိပ်၊ စိပ်ကစိပ်ဖြစ်လာတယ်၊ ဇမ္ဗူနဆိုတာ ပွား များခြင်းအနက်ကိုဟောတယ်၊ ပွားများတယ်ဆိုတာ အဖန်တစ်လဲလဲ ရွတ်ဆိုခြင်းဖြစ်တယ်"

"တန္တရ၊ မန္တရ ပုဂ္ဂိုလ်များဟာ အင်းအိုင်၊ ခါးလှည့် လက်ဖွဲ့ မန္တန်များကို အသုံးပြုကြတဲ့၊ အထက်ဂိုဏ်း၊ အောက်ဂိုဏ်း ဂိုဏ်း ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သူတို့ ဟာ ဆေးကို ဖော်ပြီးတော့လည်း ဂါထာမန္တန်မန်း မှုတ်တတ်ကြတယ်၊ သူတို့မန်းတဲ့ဂါထာမန္တန်ကလည်း



ခုနှစ်ခေါက်ကနေ အကြိမ်တစ်ထောင် မန်းရမယ် လို့ ဂါထာအရေအတွက်ကို ပိုင်းခြားထားတယ်၊ ပိုင်း ခြားထားတာထက်ပိုလွန်ရွတ်ဆိုခဲ့လျှင် အကျိုးမရဘူး"

"ဒါကြောင့်ရေးကရွတ်ပြီးသား မန္တန်များကို ချေဖျက် ပြီး အသစ်ထပ်မံရွတ်ဖတ်ကြရတယ်၊ မန်းမှုတ်ကြရ တယ်"

"အဲဒါကြောင့် ဂါထာအရေအတွက် မတိုးလျော့ရ အောင် စိပ်ပုတီးနဲ့မှတ်ကြရတယ် မန်းမှုတ်ကြရတယ်"

"အဲဒါကြောင့် ဂါထာအရေအတွက် မကိုးလျော့ ရအောင် စိပ်ပုတီးနဲ့မှတ်ကြရတယ်၊ အဲဒီလိုမန်းမှုတ် ရာက ဒိပ်ပုတီးဟာ ဘာသာရေးနဲ့ ဆက်နွယ်ဝင်ရောက် လာတယ်၊ ဒီနောက် ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန်၊ မဟာ မေဒင်စတဲ့ ဘာသာပေါင်းစုံနဲ့ရောဆက်လာတယ်"

– ဒါကြောင့် ပုတီးဟာ
မူလက ဗုဒ္ဓဘာသာဝင်တို့၏
အစဆောင်အယောင် မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနှစ်ပါး၏ အယူအဆမှာ တူညီ နေသည်ကိုလည်း တွေ့ရမည်ဖြစ်သလို တွေးခေါ်ပိုင်းခြား ဝေဖန်ဆင်ခြင်နိုင်စေရန် စေတနာအရင်းခံ၍ ကိုးကွယ်မှု စင်ကြယ်သန့်စင်ရေးအတွက် ဩဝါဒပေးခြင်းဟု ခံယူမိပါသည်။

ပုတီးစိပ်အားသန်သော ပုဂ္ဂိုလ်များကို ပုတ်ခတ်ရှုတ်ချလိုသောဆန္ဒသဘောဖြင့် ရေးသားခြင်းမဟုတ်ပါ။

ရိုးရာအယူအဆအရ အစွဲအလမ်းကို ဖျောက်ဖျက်ရန် မလွယ်သူ ပုဂ္ဂိုလ်များ မိမိတို့စွဲလမ်းရာအမှုပြုလုပ် နေသည်ကိုလည်း ဝေဖန်ပြစ်တင်လိုသော သဘောဆန္ဒမရှိပါ။

ဆရာတော်ကြီးများ၏ဩဝါဒကို စာရေးသူက ကောက်နုတ်ဖော်ပြရသည်မှာ ယနေ့လူငယ်များအား ရည်ညွှန်းလိုသော ဆန္ဒကို အလေးပေးသည့်သဘောမျှသာဖြစ်ပါသည်။

မည်သည့်အမှုကို ပြုသည်ဖြစ်ပါစေ အရင်းခံမှာ မှန်ကန်သောသဒ္ဓါနှင့် စေတနာပါရှိရပါမည်။

သို့မှသာ အကြောင်းပြုမှု၏ အကျိုးကိုခံစားရပါမည်။

ယနေ့ဘိုးတော်အမည်ခံများသည် စိပ်ပုတီးကို ရှေ့တန်းတင်၍ ရိုက်စားလုပ်နေကြသည်။



သူတို့က အရာရာကို စိပ်ပုတီးဖြင့်ပြီးဆောင်နိုင်သည်ဟု မှားယွင်းသော အယူအဆတစ်ရပ်ကို ထူထောင် နေကြသည်။

သူတို့ကြောင့် တခြား ဗုဒ္ဓဘာသာဦးရေ ကိုးကွယ်လာမည့် အနေအထား ပျောက်ရှိလာမည်ကိုမူ မထိုလားအပ်ဟု ဆိုရမည်ပါ။

(* * *)

သုတေသနရုပ်ပြု၊ အဘိဓာန် ကျမ်းပြု ဆရာတော် အရှင်ဩဘာသာဘိဝံသ၏ ဤသို့ ဆုံးမစကား မိန့်မြွက်တော်မူခဲ့သည်။

— ဒေဝရဝါဒ၊ ဗုဒ္ဓဘာသာဝင်တို့၏
ကိုးကွယ်ရာသည် ရတနာသုံးပါးသာလျှင်ဖြစ်ပါ၏။

— သရဏဂုံတည် ဗုဒ္ဓဘာသာဝင်တို့၏ အသက်သည်းနှုံးဖြစ်ပါ၏။

— သရဏဂုံ ဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်
ခံယူထားပါလျက်၊ ဝေဖန်ဆန်းစစ်နိုင်သော
ဝိဇ္ဇာဉာဏ်ကင်းမဲ့ကာ၊

www.burmeseclassic.com

www.burmeseclassic.com



— နတ်၊ ဗိဿာ၊ ဘိုးတော်၊ ပထဝီ ဘုတ်ကို ဆရာကြီးများ အား ကိုးကွယ်နေသူများသည် ဗုဒ္ဓဘာသာဝင် စစ်စစ် မဟုတ်။

— ကပြား ဗုဒ္ဓဘာသာဝင်သာဖြစ်သည်။

ရှင်တော်ဗုဒ္ဓအား ဆည်းကပ်ကိုးကွယ်သူတစ်ယောက်သည် ကိုယ် ဆည်းကပ်ကိုးကွယ်သည့် ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူး တော် တန်ခိုးစွမ်းအင်သတ္တိတို့ကို ပညာရှိဆရာသမားများထံမှ ကြားနာမှတ်သားရ၏။

ထပ်ဆင့်၍ ကိုယ်ပိုင်ဉာဏ်နှင့် ဂဃနဏ ပိုင်းခြားဝေဖန်ကာ အမှန်သိ (ဝါ)ဉာဏ်မပိုင်သေးပါက ပြောတိုင်းယုံ၊ ကြုံတိုင်းလိုက်၊ ခိုင်းတိုင်းလုပ်၊ ဗုဒ္ဓဘာသာအစစ်မဟုတ်ဘဲ လူပြောသူပြောနှင့် ယုံနေသည့် နတ်၊ ဗိဿာကိုးဟော်၊ ပထဝီအထက်ဆရာကြီးများ ပါ ရောနှောထားသော ဈေးရိုးရာ ယောင်ဝါးဝါး ကပြား ဗုဒ္ဓဘာသာသာဖြစ်မည်။

စာရေးသူ အတွေ့အကြုံအရလည်းကောင်း၊ အသိ၊ အမြင် အတွေ့အားဖြင့် လည်းကောင်း၊ ပြောတိုင်း ယုံသူတွေက အနုမဟုတ်၊ ကြုံတိုင်းလိုက်သူတွေက ခုနှင့်ဈေး၊ ခိုင်းတိုင်း လုပ်



သူတွေက ထစ်ပုံတစ်ပင်မို့ အမည်ခံလူဆိုးတော်တွေအား လမ်းဖွင့်နေကြသည်။

ဘိုးတော်အမည်ခံများ၏ ဟိတ်ဟန်မှာ ပွဲ၊ ပုတီးနှင့် အပြုံး အပြော၊

သမ္မာရင့်သည့်ဘိုးတော်များထံရောက်လျှင် ရုပ်တုများ၊ ပွဲတူ ပန်းခိုင်ကားချပ်များ ထည်ထည်ဝါဝါ ပြင်ဆင်ထားသည့် ပွဲ များကို တွေ့ရမည်။

အထိအတွေ့များအသဖြင့် ပြောင်လက်နေသော ပုတီးများကို တွေ့ရမည်။

နှလုံးပီတိဥမ်းဆီထိဘီသို့ ဘယ်ပုဂ္ဂိုလ်ကအစောင့်အရှောက် ပြုနေသည်ဟူသော အပြောစကားကို ကြားရမည်။

အပြောနှင့်အတူ အပြုံလည်းပါလာမည်။

အပြော အစောင့်အရှောက်ပုဂ္ဂိုလ်ကို ကြည့်ခိုင်းမည်။

ကိုယ်ထင်ပြ၍ ကြွလာသည်တော့ မဟုတ်။

ထည့်တည့်မတ်မတ် သန့်တန်းခိုင်းထားသည့် လက်ဝါးပြင်မှ ပူးထားသည့် လက်ချောင်း ကလေးများအား အပူးခွာ၍

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ လှုပ်ချ်လည်းကောင်း၊ လက်ထိပ်ကလေးများ အပေါ်သို့ အနည်းငယ်ကြွတယ်ပြသပြီး ဘယ်သူဘယ်ဝါ ဘယ် ပုဂ္ဂိုလ်စောင့်ရှောက်သည်ဟု နာမည်နာမ တင်ပေးမည်။

ယောကျ်ားဆိုလျှင် ကော်ကန်းဇင်တောင် ဆရာတော်၊ ဘိုးအောင်၊ ဘိုးတော်အေး၊ ဘိုးတော်ပြုး ဘာညာစသဖြင့်ပေါ့။

မိန်းမဆိုလျှင် သူရဿတီမယ်တော်၊ ဘာညာပေါ့။

လက်ကိုအကြာကြီးဆန့်တန်းထားရသောကြောင့် အကြောတင်းမာလာမှုကြောင့် လှုပ်ရှားသည်လည်းပါသည်။

ဆရာလုပ်သူက ပြပါ ပြပါ၊ သင်ထင်ရှားရှားပြပါဟု မရပ်မနား ပြောနေသောကြောင့် မိမိစိတ်က ဆွဲဆောင်လို့ ခေါ်မှုနောက်သို့ပါပြီး လှုပ်ရသည်လည်းရှိသည်။

မိမိ၏ စိတ်အစွဲကို အလွန်သိအားခံရပြီး မိမိကိုယ်တိုင်က အစောင့်အရှောက်ပုဂ္ဂိုလ်ရှိစေချင်သောကြောင့် ကိုယ်တိုင် လှုပ်လိုက်ရသည်မျိုးလည်းပါသည်။

စိတ်စိတ်ချင်း လှည့်စားခြင်းသဘော၊ စိတ်စိတ်ချင်း ညှိယူဖပ်ဖားသည့်သဘော—



အထူးသဖြင့် အမျိုးသမီးများ အလွယ်အကူပါတတ်သည်။

မိသားစုထဲမှ တစ်ယောက်ယောက်အား သိုက်ဆက်ရှိသည်ဟု ပြောမည်။

နောက်ပြီး ဘယ်သိုက်အဆက်ကလာသည်ဟု ဟပ်မည်၊ *

ပြန်ခေါ်ဖို့ အချိန်နီးနေပြီဟု မှန်းလုံးထားမည်။

ဘာလုပ်ထားမှဟု ပြောမည်။

အစင်း တိုက်တွန်းသည့်သဘော မသက်ရောက်အောင် ယုံကြည်မှ လုပ်ပါ၊ ဆန္ဒရှိမှလုပ်ပါ၊ ဆန္ဒမရှိရင် မသိလိုက် မသိဘာသာသနေပါ၊ စသည်မျိုး ပြောလိမ့်မည်။

အိမ်ကို နေ့ထိုင်ရာအခန်းကို မိမိအပေါ် မလိုလားသည်၊ လုပ်ငန်း အပြိုင်အဆိုင်ရှိသည်။ ဘယ်သူဘယ်ဝါက လုပ်ထားမည်၊ ဒါကြောင့် အဆင်မပြေသည့်ကိစ္စလေးများ ဖြစ်နေခြင်းဖြစ်သည်ဟူသော ပြောလုံးမျိုး၊

တစ်မျိုးမဟုတ်တစ်မျိုးဖြင့် နောက်ဆက်တွဲ တွဲလာမည်။

သူ့သဘာဝ၊ အထူးသဖြင့် အမျိုးသမီးတို့၏ သဘာဝမှာ လွန်ရင်လန့်သည်၊ ခြောက်ရင်ကြောက်သည်၊ ဇာဝေဝါပြော

www.burmeseclassic.com

www.burmeseclassic.com



လျှင် စိတ်လဲ ၁ ဝန်းစနောင့်ဖြစ်လွယ်သည်၊

မထူးသဖြင့် သားသမီးနှင့်ဆက်နွယ်၍၊ လင်ယောကျ်ားနှင့် ဆက်နွယ်၍စိုးရိမ်စရာများမြောစာလျှင်တစ်ပြိုင်တည်း သောက ပူးကပ်၍ရှိကြသည်။

စိတ် ထွေပြားလွယ်သည်။

ကိုယ်ပိုင်အသိနှင့် ဆုံးဖြတ်မှု အားနည်းသည်။

သည်တော့လည်း....။

(နေနေ)

ကိုးကွယ်ရာသည် ရတနာသုံးပါး၊

ယုံကြည်ရာသည် ကံ ကံ၏အကျိုး၊

ပုပ်မောင်ရှားသည့် ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန် ဆုံးမရေး တရားဘာ ဝနာပွားများခြင်း။



နားလည်သယောင်ယောင်နှင့် တကယ်သဘောကို မငုံမိ၊

သိသယောင်ယောင် နှင့် အနှစ်သဘောကို မသိ၊

အထာနှင့်သာ လိုးထွေးနေတတ်သည်၊

ကိုးကွယ်စာသန့်ရှင်းမ မိမိကိုယ်သန့်ရှင်းမည်ကို သတိပြုရာ၏

ဘုရားရှင် လက်ထက်တော်အခါက သာသနာတော်တွင်....

"အထက်ဂိုဏ်း"လည်းမရှိ၊ "အောက်ဂိုဏ်း"လည်းမရှိ၊

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟူ၍လည်း မရှိ၊

၃၇-မင်းနတ်လည်း မရှိ၊ နတ်ကိုးကွယ်သူလည်း မရှိ၊

ထေရဝါဒ ပိဋကတ်တော်မြတ်တွင်....

"အာသောထွက်"၊ "အရှင်ထွက်" ထွက်ရပ်ပေါက်ဟူ၍ ဝေါ ဟာရ အသုံးအနှုန်းမရှိပါ။

"သေသေးပါ"၊ "ရှင်လေးပါ"၊ "၃၇-မင်းနတ်"၊ "ယူရသတိ"၊ "ဘိုးခေါင်" စသည့်ဝေါဟာရ အသုံးအနှုန်း များ မပါရှိဟု ကျွန်းဂန်နို့ဝင် ဟတ်သိသော ဆရာတော်ကြီး များက အထပ်ထပ်အဖန်ဖန် လမ်းညွှန် ဆုံးမခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ငလငဝါဖ သာသနာ့ခေတ်မြတ်၌ ကိုးကွယ်ရာတွေ အရော ရော ယှက်နှော ရှိလာသည်ကို သတိပေး ဆုံးမတော်မူခဲ့သည်။

ကံ၊ ဉာဏ်၊ ဝီရိယဖြင့် မိမိတို့ဘဝကို ဖန်တီးကြရန် ဖြစ်ပါ လျက် ယောင်တောင်ပေါင်တောင်နှင့် လမ်းကြောင်း လွဲနေသူ တွေကို လမ်းကြောင်း တည့်ပေးရန် ဆရာတော်ကြီးများက ဆုံးမကြပါ ပေးခဲ့သည်။

(* * *)

မိမိကိုယ်ကို အားကိုးပါဟုသော အဆိုစကားရှိသည်။

ယင်းအဆိုစကားမှာ လောကီအတွက်သာ မဟုတ်၊ လော ကုတ္တရာ အတွက်ပါ ရည်ညွှန်းသည့် အဆိုစကားဖြစ်၏။

ယနေ့လူငယ်များအတွက် တစ်ဘဝတာ လမ်းညွှန်ချက်ဟု၍ လည်း ဆိုနိုင်ပါသည်။

ပစ္စုပ္ပန်ဘဝအတွက်သာ မဟုတ်၊ သံသရာအတွက်ပါ ရည် ညွှန်းသောကြောင့် ဗုဒ္ဓဘာသာ စင်စစ် ဖြစ်လိုသူများလည်း သတိမူရမည်ဖြစ်ပါသည်။



ဘာကို အားကိုးရမလဲ၊
ဉာဏ်နှင့် ဝီရိယကို အားကိုးရမည်၊
ဉာဏ်နှင့် ဝီရိယနှင့်အတူ စေတနာကိုပါ ရွေးရမည်။

— ဉာဏ်နှင့် ဝီရိယ အားနည်းလွန်းသူများသည်
မိမိ၏ ဘဝရပ်တည်ရေးအတွက်
ဟိုလူ့ အားကိုး သည်လူ့ အားကိုးဖြစ်တတ်၏။
နှလုံးသား၌ စေတနာကောင်း မထားသူသည်လည်း
မိမိ၏ ကိုယ်ကျင့်သိက္ခာကို မယုံကြည်ရာမှ
အကြောက်တရား စိုးမိုးသောကြောင့်
သာသနာပြင်ပ လွဲမှားသော ကိုးကွယ်ရာများကို
ဖက်တွယ်မိတတ်၏။

— ဉာဏ်နှင့် ဝီရိယကို အားမကိုးလျှင်
လောကီတွင် အောက်တန်းကျ၍
စေတနာကို အားမကိုးလျှင်
လောကုတ္တရာ၌ အောက်တန်းကျ၏။

— တစ်ခုခုတစ်ဦးကို အားကိုးရပြီဆိုသောအခါ
အားကိုးအားထားခံပုဂ္ဂိုလ်၏

www.burmeseclassic.com

www.burmeseclassic.com



ဖြယ်လှယ်မှု၊ ငြီးငွေ့မှု၊ လွမ်းမိုးမှုကို
မလွဲမသွေခံရတော့မည်မှာ ဓမ္မတာပါလေ။
— သူ့စိတ်နှင့် ကိုယ်မကိုယ်ဖြစ်လျက် ဘယ်နေရာတွင်မှ
မလွတ်လပ်တော့။

ဤသို့သော အနေအထားသို့ ရောက်ရှိပြီဆိုလျှင် လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာ၊ မွေးမိုန်ပျက်ယွင်းတော့မည်ဖြစ်၏။

လူ့အားမာန်၊ လူ့သတ္တိလည်း တဖြည်းဖြည်း တစ်ဧတစ်စ ခန်းခြောက်လာတတ်၏။

လောကစံကို ဖုန်ဆိုင်နိုင်စွမ်းရည်လည်း ကင်းမဲ့လာတတ်၏။

စင်စစ်မှာသော် လူသည် မိမိဘဝကိုလုဆစ်သော "ပန်းပုဆရာ" ဖြစ်၏။

မိမိဘဝကို ပြဋ္ဌာန်းသူလည်းဖြစ်၏။
မြတ်ဗုဒ္ဓ ပြဋ္ဌာန်းသော
လမ်းကောင်းလမ်းမြတ်အတိုင်း
မိမိ၏ စေတနာဉာဏ်၊ ဝီရိယတို့ကို
ပြည့်ပြည့်ဝဝ အားကိုးအားထား ပြုသူတစ်ဦးသည်



မည်သူ့ကိုမှ အားကိုးစရာမလိုပါ။

လူငယ်များ၏ ဘဝအတွက် အလှန်အလှန် ထိုက်ထိုက်တန်တန် တန်ဖိုးရှိသော လမ်းညွှန်ချက်ဖြစ်သည်ကို သတိပြုနိုင်စေဘု....။

( ✲ ✲ ✲ )

လူဘိုင်း၏ ဘဝခရီးလမ်းကြောင်း ပဲ့ကိုင်မှာ သတိဖြစ်၏။

လောကီရေးကိုပဲလုပ်လုပ်၊ လောကုတ္တရာရေးကိုပဲလုပ်လုပ် သတိသည်သာ အဓိကဖြစ်၏။

စိတ်ကို သတိနှင့်ထိန်းရသည်။

ကိုယ်နှုတ်အမူအရာ၊ အပြောအဆိုကို သတိနှင့်ထိန်းရသည်။

ပဲ့ကိုင်မပါသောလှေသည် မျှောချင်ရာမျှောနိုင်သလို သတိကင်းသူမှာလည်း လွင့်ချင်ရာသို့ လွင့်တတ်သည်။

သတိလွတ်လျှင် အသိလွတ်မည်။
သတိမထားလျှင် အသိမှားမည်။

www.burmeseclassic.com

www.burmeseclassic.com



သတိနှင့် ဆင်ခြင်တွေးခေါ်မှ အသိမှန်ရမည်။

သတိကင်းလွတ်လျှင် အဝိဇ္ဇာအမှောင်ဖုံးမည်။

ယနေ့ကာလတွင် ဘာဘာညာညာ နားစည်းတပ်၍ လည်သလို လျှင်သလို၊ လိမ်နည်းအမျိုးမျိုး၊ လှည့်ဖျားမှုအသွယ်သွယ်ဖြင့် လုပ်ကိုင်စားသောက်နေကြသည့် အကြံအဖန်သမားတို့ စခန်းထနေသလို တမ်းတမ်းစွဲလိုက်နေကြသူများလည်းရှိကြ၏။

မ စနိုင်သည်၊ ပန်းတီးနိုင်သည့် ဟူသော ထွက်ရပ်ပေါက်ဘိုးတော်၊ ပျောက်ဆေးဆရာ တစ်ဘဝစံများနေရှေ့မှောက်တွင် ဒူးထောက်နေကြသူတွေကလည်း အနမတဂ္ဂရှိကြ၏။

တကယ်တော့ ထိုသို့သောသူများမှာ သာသနာပြင်ပသို့ ရောက်ရှိ၍ သရဏဂုံညှိုးနွမ်းအောင်ဆုပ်နေသူများဖြစ်ကြသည်။ သတိထင်ထင်၊ မဆင်ခြင်နိုင်ကြလျှင် ကိုယ်လည်း သာသနာပြင်ပသို့ ရောက်ရှိသွားမည်သာဖြစ်၏။

သူတော်စင်နှင့် သူတော်စင်မဟုတ်သူကို သတိသမ္ပဇဉ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ခွဲခြားနိုင်စွမ်းရှိမှ ဘဝအမြတ်ထွက်မည်။

နို့မဟုတ်လျှင် အရှုံးနှင့်လာရာလမ်းမသို့ ပြန်ရလိမ့်မည်ပါ၊



ကံလှုပ်ကို ဖေဖော် ရွှေသမင် အလိုက်မှားကိန်း ကြုံရလိမ့်မည်ပါ။

ပန်းတီးရှင် မ စ ရှင်များကိုမရှာနှင့်။

ဖြစ်စေသောနည်း ပျောက်ကင်းစေသောနည်းများကို အားမကိုးပါနှင့်။

အသက်ကြီးမှ အလိမ်ညာခံရလျှင် မိမိညံ့၍ဖြစ်သည်။

ထိုသို့သော ထွက်ရပ်ပေါက်ဘိုးတော်ဖြစ်စေ၊ ပျောက်ဆေးဆရာ စသည်တို့အား ယုံကြည်အားထားခြင်းနှင့် စပ်လျဉ်း၍ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် မှော်ဘီဆရာတော်ဘုရားကြီး၏ ဩဝါဒကို အမှန်အပြတ်ပြု၍ ဦးထိပ်ပန်ဆင်နိုင်စေရန် ဖော်ပြလိုက်ရပါသည်။

နောင်တစ်ခေတ် လူကြီးဖြစ်လာမည့် ယနေ့ လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်ရာသော ဩဝါဒဟုလည်း ဆိုရမည်ဖြစ်ပါသည်။

ထူးခြားသော ဗီဇသဘောကို ဆောင်ထားသည့် ဩဝါဒဟုလည်း ဆိုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံဟူ၍ ကံနှစ်မျိုးရှိ၏။

— ကံဆိုသည်မှာ အလုပ်ပင်ဖြစ်သည်၊

— ကံတည်းဟူသောအလုပ်နှစ်မျိုးတွင်
ဘီအေအမ်ဘွဲ့ရရှိပြီးသောသူ၌ ယင်းဘွဲ့ ရရှိအောင် သူ
ငယ်တန်းမှစ၍ ပညာသင်ယူခဲ့ အတိတ်ကံဖြစ်သည်၊
(အတိတ်အလုပ်ဖြစ်သည်၊)

— ရရှိသောဘွဲ့အား လျော်သောအလုပ်ကို ဆက်လက်
လုပ်ကိုင်ခြင်းသည်၊ ပစ္စုပ္ပန်ကံဖြစ်သည်။
(ပစ္စုပ္ပန်အလုပ်ဖြစ်သည်)။

— ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသော အလုပ်ကို
ဆက်ကာ၊ ဆက်ကာ နေ့စဉ်လစဉ်အမျှ ပြုမူဆောင်ရွက်
သွားပါမူ
စားဝတ်နေရေး ချောင်လည်စွာ ချမ်းသာစွာ
အသက်မွေးနိုင်မည်။

— ယင်းသို့လျှင် ပစ္စက္ခမျက်မှောက်ဘဝ၌ပင်လျှင်
အတိတ်ကံ၊ ပစ္စုပ္ပန်ကံ(ပစ္စုပ္ပန်အလုပ်)ဖြင့် ဆက်ကာ



ဆက်ကာ ပြုလုပ် အားပေးမှုသာလျှင် မိမိတို့ အလိုရှိ
အပ်သော
ကောင်းကျိုးချမ်းသာ အကျိုးကျေးဇူးကို ရရှိကြပေ
မည်။

— သူတစ်ပါးကို အားမကိုးကြဘဲ၊
နတ်များ၊ ဝိဇ္ဇာများလို ချမ်းသာအောင် ပြုလုပ်ပေး
နိုင်သည်ဆိုသော
"လူလိမ်ဆရာများကို အားမကိုးဘဲ"၊
မရရှိသေးသော ပညာဥစ္စာ၊ ပစ္စည်းများကို ရရှိ
စေရန်၊
ရရှိပြီးသော ပညာဥစ္စာများကို တိုးပွားစေရန်။
မိမိကိုယ်ကိုသာလျှင် မိမိအားကိုး အားထားပြု၍ မိမိ
နှင့်သက်ဆိုင်ရာ
ကံတည်းဟူသော အလုပ်ကိုသာလျှင်
ဉာဏ်၊ ဝီရိယတို့နှင့်ယှဉ်ကာ အားထုတ်ပြုလုပ်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးရာ အစွဲအလမ်း မဖျောက်နိုင်သော လူကြီးများက သူတို့ကို ပြန်လည်ရှေးရှု၍ နောက်ထပ်ခေတ် လူကြီးဖြစ်မည့် လူငယ်များက ဤအဆုံးအမပြဋ္ဌါန်းအပေါ် အမှီပြုလျှင် ဘာလမ်းကြောင်း တည့်မတ်ဖြောင့်ဖြူးလိမ့်မည်မှာ ဧကန်မလွဲပ ဆိုရမည်မဟုတ်ပါ။

* * *

( လေး )

မကြာသေးမီ တနလာက ဘဝင်မကျစရာ အခြေပြနှင့် အရေးအသား ဖြစ်စဉ်ကြောင်း တစ်ချပ်ကို သိရှိဖတ်ရှုလိုက်ရ၏။

အနုပညာလောကမှ ထင်ရှား ကျော်ကြားလူသိများသူ တစ်ယောက်။

ထိုပုဂ္ဂိုလ်၏ မူလရုပ်သွင်မှာ ခန့်ချော ပခုံးချောသော်သည့် ယောက်ျားပီသသည့် ခံ့ထည်သော ရုပ်သွင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ပေါ်လွင်သော ရုပ်လက္ခဏာရှိသူ၊

ဝေ့ဘူယ်ဇင်းများတွင် တွေ့လိုက်ရသည့် ခေတ်ပုံပေါ်၊ ရုပ်သွင် ကည်ပုလုအရှိ ရုပ်သွင်နှင့် ခြားနားသွားပြီ၊ အပြောင်းအလဲကြီး ပြောင်းလဲသွားပြီ၊

ဘာ ယ်လိုများ ဖြစ်တာပါလိမ့်၊

ရေးဖော်ရေး ဖက်ခင်မင်သူတစ်ယောက် ဖြစ်သောကြောင့် စိတ်ဝင်တစား ရှိရသည်၊

အပြောင်းအလဲမှာ ထူးထူးထင်ထင်၊

သန့်စွမ်းသော ဆံကေသာမှာ ပုခုံးပေါ်သို့တိုင် ဝဲပျံ့ကျနေ သည်၊

တစ်ချိန်သောကာလက လမ်းသုံးရဲဆံပင်ပုံစံဟု ဆိုစမှတ်ပြု ရသည့် ဆံပင်ပုံစံနှင့်၊

တစ်နည်း၊

အင်္ဂလိပ်ဗီဇီလိုဇာတ်ကားများထဲက လမ်းပေါ်မှ လမ်း ဂ ရိုဘုင်စ်များ ထားလေ့ရှိသော ဆံပင်ပုံစံ



နှုတ်ခမ်းမွှေးနှစ်ဖက်နှင့် မုတ်ဆိတ်မွှေးမှာတစ်ဆက်တည်း၊

မုတ်ဆိတ်မှာ ဘေးနှစ်ဘက် ရှည်ထွက်နေသည့် ကျွင်စွယ် မုတ်ဆိတ်၊

ယောဂီဝတ်စုံဝတ်သည်၊

အပေါ်ဖြူ၊ အောက်ဖြူ၊ ဝတ်စုံလည်း ဝတ်သည်၊

ဝတ်နှင့်ဝတ်ရာတွင် အင်္ကျီမှာ လက်ရှည်လည်း မဟုတ်၊ လက်တိုလည်းမဟုတ်၊

ယနေ့ ခေတ်လူငယ်တွေဝတ်သည့်ပခုံးပြတ်အင်္ကျီနှင့်၊

အပေါ်ဖြူ၊ အောက်ဖြူဝတ်စုံ (ပါ) သူတော်စင်ဝတ်စုံ ဝတ်သူများမှာ ခံ့ခံ့ညားညားရှိအောင် လက်ရှည်အင်္ကျီကို သာ ဝတ်ဆင်အမြဲရှိကြသည်၊

စွပ်ကျယ်လည်း မဟုတ်သည့် ပခုံးလက်ပြတ်အင်္ကျီနှင့်၊

အဆောင်သား ဘာလားတော့မသိ၊ လက်ကောက်ဝတ် တွင် ဝတ်ဆင်ထားသည်မှာ ယနေ့ခေတ်စားနေသည့်တန်ဆာချိန်း လိုလို၊ ဘာလိုလိုပုံစံမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည့်မြင်ကွင်းမှ မသည်မသိ။

ဂနိုလေနကြီး။

မြင်ကွင်း တည့်မတ်အောင် ကြိုးစားပြီး ကြည့်သည်မရ။

ဘယ်ရှုပါမလဲ။

အမြင်မတော်ဆင်ခတော်နှင့်ခလေးကော်ဟု ဆိုရမည့်ပုံရိပ်လွှမ်း ထင်နေပြီကိုး။

သူ့အား ခင်မင်ပါသည်။

သူ၏ အောင်မြင်မှု အတိုင်းအတာကိုလည်း အသိအမှတ် ပြုပါသည်။

သူ့စာနှင့် သူ့အခေါ်အသားမှာ တစ်မူထူးခြားသည်ကို လည်း ခြေစမှတ်ပြုရသည်။

အပေါ်တက်မှာလည်း၊ သူ့လိုဆရာမျိုး မရှိသလောက်ဟု ဆိုရမည်သို့။

နေ့စဉ်မိုးမလင်းဘဲ တိုက်ဝင်ကျန်သည်။

မေးလိုသူတွေ တန်းစီစောင့်ရသောသူ။

လပေါင်း သုံးသိန်းထက်မနည်း ဟောပြီး ပြီ။



စာနယ်ဇင်းနှင့် တီဗီမှာ မကြော်ငြာဘဲ တစ်ခေတ် တစ် ယောက်ဆိုသလို ထွန်းပေါက်ခဲ့သူ။

ဒါပေမဲ့....

လူ၏ပုံရိပ်ကို စာနယ်ဇင်းများတွင် တွေ့လိုက်ရသောအခါ အမြင်မတည့်စရာဖြစ်ရသည်။

ဝတ်စားဆင်ယင် ထုံးဖွဲ့ပုံက အမြင်မတည့်စရာ။

ငါး သုံးလုံး စီးကရက်ကို လက်ကြားကမချ။

ဖော်ပြထားသည့် ဓာတ်ပုံ-ပုံရိပ်များမှာကိုယ်ဟန်အမျိုးမျိုး အိုက်တင်အသွယ်သွယ် ဝေလွှင့်နေသည်။

ယနေ့ခေတ် ဗီဒီယိုသရုပ်ဆောင်များ၏ ဟန်ပန်အမူအရာ အိုက်တင်နှင့် မျိုးတစ်ပြေးတည်းဟု ဆိုရမည်သည့်။

လူတစ်ယောက်သည် ဥပဒေဘောင်အတွင်းမှနေ၍ ဘာကို မဆို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသည်။

သည့်အတွက် အငြင်းပွားဖွယ်ရာ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ညိုးသော်....

ဂုဏ်ဓန၊ ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝမှု၊ အောင်မြင်မှုများကို ကျောခိုင်း၍ ဂန္ဓာရီဝိဇ္ဇာပညာလမ်းသို့ အပြီးအပိုင် ထွက်တော့မည်ဆိုသည်မှာမူ အငြင်းပွားစရာဖြစ်လာသည်။

သူ့အား မလိုတမာပြောဆိုခြင်း၊ ပြစ်တင်လိုခြင်း၊ ရှုတ်ချလိုခြင်း၊ စေတနာအရင်းခံ လုံးဝမရှိသော်လည်း စာဖတ်၍ အမှတ်များမည့် လူငယ်များအတွက် လက်မတွန့် ရေးလိုက်ရခြင်း ဖြစ်ပါသည်။

စာနယ်ဇင်း မီဒီယာများကလည်း ဂန္ဓာရီပညာစခန်းသို့ ကြွမြန်းတော့မည်ဟု ချွန်၊ တွန်း၊ ပင့်လုပ်ကြသည်။

ဂန္ဓာရီပညာသည် ကျယ်ဝန်းသည်၊ နက်နဲသည်၊ ခက်ခဲသည်။

နှိုက်လေ့မဆုံးလေ၊

အလွယ်တကူနှိုက်၍ မရသလို အောင်မြင်ဖို့လည်းမလွယ်၊

ယခုတော့ အမည်ခံဘိုးတော်မျိုးစုံက လှုပ်သယောင်ယောင် လုပ်နေသည်။



သူသည် (      )ခု၊ ည ၁၀:၀၀ နာရီတွင် ထွက်ခွာသွားချေပြီ။

ဤသို့ ဖတ်လိုက်ရသည်။

အဘဝင်မကျဖြစ်ရသည်မှာ သူကိုးကွယ်ဆည်းကပ်ရှိကိန်တော့နေသည်ဆိုသော သူ၏ဆရာ ရုပ်ပုံလွှာနှင့် အဆိုအမိန့် စာတမ်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

အရှင်မဟာဗောဓိကို ကန်တော့နေသော၊

နားတွင်းနှင့် နှာခေါင်းမွေးနှင့် မျက်လုံးပြူးပြူး၊

ရင်ဘတ်မှာလည်း ကုလားလူမျိုးများ ဆွဲလေ့ဆွဲထရှိသည့် ဆွဲလွဲများနှင့် ခြုံထည်မှာ မည်သည့်ပုံစံဟု မပြောနိုင်သော ခေါင်းအထိအုပ်ထားသည့် ခြုံထည်နှင့်၊

ထားဘိတော့၊

ရုပ်ပုံလွှာပေါ်မှာက....

— အမှန်တရားသည်
စာပေကျမ်းဂန်၌
မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



– စာပေကျမ်းဂန်၌
ရှိသော အမှန်တရား
ဆိုသည်မှာ
လူ့ဘဝအတွက် မလုံလောက်...

– အမှန်တရားဆိုသည်မှာ
မိမိတဘဝကိုထိုးထွင်း
နားလည်ခြင်းသာဖြစ်၏။

– မိမိစိတ်နှလုံးမှ
တိုက်ရိုက်ဖောက်ထွင်း
ထိုးထွက်လာသော
အရာသာလျှင်
အမှန်တရားဖြစ်၏...။

"အမှန်တရားသည် စာပေကျမ်းဂန်၌ မရှိ"
လက်မခံနိုင်ပါ၊ ဘဝင်မကျလည်း ဖြစ်မိပါသည်၊
လူငယ်များ အမှတ်မှားသွားမည်ကို စိုးရိမ်မိပါသည်။



စာရေးသူ၏ အယူအဆနှင့်သာဘောချင်း မတိုက်ဆိုင်သော် ခွင့်လွှတ်ကြပါဟု-(စကားချပ်)

ဆိုင်းဘာဘာပေါ်လာသည်၊ ခု ပျောက်သွားပြီ၊

ထပ်တိုးပေါ်လာသည်မှာ အရှင်ဗောဓိမွေ၊

ပြည်ကွင်းဖြစ်တော့ ဟုတ်ဟန်မတူ၊

ဤလို ပုဂ္ဂိုလ်မျိုးအား ဆည်းကပ်၊ ကိုးကွယ်ကန်တော့၍ ဂန္ဓာရီဝိဇ္ဇာပညာလမ်းသို့ ပါဂျိရိုးကားစီးပြီး ထွက်သွားသည်ဟု အဆိုရှိသည်မှာမူ ဘဝင်မကျစရာပါ၊

ဂန္ဓာရီဝိဇ္ဇာပညာလမ်းသို့ ကြေညာမောင်းခတ်၍ ထွက်သွားသည်ဆိုသည်မှာလည်း ဘဝင်မကျစရာပါ၊

"ထေရဝါဒ သာသနာ သမိုင်းတစ်လျှောက် ဆရာတော်ဘုရားကြီးများသည် ဘုရား၏မျက်နှာတော် အစ်ခုတည်းကိုသာကြည့်လျက် တပည့်သာဝကများကို အမြဲတမ်း ကျမ်းဂန်နှင့်အညီ အမှားအမှန်လမ်းညွှန် ဆုံးမ သြဝါဒပေးတော်မူခဲ့ကြပါသည်" လမ်းမှားသို့ မလိုက်မိကြပါစေသော်...။

(* * *)

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ်ဘော်တိုး၊ ဘိုးတော်များနှင့် ထွက်ရပ်ပေါက် ဝေါဟာရအသုံးအနှုန်းမှာ အစဉ်ထာဝရ အပေါင်းလက္ခဏာ ပြုလျက်ရှိနေသည်။

မြဲမြဲခိုင်ခိုင်တွဲစပ်လျက် ရှိနေသည်။

ထွက်နှစ်ထွက်။

အရှင်ထွက်။

အသေထွက်။

နှောင်းကာလက ရှိခဲ့သည်ဟု အမည်နာမ တပ်စရာရှိခဲ့သော်လည်း မျက်မှောက်ခေတ်တွင်မူ ထွက်နှစ်ထွက်နှင့် ထွက်သွားသော ပုဂ္ဂိုလ်မရှိ။

ရှင်အဇ္ဈဂေါဏ၊ ရှုပ်မထီး၊ ဘားမဲ့၊ ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်းခေါင်၊ ရက်ကန်းစင်ဘောင်ဆရာတော်စသည် စသည့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအကြောင်းကို ဗုဒ္ဓစာပေကျမ်းဂန်များ၌မပါ ရှိသော်လည်း ဘိုးတော်များ၊ ဂိုဏ်းဆရာများကမူ တွင်တွင်သွက်သွက်ကြီး ပြောဆိုနေကြသည်။

ထွက်ရပ်ပေါက် ဘယ်ပုဂ္ဂိုလ်က ခေတ်စီးပြီး ဘယ်သို့ပြောသွားသည်ဆိုတာမျိုး။



ညအိပ်နေစဉ် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များနှင့် ကိုယ်ထင်ပြင်ထင်စကား ပြောလိုက်ရသည်ဆိုသည်မျိုး။

လက်ဝါးကိုဆွဲပြီး ခေတ်ရိုက်ပေးသွားသည် ဆိုသည်မျိုး။

ဘဝင်မြင့်စရာ အပြောများကို လျှာအရိုးမရှိတိုင်း ဟူသော ပမာစကားသို့နှယ် သွက်သွက်လက်လက်ကြီး ပြောဆိုနေကြသည်။

ဘုရားလိုကိုယ်သို့ ကိုးကွယ်ဆက်ပိုမသာသော ဆရာတု ဆရာယောင်များအား အားကိုးသမှုပြုသူများမှာ ပြောရလိုက်ယုံ၍ ငြိုးရောကိုလုပ်ရသည့်အဆင့်သို့ နိမ့်လျော ကျဆင်းသွားပါလေတော့၏။

ထွက်နှစ်ထွက်နှင့်ပတ်သက်၍ ကျမ်းဂန်တတ် ဆရာတော်ကြီးများ၏အဆိုအမိန့်မှာ ဤသို့ပါ....

— ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက်၊

ဘိုးတော်များ၊ ဂိုဏ်းဆရာများအား ကိုးကွယ်သူများသည်....

အသေထွက် အရှင်ထွက်ဆိုသည်ကို ဟုတ်နိုးနိုးဖြင့် နားယောင် ရောထွေးကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



— အသေထွက်၊ အရှင်ထွက်ဟုခေါ်သော ဝေါဟာရမှာ အသုံးများလာသည့်အလျောက် ဗုဒ္ဓ၏စာပေကျမ်းဂန်များကိုတည့်တည့်ဝင့်ဝင့်မလေ့လာသူများက ပိဋကတ်တော်လာစကားဟု ထင်မှတ်မှားကုန်ကြသည်။

— အသေထွက်၊ အရှင်ထွက်အသုံးအနှုန်းသည် ထေရဝါဒ ဗုဒ္ဓကျမ်းဂန်များတွင် လုံးဝပါဝင်ခြင်း မရှိကြောင်း

"အရှင်ရာဟုလာဆရာတော်" က အလေးအနက်သတိပေးသွန်သင်ပြောဟောမူခဲ့၏။

"မြန်မာပြည်၌မူ ပိဋကတ်၌ မလာသော ပြဿနာတစ်မျိုးရှိသေး၏။

— ယင်းကား ထွက်ရပ်ပေါက်သည်ဆိုသောစကား ဖြစ်လေသည်။

ထွက်ရပ်လမ်း ပေါက်သည်ဆိုရာ၌ နှစ်မျိုးနှစ်စားရှိသည်ဟုဆိုအံ့။

— ပထမတစ်မျိုးမှာ အသေထွက်၊

— ဒုတိယနောက်တစ်မျိုးမှာ အရှင်ထွက်၊



— အသေထွက်ဆိုသည်မှာ၊ သတ္တဝါတစ်ဦးသည်သေလွန်သွားပြီးနောက် ထွက်ရပ်လမ်း ပေါက်သွားသည်ဟု ဆိုလို၏။

— အရှင်ထွက်ဆိုသည်မှာ မသေဘဲ ထိုပုဂ္ဂိုလ်သည်၊ လူမမြင်ရသော ခန္ဓာကိုယ်အဖြစ် ပြောင်းလဲသွားပြီး နှစ်ပေါင်းများစွာ အသက်ရှင်လျက် တရားဓမ္မများကို ကျင့်နေသည်ဟု ဆိုလိုပေသည်။

— အသေထွက်၊ အရှင်ထွက် ပုဂ္ဂိုလ်များသည်၊ လူများ မမြင်နိုင်သော ကိုယ်ခန္ဓာအဖြစ်သို့ ရောက်သွားသည်။

— လက်ရှိခန္ဓာကိုစွန့်၍ ရောက်သွားသူနှင့် ခန္ဓာကိုမစွန့်ဘဲ ရောက်သူဟူ၍သာ ခြားနားသည်ဟု ဆိုကြလေသည်။

— ဤအယူအဆသည် ပိဋကတ်တော်မှာလည်း မလာဘဲလျက် မည်သည့်အယူအဆမှတစ်ဆင့် ကူးလာသနည်း ဆိုသောအချက်ကို လေ့လာသင့်ကြပေသည်"

ယနေ့လောကတွင် ထွက်ရပ်ပေါက်ဆိုသူ ပုဂ္ဂိုလ်များကို သာသနာ့ပြုပုဂ္ဂိုလ်များ ယူဆပြောဆိုနေသည်ကို ကြားနေတွေ့နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အားသတ္တုတ် အရှင်ထွက်တွေသော အသုံး အနှုန်း ကိုလည်း သာသနာတော်နှင့်ပတ်သက်နေသဖြင့် ထင်မှတ်နေသူများ လည်း ရှိကြ၏။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကို ကိုးကွယ်နေသူ များသည်း ရှိ၏။

စင်စစ် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်နှင့်ဆေးဝါဒ ဗုဒ္ဓသာသနာတော်မြတ်သည် လုံးဝ ပတ်သက်ခြင်းမရှိပါ။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟူသည်၊ သာသနာတော် နယ်ပယ်မှ မဟုတ်ဘဲ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ထွက်ရပ်ပေါက်ကျင့်စဉ်နှင့်ပတ်သက်၍ "ဘဒ္ဒန္တ တိလောကသာရဆရာတော်"မိန့်ကြားတော်မူခဲ့သည်မှာ ဤသို့ပါ။

"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟူသည် လောကုတ္တရာနယ်ပယ်မှ မဟုတ် လောကီ၊ ဆေး၊ အင်း၊ မန္တန် နယ်ပယ်မှ ဖြစ်၍ ကျင့်စဉ်ဟု ဖော်ပြစရာမရှိပါ"။

ဆိုင်ရာ လောကီဆရာများထံ ဆေးဝါး စားသောက်ခြင်း ဓာတ် အင်း၊ မန္တန်စီရင်ခြင်း စသည်တို့ဖြင့် ပေါက်မြောက်နိုင်ပါသည်။



ဗုဒ္ဓစာပေတွင် ဂန္ဓာရီအဘိဇ္ဇာဟု ဆိုပါသည်။ ရှေးဂန္ဓာရီတိုင်း ရှိသူများက အခြေပြုခဲ့သော အတတ်များဖြစ်၍ ဂန္ဓာရီဆိုသည်မှာ ယင်း အတတ်ဖြင့် ဆေးဝါးမန္တန်တို့ကို စီရင်ကျူးရှင့်၍ ကောင်းသွားနိုင်ခြင်း၊ ဆင်သဏ္ဍာန်၊ မြင်းသဏ္ဍာန်တို့ကို ဖန်ဆင်းနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ကြောင်း အဆိုရှိသည်။

လောကီ၊ ဂူဠှ(တန်ခိုး)များတွင် ဝိဇ္ဇာမဟိဒ္ဓိ (အတတ်ပညာတန်ခိုး)ဟုမှတ်ယူအပ်ပါသည်။

ထွက်ရပ်ပေါက်ပြီးသူသည် အသက်တစ်ကမ္ဘာ ရှည်သဖြင့် နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့နိုင်သည်ဟု ပြောကြဆိုကြသည်ကိုကြားဖူးသည်။

အထောက်အထားမရှိ။

မသေချာပါ။

သထုံ ရာဇဝင်တွင် ဇော်ဂျီသော်တာင်ဖော်ရယ်၊ ဖုတ်ကျင့်စားရကြောင်း ဖတ်ရှုရသဖြင့် ၎င်းတို့ ဤခေတ်တွင်မှာပင် သေကြောင်း သိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်ဖြစ်ရန် စိပ်သနာနှင့် လုံးဝမဆိုင်ပါ၊

ကမ္ဘာ့ဌာန်းလေးဆယ်တွင်လည်း ထွက်ရပ်ပေါက်ရန်အတွက်

ဆုတောင်းဆုယူပြုဖွယ်ရာမရှိ၊

ဖော်ပြပါအတိုင်း တတ်ကျွမ်းသော ဆရာသမားများထံ

နည်းခံရန်သာလိုပါသည်၊

ယနေ့ ခေတ်စားနေသော ထွက်ရပ်ပေါက် ဓါတ်ဆေး အသုံးအနှုန်းနှင့်ပတ်သက်၍ သတိပြုဆင်ခြင် ဘွေးခေါ်ရ အဖြစ် ထုတ်နုတ်ဖော်ပြအပ်ပါသည်၊

(* * *)

မြို့နယ်အနှံ့ ဘိုးတော်တွေ ခေတ်စားနေချိန်မှာ သူ့ထက် လူစွမ်းကောင်း တစ်ယောက်ပေါ်လာသည်။

သူခံယူသည့်အမည်မှာ ဘိုးတော်ထက် တန်းမြင့်သည်။

ဘ... ဘုရားဘိုးချွန်း



အသက်ခုနစ်ဆယ်အရွယ်၊

လောကုတ္တရာရေးရာ များကိုလည်း ပိုင်နိုင်ကျွမ်းဝင်စွာ ပြောနိုင်သည်၊

အာဝဇ္ဇန်းလည်းကောင်းသည်၊

အဘိဓမ္မာနိုင်မှ တရားပိုင်သည်၊

ဆိုသည်နှင့်အညီ အဘိဓမ္မာကိုလည်း နှံ့နှံ့စပ်စပ်ကလေး ဟောနိုင်သည်၊

ယောဂီဝတ်စုံနှင့်၊

ရာသက်ပန် သက်သတ်လွတ်စားသည်၊

ဥပုသ်ရုပ်က သန့်ပြန့်သည်၊

ကွမ်းတစ်မြုံ့မြုံ့ဝါး၍ ပုတီးနှင့်လက်မ၊ လက်ညှိုးများ အချိန်နှင့်အမျှ တွဲစပ်လျက်ရှိသည်၊

လောဘကိုသတ်၊

ဒေါသကိုပယ်၊

www.burmeseclassic.com

www.burmeseclassic.com



လောဘဝေဒနာကြီးနဲ့

သစ္စာကိုပိုက်ထွေး၊ ဘဝအရေးစိတ်အေးရမည်။

တိုရှင်း၊ လိုရင်းအပြောမှာ မပနာပြီးရှဲ့ဘဝင်ထိစရာပါ၊

"လောဘကိုရွေးရှုအဲ့ စီးပွားရေး၊ကြီးပွားရေး၊အိမ်ထောင်ရေး အရှုပ်အရှင်း ပြဿနာတွေအတွက်တော့ အဘဆီမလာနဲ့၊ အဘက ဒါမျိုးတွေ မလုပ်ဘူး၊ အာရောဂျ ပရမ လာဘ လိုချင်ရင်တော့ အဘဆီလာ၊ အဘက ကျန်းမာရေးအတွက် ရှင်လေးပါး၊ သေလေးပါး၊ ထွင့်ခေါင်ပုဂ္ဂိုလ်ကြီးများ ဓာတ်ဆက်ပေးထားတဲ့ ဓာတ်လုံးရေမန်းတိုက်ကျွေးမယ်၊ ဖြစ်နေတဲ့ ရောဂါဘယသက်သာပျောက်ကင်းရမယ်၊ ဖြစ်ဖို့အလားအလာရှိတဲ့ ရောဂါကို တားဆီးပေးမယ်၊ အာရောဂျ ပရမ လာဘ လာဘ်ကြီးကိုပဲ အဘကပေးနိုင်တယ်"

ရွှေဆတိုး ငွေဆတိုးဖြစ်လာမယ်၊ စီးပွားရေး၊ ကြီးပွားရေး အတွက် အားလုံး ခံအောင်မြင်ဖြစ်ထွန်းကြရမည်။ အိမ်ထောင်ရေး၊ သားရေးသမီးရေးအားလုံး အဆင်ပြေစေရမည်ဟူ ပွဲတိုး၍ ကန့်ကိုးထွားနေသည့် အခြားသော ဘိုးတော်များနှင့်မတူ။



အာရောဂျ၊ ပရမ၊ လာဘ အတွက် တစ်မျိုးတည်းကိုသာ လုပ်ပေးသည်။

ရှင်အဇ္ဇဂေါဏရှင်မထီး၊ ဘားမဲ့၊ ဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင်၊ ဘိုးမင်းခေါင်၊ ဘိုးတော်အေး၊ ပြူးပွင့်၊ ဘိုးတော် အများ အပြောနှင့်ကွာခြားသောအပြော။

ရှင်လေးပါး၊ သေလေးပါး၊ ဓစ္စတ်ဆက်၊ ရေမန်းနှင့် ကျန်းမာရေး အတွက်သာဆိုသည်က အများနှင့် မတူ တစ်မူထူးခြားနေသည်။

ငွေကြေးနှင့် အခြားပစ္စည်းလက်ဆောင်ပေးခြင်းကို လုံးဝလက်မခံ။

သေလေးပါး၊ ရှင်လေးပါး၊ ထွင့်ခေါင်၊ ပုဂ္ဂိုလ်ကြီးများကို ဦးခိုက်လိုလျှင် အနည်းဆုံးရွှေဆိုင်း ကိုးချက်ဖြင့် ကန်တော့ရမည်။

သဒ္ဓါ စေတနာ ပို၍ဖြစ်ထွန်းလျှင် မိမိတို့ သဒ္ဓါစေတနာ အလျောက် ကန်တော့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွှေဆိုင်းများကို ဆေး–ချင် ဆေးပါး၊ ထွင့်ခေါင်ပုဂ္ဂိုလ်ကြီးများကို ရည်စူး၍ ဘန်ခိုးကြီးဘုရားများမှာ ရွှေချခြင်းပြုလုပ်ရသည်။

ထိုသို့ပြုလုပ်ခြင်းမှာ ထွင့်ခေါင်ဆရာတော်ကြီးများ၏ပါရမီကို ဖြည့်၍ ခေတ်ဆက်ခြင်းဖြစ်သည်။

ကိုယ် လှူလိုက်ရသည့် ရွှေဆိုင်းတွေ တန်ခိုးကြီး ဘုရားမှ ရွှေချသည်ဟု အလိုရှိသောကြောင့် ကုသိုလ်ရသည်။

များများလှူရင် ပြည့်ပြည့်ဝဝ ကုသိုလ်ရသည်။

ဤသို့ အယူစွဲရှိသော မြန်မာ့ခုလူမျိုးများက များများ လှူကြသည်။

ဘဘုရားဘိုးစျာန်ပြောသည့် ရွှေဆိုင်းကို ရှက်ရေနှင့် လှူသူ (၀၊)ပေးသူက မဆိုသလောက်ဟုဆိုရမည်သို့ ရှိပါချေ၏။

အဆိုင်းသေး၊ အဆိုင်းကြီး၊ အဆိုင်းလတ်ပေးကြသည်။

ရွှေဆိုင်းလှူသူက ရွှေဆိုင်းကို ညာဘက်လက်ဝါးပေါ်တင်ထားရသည်။



"ကဲ…သေလေးပါ၊ ရှင်လေးပါ၊ ထွင့်ခေါင် ဆရာတော်ကြီးများကို အာရုံပြု"

ဘိုးစျာန်က သူ၏ခေတ်လုံးကို ရွှေဆိုင်းပေါ်သို့တင်၍ သူ၏လက်ဝါးဖြင့်အုပ်ပြီးသကာလ ဆုပေးစကားများဖြင့် လှူသူကို ကြည်နူးနှစ်သိမ့်စေသည်။

တစ်နည်း၊ သူ ရရှိပြီးသည့်ခေတ်ကို ဆက်ပေးခြင်း။

ရွှေဆိုင်းမလှူသူများမှာ ခေတ်ဆက်ခွင့်ကို မရ။

သည်တော့လည်း သူ့ထက်ငါဦး လှူကြသည်။

တချို့က ကိုယ်တစ်ယောက်တည်းအားမရ။

မိသားစုလိုက် လှူကြသည်။ ခေတ်ဆက်ကြသည်။

ဘိုးစျာန်က ပွဲမထိုး။

ဟိတ်ဟန်မထုတ်။

ငွေကိုမယူ။

ရွှေကိုယူသည်။

ရွှေဆိုင်းကို ငွေနှင့်ဖလှယ်၍ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



များတော့လည်း အကုန်လုံးဘယ်ချနိုင်ပါမလဲ။

နှာပည်အသစ် ဆန်းသစ်သလို နည်းသစ်ကိုလည်း တီထွင်ခဲ့သည်။

အရိုးခံထက်၊ အသစ်အဆန်းကို ပို၍ စိတ်ဝင်စားသည်မှာ လူ့သဘာဝ။

ဘိုးချော်နကလည်း တစ်မျိုးတစ်ဘာသာ ဆန်းသစ်သော အပြပါသည်။

အာရောဂျ ပရမ် လာဘ်၊ ကျန်းမာရေးအတွက်သက်သက် ဆိုတော့လည်း ကျန်းမာရေး အဆင်မပြေသူများ လာကြသည်။

ကျန်းမာရေး အဆင်မချောသူလည်း အများသားကလား၊

ဘိုးချော်နက ရေတစ်ဖန်ခွက်ကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်၍ဥ၊ ခြောင်းခံ၍ မန်းမှုတ်သည်။

ပြီးတော့မှ လည်ပင်းတွင် ဆွဲထားသည့် ကတ္တီပါအိတ်ထဲမှ ဆေးလုံးကိုထုတ်ယူ၍ ဖန်ခွက်ထဲသို့ထည့်လိုက်သည်။

ဖန်ခွက်ထဲမှရေများ ပလုံစီဆလာသည်။



"ကဲ....ပုဂ္ဂိုလ်ကြီးတွေကို အာရုံတင်ပြီး ဖြည်းဖြည်းသောက်"

ကျန်းမာရေး အဆင် မချောသူများမှာ မြန်မာဆရာ သို့မဟုတ် ဆရာဝန်ထံမှပြန်လာပြီးပေးလိုက်သောဆေးဝါးများကို သောက်ပြီးသည့်အခါ နဒိုခံစားနေရသည်ထက် သက်သာသည် ဟူသော အစွဲရှိကြသည်။

ဘိုးချော်နှန်၏ ဓာတ်လုံးရေကို သောက်ပြီးသူ များကလည်း ထိုသို့ပင် အစွဲဆင်ကြသည်။

သည်တော့ မြန်မာလူမျိုးတို့၏ဓလေ့စရိုက်အတိုင်း လက်တို့ပြောကြသည်၊ တစ်ဆင့်စကား တစ်ဆင့်နားပါးကြသည်၊

ကုသိုလ်လည်းရ၊ ရောဂါလည်း သက်သာသမို့ မရောက်မဖြစ် သွားကြဖို့ ခေတနာ့ဝန်ထမ်း လှို့ဆော် တိုက်တွန်းပေးကြသည်၊

လိမ်သူတစ်ယောက်ရှိလျှင် ခေတ်အဆက်ဆက် အလိမ်ခံရန် စောင့်နေသူ တစ်ရာနှစ်ရာမှာရှိစမြဲ။

အရိုးကိုအရွက်ဖုံး၍ ပြဘွက်သွင်ကြသလို ရိုးရိုးစင်းစင်း ပြကွက်ထွင်သူများလည်းရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘဘုရားဘိုးချာန်က တစ်နေ့ရာတည်းတွင် အတည်တကျ ပနေ၊ အထက်အောက် မြန်မာပြည်မြို့ကြီးများသို့ လှည့်လည်သွားရောက်နေသူဖြစ်၏၊

ဘဘုရားဘိုးချာန်နှင့် ဆုံစည်းလိုက်ရစဉ်က "ရှင်လေးပါး သေလေးပါးဟု ကြားခဲ့ရစဉ်က ရှင်လေးပါး၊ သေလေးပါး အကြောင်းက ဂဃနဏမသိခဲ့၊

နှာနှင့်ယှဉ်ပါးနေသည့် "ရှင်ဥပဂုတ္တ" ပါသည်ကိုတော့ အမှတ်အသားပြုလိုက်မိသည်၊

ဤစာအုပ်ကို ရေးမည်ဟုစည်းရွယ်ပြီး အချက်အလက်များ စုဆောင်းသောအခါကြမှ ဆရာမင်းနန် (မော်ကျွန်း) ၏ အယူအမြင်နှင့် ကိုးကွယ်မှုစင်ကြယ်သန့်ရှင်းရေး၊ ဆရာတော်ကြီးများ၏ ဩဝါဒတော်များ "စာအုပ်တွင် ရှင်လေးပါး၊ သေလေးပါး" အကြောင်း ပါရှိလာတော့မှ ဂဃနဏသိလိုက်ရသည်၊

"ပိဋကတ် မြန်မာပြန်ကျမ်းများ ပေါ်ထွက်ခြင်း မရှိသေးပါ ကာလက၊ လူဝတ်ကြောင်များ အနေဖြင့် အစဉ်အလာသုံးနှုန်း



ပြောဆိုခဲ့သော "စကားများ၊ အယူအဆများထဲမှ အဘယ်အရာသည် ထေရဝါဒ ပိဋကတ်တော်တွင် ပါရှိသည် မပါရှိသည်ကို လည်းကောင်း၊ ထေရဝါဒနှင့် ညီညွတ်သည် ဆန့်ကျင်သည်ကိုလည်းကောင်း၊ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိမြင်နားလည်ခြင်း မရှိသောကြောင့် ထေရဝါဒ ပိဋကတ်တော်တွင် မလာရှိသော အယူအဆစကားများကို ပြောဆိုသုံးနှုန်းခြင်း၊ ယုံကြည်လက်ခံခြင်းများ ပြုခဲ့ကြရာ၊ ယင်းအစဉ်အလာ အမှားများထဲတွင် "သေလေးပါး၊ ရှင်လေးပါး" တူသော စကားလည်း ပါရှိ၏"

ယင်း အယူအဆနှင့် ပတ်သက်၍ "အရှင်ရာဟုလာ ဆရာတော်"က ဤသို့ လမ်းညွှန်ရှင်းဖြခဲ့သည်၊

— အစပထမ လေ့လာရန်အချက်မှာ
ရှင်လေးပါး၊ သေလေးပါး ဟူ၍
ရဟန္တာပုဂ္ဂိုလ် များကို
ခွဲခြားသတ်မှတ်ထားကြ၏၊

— ရှင်လေးပါးစာရင်း၌....

www.burmeseclassic.com

www.burmeseclassic.com



၁။ ရှင်ဥပဂုတ္တ။ (တောင်သမုဒ္ဒရာ)

၂။ ရှင်သာရဒတ္တ။ (မြောက်သမုဒ္ဒရာ)

၃။ ရှင်အင်္ဂုလိသာရ။ (ပြူပါရုသမုဒ္ဒရာ)

၄။ ရှင်မေခရ။ (အနောက်သမုဒ္ဒရာ)

— သေလေးပါးစာရင်းသွင်းမှု...

၁။ ရှင်မဟာကဿပ။ (ဝေဘာရတောင်)

၂။ ရှင်မဟာသိဿ။ (ဥတ္တမတောင်)

၃။ ရှင်ဥဒေပက္ခ။ (မကူလတောင်)

၄။ ရှင်ဓမ္မသာရ။ (ပလ္လင်္ကတောင်)

— ယင်း ရှင်လေးပါး၊ သေလေးပါးမှာ
မည်သည့်ပိဋကတ်တော်တွင်မှ မလာဘဲ
ရှေးခေတ်ကပေါ်ခဲ့ဖူးသော
ဘုရားရှိခိုးအမျိုးမျိုးစာအုပ်တွင် တွေ့ရဖူး၏။



— မည်သူက စတင်တီထွင်လိုက်သည်ဟု
လက်သည်အတိအကျမရှိဘဲ
မြန်မာဗုဒ္ဓဘာသာများအတွင်းသို့
အယူအဆတစ်မျိုးရောက်နေသည်မှာ
ဝမ်းနည်းဖွယ်ရာ ကောင်းလှ၏။

— ရဟန္တာပုဂ္ဂိုလ်များ၏ ဂုဏ်တော်
ဗုဒ္ဓ၏တရားတော်ကိုမှ မျက်နှာမထောက်ဘဲ
ယင်းရာကိုဖန်တီးကြသည်မှာ
ဗုဒ္ဓဘာသာဝင်အဖို့ ကောင်းသောလက္ခဏာ
မဟုတ်ချေ။

— ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်များကို
ယနေ့တိုင်အောင် အသက်ရှင်လျက်ရှိသည့်သဘော
သက်ရောက်အောင် ဖန်တီး၍
ယုံသူကလည်း ယုံနိုင်ကြသည်မှာ
အံ့ဩဖွယ်ရာ ရှိချေသည်။

တွေ့ဆုံဖူးရသည့် ဘဘုရားဘိုးတော်ကလည်း ထိုသဘော
သက်ရောက်အောင် ဖန်တီးလုပ်ဆောင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟချင်းရာဟုလာ၏ လမ်းညွှန်ချက်ကို ဖတ်ပြီးမှ ဘဘုရား ဘိုးချွန်း၏ တီထွင်ချက်ကို "အို...ဟို...ဒါကြောင့်ကိုး" ဟု ထဲထဲဝင်ဝင်ကြီး သဘောပေါက်လိုက်ရပါသည်။

နောက်ပိုင်းတွင် ဘဘုရားဘိုးချွန်းကလည်း အဓောာ်လေး ခြေလှမ်းသွက်လာသည်။

ဘဘုရား ဘိုးချွန်ဂိုဏ်းပျုံ့ပြင် ထပ်တိုးဂိုဏ်း တစ်ဂိုဏ်း ပေါ်လာတော့မည့်အခြေအနေသို့ ရောက်လာသည်။

ဒါပေသိ။

မရောက်လိုက်ရပါ။

မရောက်လိုက်သည်မှာ ဘိုးတော်စစ်ဆင်ရေး ပေါ်လာသောကြောင့်။

(* * *)

ဘိုးတော်လောကအဖို့ မဟုတ်မဟတ်က ဟမောက်ကမဖြစ် ရုပ် အကြွေကြွေဖြစ်လာသည်။



နိုင်ငံရေးအဖွဲ့အစည်းလို တစ်ပြည်လုံးက ဂိုဏ်းအဖွဲ့ဝင်တွေ တက်ရောက်သော စုံညီ ညီလာခံလုပ်သည့်ဂိုဏ်းပင်ရှိလာသည်။

ပါတီအဖွဲ့ အစည်းနှင့်လက်နက်နက်ကိုင်အဖွဲ့အစည်းအတွင်း သို့ပါ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။

ပြဿနာတွေ တက်လာသည်။

ရိုက်စားကွက်များမှာ အကွက်သေးမှ အကွက်ကြီးဖြစ်လာ သည်။

နိုင်ငံအတွင်းက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များသာမက ပြည်ပ က တင်သွင်းလာသည့် မဟာဘိုးတော်ကြီးများပေါ်လာသည်။

ဓာတ်ပုံလှည့်စားချက်ဖြင့် နိုင်ငံအကြီးအကဲများနှင့် တွဲရိုက် ထားသော ဓာတ်ပုံတွေပေါ်လာသည်အထိ အတင့်ရဲလာသည်။

တချို့များဆို ပွဲသိုးထားသည့်အုန်းသီးပေါ်မှာထိုင်၍ပုတီး စိပ်နေသော ပုံမျိုးကိုပင် ဖန်တီးတီထွင်လာကြသည်။

တွေးခေါ်ဆင်ခြင်မှု ရင့်သန်သည်ဟု ဆိုရမည်သော ပညာ တတ် ပုဂ္ဂိုလ်ကြီးများ ပါးစပ်ဖျားတွင် ရေပန်းစားလာသည့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြမ်းစွဲလိုက်ရသည့် လှည့်ဖြားမှုအရာတွင် မဟာအကျော် ဝိဇ္ဇာကြီးပေါ်လာသည်။

ဘိုးတော်ထင်အောင်

သူ့အကြောင်းများ ပြောမဆုံးပေါင် တောသုံးထောင်သို့ နှယ် ဟိုးလေးတကျော်ဖြစ်လာသည်။

ဘာသာရေးနှင့် မသက်ဆိုင်သော မလုပ်သင့် မလုပ်အပ်ရာ တွေ စွက်ဖက်မှုတွေ လုပ်လာသည်။

ရွှေတိဂုံဘုရားကြီး ရင်ပြင်ကို သူတို့နယ်မြေမှာ အပိုင်စား လုပ်လာသည်။

တရားမဝင်သော စီးပွားရေးများနှင့် ရောနှောယှက်သင် ရှိလာသည်။

အခါတော်ပေးပုဂ္ဂိုလ်ကြီးများ ဖြစ်လာသည်။

သက်ဆိုင်ရာ တာဝန်ရှိသောအပိုင်းက မျက်ကွယ်ပြုခဲ့ရ အောင် ရှုပ်ထွေးပြဿနာတွေ တစ်ထွေးကြီးရှိလာသည်။

၁၉၇၅-ခုနှစ်။



(၇၅-နှင့်၇၆-အမှတ်များကောင်း မှားနိုင်ပါသည်)

ဘိုးတော်စစ်ဆင်ရေးလုပ်၍ အမည်ခံဘိုးတော်များကို ထိန်းသိမ်းပြီးနောက် သူတို့နှင့် လျော်ကန်သင့်မြတ်လိုက်လျော်ညီထွေ ရှိသည့်နေရာသို့ ပို့လိုက်ရသည်။

စာရေးသူကိုယ်တိုင်ပင် ပါဝင်ကူညီပေးခဲ့ရသည်။

သူတို့နှင့် လျော်ကန်သင့်မြတ် လိုက်လျောညီထွေ ရှိသည့် နေရာမှာ အင်းစိန်ထောင်။

အင်းစိန်ထောင်သို့ တစ်ပြုံတစ်မကြီးဝင်သွားရသည်။

ထိုစဉ်အခါက ဘိုးတော်လောကတွင် နာမည်အကြီးဆုံး ယိတ်သိတ်ကြီး တုနှိုင်းမယှဉ်ရာ ဘိုးတော်တင်အောင်လည်း ပါ သွားသည်။

ဟိတ်ကြီးဟန်ကြီး တင်ပျဉ်ခွေထိုင်၍ ကျုံ့ကျုံ့ယို့ယို့ ရှေ့နောက်ရောက်နေသူများကို ဘာဖြစ်စေသတည်း၊ ညာဖြစ် စေသတည်း လုပ်ပေးနေသူများ၊ ပုံစံထိုင်၊ လုံးတီးစား ထောင် ဝင်းသားအဖြစ်သို့ ပြောင်းလဲသွားကြသည်။

စဉ်းစားစရာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘာဖြစ်တော့မည်ကို မသိသူက သူများဘာဖြစ်မည်ကို ပြောသွားအမြင်၊ အဟောအပြော လုပ်နေသူများ ပသို့ ရှိပါ လိမ့်ဟု။

(* * *)

ဘိုးတော်လောကာ၊

တုန့်လှုပ်သွားသည်၊

ချောက်ချားသွားသည်။

ခြေမကိုင်မိ၊ လက်မကိုင်ဖြစ်မိသွားသည်။

ငေါင်သွားသည်။

ကြောင်သွားသည်။

ခြေလှမ်းစရာ နယ်ကျဉ်းသွားသည်။

ကိုယ့်အလှည့် ဘာယ်နေ့လဲဟု ဖြစ်မနေသူတွေ။
မိုးမပျံနိုင်သော်လည်း မြေလျှိုးပြီး ခြေရာဖျောက်သူတွေ။



ဘာသောင်းကနင်း စိတ်ချောက်ချားနေသူတွေ။

သူတို့လောက ဖရိုဖရဲဖြစ်သွားသည်။

ကိုယ့်အလှည့် ဘယ်နေ့လဲဟု ကြောင့်ကြသူတွေရှိလာသည်။

ထောင်ချောင် ထောင်ထောင် လုပ်နေရာက ပုပ်လျှိုးသွားကြသည်။

ထာဝရတော့ ဟုတ်ဟန်မတူ၊ တစ်ခဏတာ ဖြစ်လိမ့်မည်ဟု ထင်သည်။

ထင်သည့်အတိုင်းလည်း မှန်သည်။

ယနေ့ အသွင်တစ်မျိုးဖြင့်ပြန်လည်၍ ခေါင်းပြူလာသည်။ ဘာချို့ဆို ခေါင်းထောင်လာသည်။

ရှိပါစေ။

ဗုဒ္ဓဘာသာဝင်စစ် ဖြစ်လိုသူများကတော့ ဗုဒ္ဓ၏အဆုံးအမ အပေါ်တည်၍ နှလုံးသွင်းမှန်ဖို့လိုပါသည်။

နှလုံးသွင်းမှန်လျှင် သူတို့ကို ကိုယ့်ဘဝစက်ဝန်းထဲမှ ပယ်ရမည့် သူများအဖြစ် ပြတ်ပြတ်ထင်ထင် သတ်မှတ်ရမည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ အဆုံးအမ ပေးသော တရားခွေမှ "နိယတမိစ္ဆာဒိဋ္ဌိမဖြစ်စေနှင့်"တဲ့ ဟောကြားခဲ့သည့် ကောက်နုတ်ချက်ကို ဖော်ပြပါရစေ။

- ထေရဝါဒ ဗုဒ္ဓကျမ်းစာများနဲ့ အလှမ်းဝေးသူတွေဟာ
  မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့
  မြတ်ဗုဒ္ဓ၏ အဆုံးအမတော်ကို
  အလေးအနက်မထားကြဘူး။

  နားလည်သဘောပေါက်ခြင်းမရှိကြဘူး။

- စေတနာကို ကံလို့ခေါ်ကြောင်း၊ ဗုဒ္ဓရဲ့ ဟောကြားချက်အပေါ်မှာ
  နက်နက်နဲနဲ နားလည်နိုင်မှုမရှိကြသေးဘူး။

- အစစ်အမှန် အားကိုးရာဟာ မိမိအတွင်းသန္တာန်မှာပဲရှိတယ်။

  စေတနာ၊ ကံ၊ ဉာဏ်၊ ဝီရိယတို့အပေါ်မှာ ယုံကြည်အားကိုးမှုအားနည်းလာတယ်။

BURMESE CLASSIC .com



- ဒါကြောင့် ပြင်ပက ဘိုးတော်၊ဂိုဏ်းဆရာ၊ ဆေးဘုန်းကြီး၊ အင်းဘုန်းကြီး၊ မန္တာန်ဘုန်းကြီးတွေအပေါ်လွဲမှားစွာ
  ယုံကြည်အားကိုးရာကြတာပဲ။

- မိမိ၏အတွင်းသန္တာန်မှာ ထွန်းလင်းပြီးရှိနေတဲ့

- အားကိုးရာ အစစ်အမှန်များအပေါ် သက်ဝင်မယုံကြည်ဘူး။

- အဲဒါဟာ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းပဲ။

"မိမိရဲ့ခန္ဓာကိုယ်မှာ၊ မိမိရဲ့နှလုံးသားမှာ တကယ်အရှိဖြစ်တဲ့ စေတနာရဲ့စွမ်းရည်သတ္တိ၊ ဉာဏ်ရဲ့စွမ်းရည်သတ္တိ၊ ဝီရိယရဲ့စွမ်းရည်သတ္တိတွေကိုယ်မှာ အရှိဖြစ်တဲ့ ဒီသဘာဝတရားတွေရဲ့စွမ်းရည်သတ္တိတွေကို မယုံကြည်တာအားမကိုးတာဟာ နိယတမိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်"

ဆရာတော်ဘုရားကြီး၏ ဘုံးမဩဝါဒအရ ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်သောလမ်းနှင့် မှားယွင်းသောလမ်း၊

လူပွဲဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ၊

ဘယ်လမ်းရွေးရမည်မှာမူ မိမိ၏အပေစွင်သာ T တည် လိမ့်မည်ပါ၊

* * *

BURMESE CLASSIC .com

## ( ငါး )

ယနေ့ခေတ်၊

နတ်ကတော်ထံရောက်လျှင် နန်းကရိုင်းမယ်တော်၊

ဘိုးတော်နှင့်ဂိုဏ်းဆရာများထံရောက်လျှင် သူရဿတီမယ်တော်၊

နန်းကရိုင်းမယ်တော် ခေတ်စားလာသည်မှာ မကြာသေး၊

သူရဿတီမယ်တော် ခေတ်စားသည့် အချိန် ကာလ[illegible]မှ ကြာညောင်းခဲ့ပေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်များ ဂိုဏ်းဆရာများထံရောက်လျှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ အမည်နာမများနှင့်တွဲလျက် ကြားရစမြဲဖြစ်သော မယ်တော်အမည်မှာ သူရဿတီမယ်တော်။

ဘိုးတော်များနှင့် ဂိုဏ်းဆရာများမှာ သူတို့ဆီ ရောက်လာသည့် အမျိုးသမီးပရိသတ်အတွက် သူရဿတီမယ်တော်မှာ မရှိမဖြစ် လက်ကိုင်ထားရသည်။

အမျိုးသမီးပရိသတ်နှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များမှာ မလိုက်ဖက်။

အမျိုးသားပရိသတ်အတွက် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များနှင့် တွဲစပ်ပေးလျှင် သဘာဝလည်းကျသည်၊ လိုက်လည်းလိုက်ဖက်သည်။

အမျိုးသမီး ပရိသတ်အတွက် သူရဿတီမယ်တော်နှင့် တွဲစပ်ပေးမှ ပို၍လိုက်ဖက်သည်။

လိုက်လျောညီထွေရှိသည်။

မြန်မာလူမျိုးအများစုမှာ သူရဿတီအမည်နာမနှင့် နားယဉ်ပါး နေသည်မှာကြာပြီ။



ရုပ်တုများထားသည့် ဘိုးတော်ထံရောက်လျှင် တခမ်းတနားထုလုပ်ပြင်ဆင်ထားသည့် ရွှေရောင်ဝင်းပလျက်ရှိသော သူရဿတီရုပ်တုကိုတွေ့ရမည်။

ဒါမှ ရွှေရောင်နှင့်လိုက်ဖက်သည့် ကော်ဇောဝါရောင်။

ထည်ထည်ဝင့်ဝင့်၊ ကြွားကြွားရွားရွား ရုပ်တုကြီးများ မထားနိုင်သည့် ဘိုးတော်များထံ ရောက်လျှင် ရွှေမှုန်ပေါင်ဖြင့် သွင်းထားသော သူရဿတီမယ်တော် ရုပ်ပုံကားချပ်ကို တွေ့ရမည်။

သူတို့ကြောင့် ဖန်ပေါင်းချောင်နှင့် အုပ်ထားသည့်အရွယ်အစား အမျိုးမျိုး သူရဿတီမယ်တော်ရုပ်တုများ အရောင်းသွက်သည်။

သူရဿတီမယ်တော် အစောင့်အရှောက်ခံရသည့် သမီးတော်ဟု အဆိုပြုလိုက်သောကြောင့် တတ်နိုင်သူက ရုပ်တုကြီးကြီး၊ မတတ်နိုင်သူက ရုပ်တုသေးသေး ဝယ်ရပြီပေါ့။

နေ့စဉ် စံပယ်ကုံးကိုခွေ၍ ဆက်ရပြီပေါ့။

သူတို့လက်ဆက်မှာ တီထွင်ချက်များလည်း ပေါ်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတိတ္ထင်ချက်ကို အဘယ်မည်သော ဘိုးတော်၊ အဘယ်မည်သော ဂိုဏ်းဆရာက စလိုက်သည်ကိုမူ ယနေ့အထိ စူးစမ်းလေ့လာ၍မရသေးပါ။

သူရဿတီမယ်တော်ကို ဦးထိပ်ပါးပုံရိပ်မြင်ချင်သလား။

သူရဿတီမယ်တော်နှင့် အိပ်မက်ထဲမှာ ကိုယ်ထင်ပြသည်ကို မြင်လိုသလား။

သူရဿတီမယ်တော်နှင့် မနေ့ဘ ဆက်သွယ်မှုက တစ်ဆင့် စကားပြောလိုသလား။

သူရဿတီမယ်တော်ကိုယ်တိုင်ကြွပြီး၊ လဲလျောင်းသွားသည့် ပုံရိပ်ထင်သည်ကို တွေ့လိုသလား။

အမြဲတမ်း ကိုယ်နှင့်မကွာ စောင့်ရှောက်မှုကို ခံချင်သလား။

တွေ့ရမည် မြင်ရမည်ဟု ရဲရဲကြီး အာမခံချက်ပေးသည်။

လုပ်ရမည့်ကျင့်စဉ်နည်းလမ်း ပေးသည်။

အဲဒီတိတ္ထင်ချက် ပေါ်လာသည်မှာ ဘော်ဘိုး၊ ဘိုးတော် တို့၏ လက်ထက်တွင်ဖြစ်၏။



သူရဿတီမယ်တော်နှင့် တွေ့ချင်ရင် လုပ်ရမည့် လုပ်နည်း (၀ါ)ကျင့်စဉ်ကို လမ်းညွှန်ပေးသည်။

(* * *)

သူရဿတီဂါထာ။

— ဥုံ—ဗိဋကတ္တယ၊ သဗ္ဗညုတ္တံ
သဗ္ဗသိဒ္ဓိ၊ သုခါဝဟ၊
ဇိဝှဂ္ဂေ၊ မေနိတိ၊ ဒိသွာ၊
မန္တန်ဒေတု၊ သူရဿတီ။

(သတ်ဖွံ့ထက် အသံထွက်ကို မူတည်ရေးပါသည်)။

(* * *)

www.burmeseclassic.com

www.burmeseclassic.com



သုရဿတီပုတီးစိပ်၊

— ဥုံ-သူရဿတီစ၊ မေမာတာ၊

မာတာစမေ၊ သူရဿတီ၊

အနုကမ္ပ၊ ဥပဋ္ဌန်း၊

ပီယံစေးတုံ၊ လာဘံစေးတုံ၊ ဉာဏ်နံ့စေးတုံ၊

သူရဿတီ။

(* * *)

ဆရာတော်၊ သခင်တော်ကြီးများ၏ ဘုရားရှိခိုးအမျိုးမျိုး ပုတီးစိပ်အမျိုးမျိုး၊ အလေ့အထ သဘာရှိသည်ကို တွေ့ရပါ၏။

သူတို့အားလုံးသူတို့ တီထွင်ထားသည့် "ဂါထာ" နှင့် "ပုတီးစိပ်" ဖြစ်ပါလိမ့်မည်။

လုပ်နည်းလမ်းညွှန်—

သက်သက်လွတ်စား၍ (၉) ရက်အဓိဋ္ဌာန်စဝ်ရမည်။



အိမ်ထောင်သည်ဖြစ်လျှင် ထိုရက်များအတွင်း ခင်ပွန်း ဖြစ်သူနှင့် ကင်းကင်းရှင်းရှင်းနေရမည်။

အကြောင်းကြီးငယ်မရှိဘဲ ဟိုဟိုသည်သည်မသွားရ။

အဓိဋ္ဌာန်ဝင်သည်နှင့် သူရဿတီမယ်တော်အတွက် အထူးပွဲ ဆက်ရမည်။

အထူးပွဲဆိုသည်မှာ ဖီးကြမ်း၊ ရခိုင်ငှက်ပျောနှင့် ပြင်သည့် ပွဲမျိုးမဟုတ်။

ဝါဖီးဖီးရွှေငှက်ပျောသီးနှင့် ပြင်ရမည့်ပွဲ။

ဟိုတုန်းကတော့ ရွှေငှက်ပျောသီးကသည်း ဈေးသိပ်မကြီး သေး။

ယခုခေတ် ဈေးနှုန်းနှင့် ဆိုလျှင် ပွဲတစ်ပွဲစာအတွက် တော်တော် ကုန်ကျသွားမည်။

ပွဲကို ကိုယ်တိုင်မှာ ကိုယ်မပြင်ရ။

ပွဲပြင်ပုံ အမှားအယွင်းဖြစ်နိုင်သောကြောင့် ဆရာက ပွဲပြင် ပေးမည်၊ သည်အတွက် ဆရာ့ကို ကျသင့်သောငွေ ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါက အတွက်တစ်ကွက်။

အဖိဌာန်အောင်လျှင် ပဝါဆက်ရမည်၊

ဂါက အကွက်တစ်ကွက်။

အိမ်မှာ ရုပ်တုရှိလျှင် နေ့စဉ် စံပယ်( ၉ ) ကုံးဆက်ရမည်၊

တစ်နေ့လျှင် သူရဿတီဂါထာ ကိုးခေါက်ရွတ်ရမည်။

သူရဿတီပုတီးစိပ် ကိုးပတ်စိပ်ရမည်။

သူရဿတီဂါထာ ရွတ်သည့်အခါနှင့် ပုတီးစိပ်နေစဉ်အခါ အာရုံထဲမှာ မယ်တော်ရုပ်ပုံလွှာ ပေါ်ထင်လာအောင် အာရုံ စူးစိုက်၍ ရွတ်ရမည်၊ ပုတီးစိပ်ရမည်။

"ကဲ....လုပ်နိုင်ပါမလား၊ လုပ်နိုင်ရင်တော့ မယ်တော်က ရာသက်ပန် အနီးကပ် စောင့်ရှောက်လိမ့်မယ်၊ တစ်စုံတစ်ရာ အရေးကြုံရင် မယ်တော်ကိုသာ တလိုက်၊ တွေ့ကြုံနေရတဲ့အခက် အခဲတွေအားလုံး ဒိန်းကြွာပျက်ပေါ် ရေမဟင်သလို ကင်းအေး သွားလိမ့်မယ်၊ တကယ်လုပ်ကြည့် တကယ်တွေ့ရမယ်၊ မယ်တော် က အမွေးနံ့ပေးလိမ့်မယ်"

မိမိအနားမှ သွှပ်တစ်ပြက် အနိုင်လှုပ်ရှားသွားသည်ဟု သ လိုက်တာတို့၊ အိပ်မက်ထဲမှာ ထင်ထင်ရှားရှားပုံရိပ်ပေါ်တာ



စိတ်ချင်း ဆက်သွယ်ပြီး စကားပြောလိုက်ရတာတို့ ဆိုတာက စိတ်ကို လှုံ့ဆော်နှိုးဆွ ပေးလိုက်ခြင်းဖြစ်၏။

မိမိ အလွန်အမင်း စွဲလမ်းသည့်အကြောင်းဖြစ်ရပ် အိပ်မက် ထဲသို့ ဝင်လာသည်မှာ သဘာဝသဘော၊

ရုပ်ခနဲ တွေ့လိုက်သလိုလို၊ အနံ့အသက်တစ်မျိုးမျိုး ရလိုက် သည်ဟုထင်တာက စိတ်၏ လှည့်စားမှုကို ခံလိုက်ရသည့် သဘော၊

အိပ်မက်ထဲတွင် မတွေ့လိုက်ရဟုဆိုကြသူ့အား၊

"ဂါထာရွတ်ဘာ၊ ဌာန်ကရိုဏ်းမကျလို ပုတီးစိပ်တာ အာရုံမမိလို့ဟု အပြစ်စကား ပေးဖို့ကသူတို့မှာအဆင်သင့်"

သို့တစေ လုပ်ကြည့်သူတိုင်း လိုလိုကတော့ တွေ့ရသည်ဟု ပြောကြပါသည်၊

"ဘာအနံ့နှင့်မှမတူသော အမွှေးနံ့ကို ထင်ထင် ရှားရှား ရသည်"

"အိပ်မက်ထဲမှာ သေသေချာချာ ထင်ထင်ရှားရှားကိုတွေ့ရ သည်၊

www.burmeseclassic.com

www.burmeseclassic.com



''ပုဂ်ါးစိပ်နေတုန်း အနားမှာ ပုဂ္ဂိုလ်တစ်ယောက် ရှိနေသည်ဟုခံစားသိ သိနေသည်''

ဆရာ၏လုံ့ ဆော်မှုနောက်သို့ မဝန်းနှင့်အပြော တွဲ၍ ရှိကြသည်။

ဘုန်းကြီးရှုးနှင့်လှေလူး ပမာစကားသို့နှယ်ဟု ပြောမည်သာပါ။

( ※ ※ ※ )

ဒုတိယနည်းကတော့ လုပ်ဖို့မလွယ်၊ အတော့်ကိုခက်ခဲသည်။

- မိမိမှတစ်ပါး အခြားသော အိမ်သူအိမ်သားများပင် ဖြတ်သန်းမသွားနိုင်သော သီးသန့်နေရာဖြစ်ရမည်။
- ထိုနေရာတွင် မိမိမှတစ်ပါးအခြားသူများ လဲလျောင်းအိပ်စက်ခြင်း မပြုရ။



- မိမိနေသူ၏ ညာဘက်တွင် မယ်တော်အတွက် သီးသန့်နေရာ ပြင်ဆင်ထားရမည်။
- မယ်တော်အတွက် သီးသန့်နေရာ ခေါင်းရင်းဘက်တွင် ပွဲထိုးထားရမည်။
- ဖျာအသစ်၊ ခေါင်းအုံးအသစ်၊ ခေါင်းအုံးစွပ် အသစ်မြင့် အိပ်ရာ ပြင်ဆင်ထားရမည်။
- ဖျာပေါ်တွင်၊ စံပယ်ပန်းများ ဖြန့်ကြဲခင်းထားရမည်။
- သီးသန့်နေရာဝန်းကျင် တစ်ခုလုံး အနံ့မွှေး နံ့သာများ ထုံသင်းနေစေရမည်။
- ၁၁ ရက်အတွင်း အိမ်သူအိမ်သားများနှင့်အသာပ သာလွှာပ အာပြောအဆိုများ မပြောဆိုမိအောင် ရှောင်ကျဉ်ရမည်။
- အိမ်မှုကိစ္စဗဟိုရများနှင့် ကင်းရှင်းစွာ နေရမည်၊
- ပြင်ပသို့ သွားသွားလာလာ လုံးဝမလုပ်ရ၊ သီလနှင့် သမာဓိကိုန်းသိမ်းပြီးနေရမည်။

www.burmeseclassic.com

www.burmeseclassic.com



— မယ်တော်အတွက် သီးသန့်နေရာတွင် စံပယ်အခင်းကို

အဟောင်းအသစ်ခနွစ်ဥ် လဲပေးရမည်။

ထိုသို့ပေးသည့် နည်းလမ်းအကြိုင်း တစ်သဝေမတိမ်း လုပ်နိုင်ရမည်။

"အာဓိဌာန်ရက်အတွင်း တစ်ရက်ရက်မှာ

စံပယ်ခင်းပေါ်မှာ မယ်တော်ထိုင်သွားသည့်

ကိုယ်ထင်နေရာကို အထင်အရှားတွေ့ရမည်။

လူတစ်ယောက်အိပ်စက်သွားသည့် ပုံသဏ္ဍာန်ကို

ခေါင်းအုံးပေါ်မှာပါတွေ့ရမည်"

ဟုတ်၊ မဟုတ်အငြင်းပွားစရာမသို့။

မဖြစ်နိုင်ရာသောဟု တထစ်ချပြောရမည်ပါ၊

ထိုသို့လုပ်၍ ထိုသူဖြစ်ပွားသည်ဟု သူတို့ကတော့အခိုင်အမာ

ပြောကြသည်ထားတို့တော့၊



မ်ငှကတ်သုံးပုံစေခင့်သည်ဆိုသော သူရသတီ မယ်ခဘဲ

အကြောင်း ပြောကြရအောင်။

(* * *)

ဆက်လက် ရေးသားမည့် သူရဿတီနှင့် ပတ်သက်သော

အကြောင်းများမှာ စာရေးသူ၏အယူအဆ၊ အတွေးအခေါ်

သဘောထားမဟုတ်ပါ။

ထေရဝါဒ ဗုဒ္ဓစာပေ၊ ကျမ်းဂန်အရာတွင် နှံ့စပ်ကျွမ်းဝင်

သည့် ဆရာတော်ကြီးများ၏ ဟောပြောချက်နှင့် အဆုံးအမ

ဩဝါဒများကို နာယူဖတ်ရှု မှတ်သားရသည်များကို တစ်ဆင့်

ပါးခြင်းဖြစ်ပါသည်။

တကယ်တော့ သူရဿတီမှာ မြန်မာနတ်မိမယ်မဟုတ်၊

ဗြဟ္မဏဝါဒီများ ကိုးကွယ်သည့် ကုလားနတ်၊

ကုလားရှေးလို အသံထွက်မှာ "ဆာရသတီ"

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ အစဉ်အလာအရ ရှိခဲ့ဖူးသည်ဟုဆိုသော အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ ဝန်း(၃၇)မင်း၊ (၁၀၁)ပါးသော နတ်စာရင်းဝင်မဟုတ်ပါ။

ဘယ်သောအချိန်ကာလက ကုလားပြည်မှ ရောက်လာသည် ဆိုသည်ကိုမူ အမှတ်အသားမတွေ့မိပါ။

ပေါင်လမ်းကုလား၊ ခရုလမ်းကုလား၊ ကုန်းလမ်းကုလား ဆိုသည်ကိုလည်း ပြောနိုင်သူရှိလိမ့်မည် မထင်ပါ။

ရောက်နေတာတော့ ကြာပါပြီ။

ဘယ်သို့ပင်ဆိုဆို၊

သူရဿတီနတ်မယ်မှာ မြန်မာပြည်တွင် အထင်ကရထိပ်တန်း နေရာတစ်နေရာရခဲ့ပြီကိုတော့ မည်သူမှ ငြင်းချက် မထုတ်နိုင်ပါလေ။

"ကျေးဇူးရှင် သိကြန်း အရှင်ဉာဏီသာရ ဆရာတော်ဘုရားကြီး"

— မြေဒက်ထပ်ကြီးဘုရားတွင် ဟောကြားခဲ့သည့် တရားတော်ကို နာကြားမှတ်သားလိုက်ရ၏။



— ဆရာတော်ဘုရားကြီးက ထိုတရားပွဲတွင် နတ်ကိုးကွယ်မှု သူရဿတီ ကိုးကွယ်မှုနှင့်ပတ်သက်၍ တိုရှင်းလိုရင်း ပြတ်ပြတ်ထင်ထင် ဟောကြားခဲ့သည်။

တရားနာတွေထဲမှာ နတ်ကိုးကွယ်သူတွေ ဘယ်လောက်များ ပါလိုက်မလဲညီ။

ဆရာတော်ဘုရားကြီးက ဘယ်သူ့မျက်နှာကိုမှ မထောက်၊ ရှင်တော်ဗုဒ္ဓ၏ မျက်နှာတော်ကို ထောက်ပြီး ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်း၊ ထင်းထင်းဝင်းဝင်းကြီး ဟောကြားသွားခဲ့ပါသည်။

— ဝါးရင်းတုတ်နဲ့ ရိုက်သတ်ခံရလို့ ကယ်ပါယူပါတစာစာ အော်ရင်း အသေဆိုးနှင့် သေသူကလည်း နတ်ဖြစ်။

— အရက်အလွန်အကျွံသောက်ပြီး အန်ဖတ်ဆို့ သေသူကိုလည်း နတ်ဖြစ်တယ်လို့ပြောကြ။

— အမူးသမားတော့ အကြိုက်ပေါ့။

— သူတို့သေရင်နတ်ဖြစ်မှာကိုး။

www.burmeseclassic.com

www.burmeseclassic.com



— အရှင်လတ်လတ် မီးအပုဘ်ခံရပြီး သေသူ တင့်တယ်ဖို့လည်း နတ်အဖြစ် ကိုးကွယ်ကြ။

— တင့်တယ်နှမ သုံးပန်လှ (တစ်နေ့ အလှသုံးခါပြောင်းသည်)က မှန်မိဖုရားဖြစ်၊ နန်းတွင်းကုန်းချော၊ ကုန်းတိုက်သူတွေကြောင့် ဘုရင့် မျက်နှာသာအပေးမခံရလို့ စိတ်ညစ်ပြီး အင်းဝဆွေမျိုးများရှိရာသို့ ပြန်လာ၊

— ခရီးကြမ်းနှင်လာရသည့် သုံးပန်လှ၊ အင်းဝရောက်ခတော့ ပင်ပန်းမှုဒဏ်ကြောင့်သေ၊ ဟော သူကလည်းနတ်ဖြစ်၊

— နှစ်နှစ်သမီးလေး မနှဲမိကို ဆွေမျိုးတွေကမွေးထား၊ လှမ်းဖျားလှမ်းနာကျပြီးသေ၊ သူကလည်း နတ်ဖြစ်ပြန်ရော။

— ခုလောက်ဆို ဆုံဖြူသွားကျိုး အမယ်အိုကြီးတစ်ယောက်လှန်ရုံမကာ အရိုးပါဆွဲနေပြီ၊ ခုထိကလေးပဲဟု ပြောပြီး ကိုးကွယ်နေကြ။

— ရေလမ်းသွားတဲ့လူက ရေနစ်သေတဲ့လူကို အားကိုးကြတယ်။



— အုန်းသီးကို ကန့်လန့်ဘာကာထား၊ ဘာဖြစ်လို့လဲ၊ မီးနဲ့သေလို့ မီးကိုကြောက်တယ်။

— ကိုယ့်အိမ်မှာ မီးဆိုရင် သူက အလျင်ပြေးမှာ၊

— ကမောက်ကမတွေ သတိထားကြနော၊

— အဲဒီထဲမှာ ကိုယ်မပါစေနဲ့၊

"ဦးမင်းကျော်နဲ့ ဦးရှင်ကြီးတို့က (၃၇)မင်းထဲမှာ မပါ၊ သူတို့နှစ်ယောက်ပါ ပေါင်းထည့်ရင် (၃၉)မင်းဖြစ်ပါ။

— လူစင်စစ်က ဘယ်မှာ ရှိမှန်း မသိတဲ့ မင်းကလေးနဲ့ လက်ထပ်၊

— ကဲ...ကမ်းကုန်ပါလေရော။

— ကိုးကွယ်သည်းကပ်ရမှာက
ဘုရား၊ တရား၊ ရတနာသုံးပါး။

ကြားနာသင်ယူရမှာက "သုတ္တန်" "ဝိနည်း" "အဘိဓမ္မာ"

— ပိဋကတ်သုံးပုံအနှစ်မှာ သီလ၊ သမာဓိ၊ ပညာ။

www.burmeseclassic.com

www.burmeseclassic.com



"ယင်းလုံ့မလိုက်မီခေန့၊ ကိုယ် ဘယ်လမ်းပေါ် လျှောက်နေကယ်ဆိုတာကို မမေ့မလျော့သောသတိနှင့် ခင်ခြင်း"

နောက်တစ်ခုက သူရသတီ....

— ပိဋကတ်စောင့် နတ်သမီးတဲ့၊

— ဟော လုပ်ကြပြန်ပြီ။

— ပိဋကတ်ကိုဘာကယ်စောင့်တာက သုဘ၊ ဗုဒ္ဓမခထင်ချောပါ။ ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများ။

— သူရသတီနတ်သမီးက ကုလားပြည်ကနတ်သမီး၊

— ဗုဒ္ဓရဲ့ ပိဋကတ်ကို သူကဘာလို့စောင့်ရမှာလဲ၊

— စဉ်းစားကြနော်၊ ပေါ့ပေါ့မတွေးနဲ့၊

— သူရသတီဆိုတာ ကုလားပြည်က မြစ်ကလေးတစ်ခုရဲ့နာမည်၊

— ရေစီးအလွန်သန့်ပြီး သာယာနာပျော်ဖွယ်အသိအရက်တဲ့ ဆရ္ဓရဝတီမြစ်၊

— သူတို့ဆီမှာ မြစ်ထိုချောင်းတို့ ကိုးကွယ်ကြတယ်၊



— မြစ်နတ်သမီးလို့ အယူရှိပြီး နေရာပေးကိုးကွယ်ကြတယ်၊

— ဓါရောက်တော့ စိတ်ကူးနဲ့ ပုံဖော်ပြီး အရုပ်ထုကြတယ်၊

— သေးသေးသွယ်သွယ် လှလှပပ နတ်သမီးပုံပေါ့၊

— ဟသာ်စီးတယ်၊

— စာခင်သုံးခုကို လက်ထဲအတင်းထည့်တယ်၊

— သူရသတီကို ဗိသနိုးနတ်မင်းကြီးက တော်ကောက်တယ်၊ ဗိသနိုးမှာ မူလက မယားကြီးနှစ်ယောက် ရှိတော့ သူက သုံးယောက်မြောက်ပေါ့၊

— ကိုးကွယ်ရာ အစစ်ရှိပါလျက် ဘာဖြစ်လို့ အပိုကိုးကွယ်ရာကို ကနေကြတာလဲ။

— ကိုးကွယ်ရာများရင် ဘေးဖြစ်တယ်၊

( * * * )

သူရသတီနတ်သမီး ကိုးကွယ်မှု၊ သူရသတီဂါထာရွတ်ဆိုမှု၊ သူရသတီသည် ပိဋကတ်သုံးပုံစောင့် နတ်သမီးဟူသော ယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည်မှု၊ ဂေဂဝါဒ၊ ပိဋကတ်တော်နှင့် မလျော်ညီကြောင်း၊ ဆရာတော်ကြီးများက စဉ်ဆက်မပြတ် အဆုံးအမ ပြုပေါ်ခပေး နေကြသည်။

သို့စဉ်လျက် ဘိုးတော်တွေက ရှင်တော်ဗုဒ္ဓနှင့် ဆရာတော် ကြီးများ၏ အဆုံးအမကို မျက်ကွယ်ပြုလျက် သူရဿတီကို ကိုးကွယ်မှုကို ရှေ့တန်းတင်နေကြသည်။

ပိဋကတ်တော်လာ စာပေကျမ်းဂန်များတွင် မပါရှိသော သူတို့ တီထွင်ထားသည့်ဂါထာတော်၊ ပုတီးစိပ်နည်းတွေ ပေးဝေ နေကြသည်။

ရိုက်စားကွက် ဖော်နေကြသည်။

ဂန္ဓာရီ ပညာလမ်းကြောင်းနှင့် သူရဿတီကို တွဲဖက်ပေး လျက်ရှိနေကြ၏။

မိမိတို့ ကိုယ်ကျိုးစီးပွား ရှာမှုအတွက် သာသနာတော် ညစ်နွမ်းအောင် လုပ်ဆောင်နေကြ၏။

သူတို့ကား တစ်ဘာဝစားသမားများ ဖြစ်နေကြသည်ကို သူတို့ ကိုယ် သူတို့ သတိမမူမိပါလေစွ။



သူရဿတီနတ်သမီးနှင့်ပတ်သက်၍ ''အရှင်ဘဒ္ဒန္တတိလောက သာရ ဆရာတော်ဘုရားကြီး''က ရှင်းလင်းပြပ်သားစွာ ဟော ကြားတော်မူခဲ့ပေသည်။

ဖတ်ရှုမှတ်ချံ သဘောမမူဘဲ ခံယူချက်သဘောထားပြောင်း လဲရန်လည်း လိုအပ်ပါသည်။

ဘဒ္ဒန္တတိလောကသာရ ဆရာတော်ကြီးက...

- သူရဿတီ ဟူသည်မှာ အိန္ဒိယမြောက်ပိုင်း၊ ပန်ဂျပ် ပြည်နယ်အတွင်းရှိ မြစ်တစ်ခု၏နာမည်ဖြစ်သည်။
- ထိုမြစ်ကို ရှေးဟိန္ဒူအာရီယန်များ အထွတ်အမြတ်ထား ရာမှမြစ်ကို နတ်တစ်ပါးအနေဖြင့် ကိုးကွယ်လာကြ သည်။
- ဗြဟ္မာဝိဿဏိ (သဒ္ဒါ) မြစ်နတ်မှ နတ်သမီးဖြစ်လာတာ သူရဿတီမြစ်သည် သူရဿတီနတ်သမီးဟု ဂေဝေးဘဲ ဗြဟ္မာကြီး၏ဇနီး ဖြစ်လာသည်။
- ကဗျာ၊ လင်္ကာ၊ စာပေ ပညာတို့ကို ပေးစွမ်းနိုင်သည် ဟု ယူဆလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



- ထို့ကြောင့် ဗြဟ္မာအာဒါဒီတို့က ပိုမိုကြီးကျယ်လာသည်ဟု မှတ်သားရသည်။
- သူရဿတီမှာ ဗုဒ္ဓဘာသာနှင့် လုံးဝမဲ့သက်ဆိုင်။
- ဗြဟ္မာဏဝါဒီနှင့် ဆိုင်ရာနတ်သာဖြစ်သည်။
- ဗြဟ္မာတို့၏တန္တရ၊ မန္တရတို့ကို လက်ခံသော မဟာယာန ဗုဒ္ဓဘာသာတို့ကလည်းသူရဿတီကို လက်ခံခဲ့သဖြင့် မြောက်ပိုင်း ဗုဒ္ဓဘာသာတွင် အတန်ကြာကာပင် သူရဿတီကိုးကွယ်မှုရှိလာသည်၊
- နီပေါပြည်တွင် ယခုအထိ ဟိန္ဒူဘာသာဝင်များနှင့် အတူမဟာယာန၊ ဗုဒ္ဓဘာသာဝင်များလည်း၊ သူရဿတီ ကိုးကွယ်မှုပြုခဲ့ကြောင်း သိရသည်။
- မြန်မာဗုဒ္ဓဘာသာဝင်တို့အနေဖြင့်ပိဋကတ်သုံးပုံစောင့် မယ်တော်ကြီးဟုဖြစ်လာရသည်မှာ ဤသို့ဖြစ်ပါသည်၊
- သက္ကတ၊ အလင်္ကာကျမ်းကို အမှီပြု၍ သီဟိုဠ်ကျွန်း အရှင်မဟာသာမိရက္ခိတစီရင်သည် ဟုဆိုအပ်သော (ပါဠိအလင်္ကာ)ကျမ်းကိုစီရင်ရာတွင်



သက္ကတအလင်္ကာကျမ်းက ဝါဂီ-ဒေဝင်သုံးပုံစောင့် နတ်သမီးကို ရှိခိုးပဏာမပြုသကဲ့သို့၊

"သရဿ ပါဏိန်ဝါဏီ မဟုံပိကာ၊ ယတ်မန်"ဟု ဘုရားစကားတော် ပိဋကတ်တော် တည်းဟူသော သူရဿတီနတ်သမီးသည် အကျွန်ုပ်၏ စိတ်နှလုံးကို နှစ်သိမ့်ပါစေဟု ထင်စားလိုက်သည်။

- ထိုစကားအမြွက်ဖြင့်ပင် သူရဿတီသည် ထေရဝါဒ ဗုဒ္ဓနယ်ပယ်သို့ ရောက်လာပြီးသျှင် ပိဋကတ်သုံးပုံကိုစောင့်ကြပ်သော သူရဿတီမယ်တော် ဟုဖြစ်လာရတော့သည်။
- အမှန်အားဖြင့် ပိဋကတ်သုံးပုံကို မည်သည့် နတ်သား နတ်သမီး၊ နတ်ဗြဟ္မာများက မစောင့်။
- ပိဋကတ်အာဇာနည်၊ ဗုဒ္ဓသားတော် ရဟန်းတော် သံဃာတော်များသာ စောင့်ကြပ်နေပါသည်၊
- ထေရဝါဒ၊ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် သူရဿတီဂါထာကိုလည်း ရွတ်ဆိုနေရန်မလို

www.burmeseclassic.com

www.burmeseclassic.com



- သုရဿတီဂါထာအစစ်ဟူ၍လည်း ဗုဒ္ဓစာပေ၌မရှိ။
- ဘုရား၊ တရား၊ ရတနာသုံးပါးမှ တစ်ပါး အခြား ကိုးကွယ်ရာမရှိပါ။

ဆရာတော် ဘုရား ကြီး ၏ ခြေ ခြေ မြစ် မြစ် ရှိ သော ကျိုးကြောင်းပြ လမ်းညွှန်ဩဝါဒကို နှလုံးသားတွင် စွဲထင်လျှင် ကိုးကွယ်ရာအမှား စက်ဝန်းထဲမှ လွတ်ကင်းမည်ကို သတိပြုဆင်ခြင်ရမည်ပါ။

ကိုးကွယ်မှုမှားလျှင် ဘဝနာမည်၊

ကိုးကွယ်မှုမှန်လျှင် ဘဝရှင်သန်မည်၊

ဘိုးတော် မယ်တော် ဆိုသည်မှာ တကယ်မရှိ၊

တကယ်ရှိသည်မှာ မိခင်၊ ဖခင်၊

မရှိသည့်နောက်ကို လိုက်မည့်အစား တကယ် အရှိကို ကိုးကွယ်ပါ၊ လုပ်ကျွေးသမှုပြုစုပါ၊

ဓမ္မစိတ္တအကျိုး ခံစားရပါမည်၊

(* * *)



ဟိန္ဒူမိတ်ဆွေတစ်ယောက်အား မေးကြည့်ဖူးသည်။

- ဗြဟ္မကာဝါဒ(ဟိန္ဒူဝါဒီ)ဟိန္ဒူတွေကတော့ ယုံယုံကြည်ကြည် ကိုးကွယ်ကြသည့် ဖန်ဆင်းရှင် နတ်သမီးတစ်ပါး ဖြစ်သည်၊
- သီးနှံတွေ ဖြစ်လွန်း အောင်မြင်အောင်၊ မိုးမှန်အောင် စီးပွားလာဘ်လာဘ ရှင်လန်းအောင် အမွှေးနံ့သာများနှင့် ဆီမီးခွက်ထွန်းပြီး ပူဇော်ပသသည်၊
- မဟာဗြဟ္မာမင်းနှင့် သူ့ရဿတီက တစ်တွဲ၊
- ဗိဿနိုးနတ်မင်းကြီးနှင့် လက္ခမီ(လက်ချမ်း)က တစ်တွဲ၊
- သီဝ(သျှီဝ)နတ်မင်းကြီးနှင့် ပါရာဂတီက တစ်တွဲ၊
- ထိုသုံးတွဲထဲမှ အတွဲလိုက် ရုပ်တုထုပြီး ကိုးကွယ်ကြသည် ရှိသလိုမိမိအားသန်ရာကိုသီးခြားစီရုပ်တုထုပြီးကိုးကွယ်ကြသည်လည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဟိန္ဒူတွေက သိဝနတ်မင်းကြီးနဲ့ ပရာဝတီကို အလေးထား ပသကိုးကွယ်ကြတယ်၊ သူရဿတီနဲ့ မြန်မာတွေ ဘယ်လိုဆက်နွှယ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့လဲမသိဘူး"

(* * *)

ကျေးဇူးရှင် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးက လည်း ကိုးကွယ်မှုသန့်စင်ရေးအတွက် ဤသို့လမ်းညွှန်အဆုံးအမ ပေးတော်မူခဲ့သည်။

"ဘုရားဟောကျမ်းဂန်၊ ပိဋကတ်တော်မှာ သူရဿတီ မပါတော်မပါဘူး၊ ဟိန္ဒူဗြာဟ္မဏများကို မလွှမ်းမိုးနိုင်အောင် အရိုးဖွဲ့ချည်တုတ်ထားတဲ့ ဗေဒကျမ်းက လာတာဘဲဖြစ် တယ်၊ ဝေဒကျမ်းအချုပ်ကတော့ နတ်ပူဇော်တဲ့ ကျမ်းပဲ၊ နတ်တွေက မဃောသဝ၊ သိဝ၊ ဘာရိုဏ၊ ဗိဿနိုး၊ ဂဏ၊ ဝရုဏ၊ ပရာဝတီ စတဲ့ နတ်တွေပေါ့...."

"ရှာဇောင့်နတ်၊ အဂ ဧတီအသိသူဘိုကိုးကွယ်ကြတာ ဘယ်က ပိဋကတ်သုံးပုံစောင့်ရမှာလဲ၊ ဗေဒင်ကျမ်းဆောင် တဲ့ နတ်ပေစီပဲ...."



"သူ့ကို ပူဇော်ဖြစ်အောင် ပိဋကတ်တော်နဲ့ ဆွေမျိုး စပ်ပြီး နားလှည့်ပါးလှည့်နဲ့ ဗုဒ္ဓဘာသာအစစ်ထဲ ရောနှော ရိုက်သွင်းလိုက်တာ ဗေဒါကြီးတို့ရဲ့၊ ဗုဒ္ဓဘာသာနဲ့ တစ်ခြား စီပဲဟာ"

(* * *)

ဘိုးတော်အမည်ခံများမှာ သူရဿတီကိုအမွှမ်းတင်ရှေ့တန်း ပို့၍ ရိုက်စားကွက်ထွင်ကြသည်။

ကွန်မြူနစ်တစ်ဖြစ်လဲ ဘိုးတော်တစ်ပိုင်း ဗေဒင်ဆရာ တစ် ပိုင်း စန္ဒြာအဆောင်ကို တီထွင်ခဲ့သည်။

သူနှင့်ကား ပြောမနာဆိုမနာ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်။ အလင်းဝင်ရောက်ပြီးနောက် ကိုယ့်အလုပ်နှင့်ကိုယ် လုပ်ရှား နေရသောကြောင့် မဆုံဖြစ်ကြ။

တစ်နေ့ မိတ်ဆွေတစ်ယောက်ထံမှ သူ၏သတင်းကို ကြား လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘူကြီး အပြင်ကို မသွက်နိုင်ယောက်အောင် ဝိုင်းဝိုင်းလည်နေသည့် တပည့်တပန်းများနှင့် အလုပ်ရှုပ်နေသည်ဟု၊

"ကိုယ့်လူ သူ့ဆီသွားရင် အရင်ကလိုအပြောအဆိုပုံစံမျိုးနဲ့ မဆက်ဆံနဲ့နော်၊ အများရှေ့မှာ လေးလေးစားစား ဆက်ဆံ၊ နာမည်လဲ ပြောင်းသွားတယ်၊ ညာဘက်သွားတာ ပိုကောင်းတယ်၊ ညာဘက်လူရှင်းတော့ အရင်ပုံစံအတိုင်း ပြောဆိုဆက်ဆံလို့ ရတယ်"

"ခနစမ်းပါဦး၊ ခု သူက ဘာဖြစ်နေလို့လဲ"

"သေဇင်အကျော် ဘိုးတော်လေ"

နားရှိလို့သာကြားလိုက်ရသည်၊ သူလိုပုဂ္ဂိုလ်က ဒီလောက်ထိအောင် ဖြစ်သွားပြီကိုးဟု မှတ်ချက်ချလိုက်ရသည်။

စာရေးသူတို့ထက်ပြင်း ထန်သည့် ရုပ်ဝါဒသမားကြီး၊

ခုတော့

အိမ်ကိုရောက်သွားသည်။



ဘိုးတော်အယောင်ဆောင်ဘေဘီကတော့ ထုံးစံအတိုင်း အိမ်ရှေ့ ဧည့်ခန်းတစ်ဝက်ကျော်ကျော် နေရာယူထားသည်။

'သူ့ရှေ့မှာ အမျိုးသမီးကြီး တစ်ယောက်နှင့် ဆယ်ကျော်သက်အရွယ် ကလေးမလေး တစ်ယောက် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေကြသည်။

နောက်ထပ်အလှည့်ဝင်ရန် စောင့်နေသူ လေးဦးလည်းရှိသည်။

အားလုံး အမျိုးသမီးတွေချည်း။

ငြိမ်ငြိမ်သက်သက်ထိုင်နေသူက နှစ်ဦး။

တီးတိုးစကားပြောနေသူက နှစ်ဦး။

ဘိုးတော်ဘေဘီကြီး၏ရှေ့တွင် ထိုင်နေသူနှစ်ဦးအနက် ဆယ်ကျော်သက်အရွယ် အမျိုးသမီးလေးမှာ ခေါင်းအောက်ငုံ့ပြီး ထိုင်နေလေသည်။

စကားအဆက်မပြတ်ပြောနေသူမှာ မိခင်ဖြစ်ဟန် ရှိသည့် အမျိုးသမီးကြီး။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကစာလဲတော်ပါတယ်၊ ကြိုးလဲကြိုးစားပါတယ်၊ ဝီရိယလွန်လို့တောင် ကားယူရပါတယ်။ စာမေးပွဲကျရင်ဘယ်လိုဖြစ်သလဲမသိပါဘူးဆရာရယ်၊ စာမေးပွဲဖြေမလို့ ထိုင်လိုက်တာနဲ့ ခေါင်းမူးပြီး စာတွေပါ မေ့ကုန်တော့တာပဲ"

"သိပါတယ်လေ၊ ဒါမျိုးတွေကို ကျွန်တော်တို့မကြာခဏ တွေ့ကြုံနေရတာပဲ၊ အပ ပယောဂလေး နည်းနည်းပါးပါး ရှိနေတာပါ၊ ကျွန်တော် အားလုံး သိနေ မြင်နေ ပါတယ်၊ မကောင်းမှုနဲ့မတို့ပြန်စေကောင်းလို့ ကျွန်တော်သိနေမြင်နေတာကို မပြောအပ်လို့ မပြောတော့ပါဘူး၊ လုပ်စရာရှိတာကိုပဲ လုပ်ပေးလိုက်ပါမယ်၊ ဟောဒီ စန္ဒီမယ်တော် အဆောင်ဟာ နှယ်နှယ်ရရမဟုတ်ဘူးနော်၊ ကျွန်တော်ဗုဒ္ဓဂါယာကို ဘုရားဖူးသွားတုန်းက စန္ဒီမယ်တော်ရဲ့ကျောင်းမှာ ကိုးရက်ပုံလုံး အဓိဋ္ဌာန်ဝင်ပြီး ဗီရင်ခဲ့တာ၊ သိဒ္ဓိတင်ခဲ့တာမို့ ကျွန်တော်ရဲရဲကြီး အာမခံလိုက်မယ်၊ အခုဖြေမယ့်စာမေးပွဲမှာ အဲဒီကိစ္စတွေ အားလုံးရှင်းသွားကြရမယ်"

"ကျေးဇူးပါပဲဆရာကြီးရယ်၊ ကျွန်မတို့မှာတခြား တခြားကြောင့်ကြပူပင်စရာက ဖြစ်စရာမရှိပါဘူး။ ဟောဒီသမီးလေးအတွက်ပဲ စိတ်အနှောင့်အယှက်ဖြစ်နေရတာပါ"



"ကဲ....အစ်မကြီးကဘေးဖယ်၊ သမီးက ရှေ့တည့်တည့်မှာ လာထိုင်၊ ဟိုတွေးသည်တွေး မတွေးနဲ့၊ စိတ်ကြည်ကြည်လင်လင်လေးထား၊ မျက်စိကို ထင်းထင်းကြီးမဟုတ်ဘဲ လျော့လျော့လေးပိတ်ထား"

ကျွန်တော်လည်း ဖတ်နေသည့်သတင်းစာကို အသာချပြီး ဘာလုပ်မည်ကို သိချင်သောကြောင့် အာရုံ စူးရောက် သွားသည်၊

ရဲဘော်ကြီးက စင်ပေါ်မှ ရေဖန်ခွက်ကိုယူသည်၊

ပြီးတော့မှ ဓာတ်လုံးလိုလို ပြောင်ပြောင်လက်လက်အလုံးတစ်လုံးကို ရေဖန်ခွက်ထဲသို့ ထည့်လိုက်သည်။

အားလုံးငြိမ်သက်နေကြသည်၊

အလှည့်စောင့်နေသူ အမျိုးသမီးကြီးများလည်း အာရုံစိုက်နေကြသည်၊

ရေဖန်ခွက်ထဲသို့ လက်ညှိုးနှင့်မှုပြီး ကောင်မလေး၏ မျက်နှာကို ရေနှင့် တောက်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး တွန့်သွားသည်။

မျက်စိမှိတ်ပြီး ငြိမ်သက်နေ စဉ် နှစ် ခါ သုံး ခါ ရေနှင့် ကတောက်ခံလိုက်ရသောကြောင့် လန့်ပြီး တွန့်သွားခြင်း ဖြစ်လိမ့်မည်။

ပြီးနောက် လက်ညှိုးနှင့်ကောင်မလေး၏ ခေါင်းပေါ်သို့ နှစ်ကြိမ်၊ ကိုယ်ပေါ်သို့နှစ်ကြိမ်၊ ကြက်ခြေခတ်လိုက်သည်။

အသားကိုတော့မထိ၊ အဝေးမှ ကြက်ခြေ ခတ်ခြင်းဖြစ်သည်။

ကောင်မလေးက ကြာကြာထိုင်နေရလို့လားမသိ၊ ငြိမ်လက်နေသည့် ခန္ဓာကိုယ်မှာအနည်းငယ် ခွေ့လျှောသွားသည်။

အစီရင်ပွဲ မပြီးသေးပါ။

ဒီတစ်ခါ သူ၏ညာလက်ဖဝါးကို ကောင်မလေး ဦးခေါင်းပေါ်အုပ်၍ ပါးစပ်မှလည်း အသံတွက် မန္တာန်ရွတ်သည်။

မြန်မာလိုသက်သက်တော့မဟုတ်။

ဩောင်း...စန္ဒာဒေဝီ။



သုံးကြိမ်။

"ဩောင်း"ကို ရင်ခေါင်းထဲမှ ကလိုင်သံဖြင့် အော်လိုက်သည်။

နောက်ဆုံး ရွတ်ဆိုသွားသည်မှာတော့ လျှာကို အတော်အလုပ်ပေးလိုက်ရဟန်ရှိသည့် ဘာသာစကား တစ်မျိုး။

ထိုသို့ ရွတ်ဆိုနေစဉ် သူ၏မျက်နှာမှာခက်ထန် တင်းမာနေသည်။

အသံကလည်း ဒေါသသံမလွတ်သည့် အသံ။

"ကဲ...သမီး၊ မျက်စိဖွင့်လိုက်တော့၊ ရင်ထဲမှာ တင်းနေသေးလား"

ကောင်မလေးက ခေါင်းညိတ်သည်။

"ကဲ...စိတ်ကို လျှော့လိုက်တော့၊ ခုချိန်ကစပြီး သမီးကို ဘယ်သူမှ အနှောင့်အယှက်ပေးလို့မရတော့ဘူး၊ စိတ်ကို ကြည်ကြည်လင်လင်ထားပြီး စာကျက်၊ စာမေးပွဲဖြေ၊ စန္ဒာဒေဝီဆိုတာ ဉာဏ်ပညာကို ထက်မြက်အောင် လုပ်ပေးနိုင်စွမ်းတဲ့ နတ်သမီး၊ ဟုတ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်မလေးက ခေါင်းညိတ်သည်။

ပွဲခင်းပေါ်မှ ငွေဖလားလေးကိုယူ၍ ကြေးပြားလိပ်ကလေး တက်လိပ် နှိုက်ပေးလိုက်သည်။

''ဟောဒီအဆောင်ကိုသမီးလွယ်အိတ်ထဲမှာအမြဲထည့်ထား၊ လွယ်အိတ်ကို သန့်ရှင်းတဲ့နေရာမှာထား၊ မသန့်ရှင်းတဲ့ နေရာကို ဝင်ရင် မယူသွားနဲ့၊ အဲဒါဆိုရင်တော့ သဘောထား၊ ကဲ...သမီး သက်သာသလို လိုင်နေပေတော့''

ပွဲပြီးသွားပြီ။

ဒါပါပဲ၊

အမျိုးသမီးကြီးက စလင်းဘက်အိတ် ဖွင့်သည်၊ နှိုက်သည်။

မတ်တပ်ရပ်၍ ပွဲများပြင်ဆာခုံးရာစင်သို့ယို့ယို့ လေးချဉ်းကပ် သွားပြီး ငွေဖလားထဲသို့ ထည့်လိုက်သည်၊

ဘယ်ရွေ့ဘယ်မျှတော့ အတိအကျ မမြင်မသိလိုက်ရ။

အနည်းဆုံးသုံးရာထက် အောက်ယို့လိမ့်မည်မထင်။

ငွေသည် သာမည။



စာမေးပွဲသည် အဓိက၊

ယခုခေတ်....

စာမေးပွဲရာသီဘွင် အစားသာဆုံး၊ ဝင်ငွေလမ်း အဖြောင့် ဆုံးမှာ ဘိုးတော်၊ နတ်ကတော်နှင့် ဗေဒင်ဆရာတို့ဖြစ်၏။

သူ့လိုင်းနှင့်သူတော့ အလုပ်ဖြစ်နေကြသည်သာ၊

မဟုတ်မှန်းသိလျက် မဟုတ်တာကိုပဲ အဟုတ်ထင်ပြီး အလိမ် ခံဖို့ တန်းစီစောင့်နေသူတွေက လျော့မသွား။

ခုလည်း မလျော့၊ နောင်လည်း လျော့လိမ့်မည် မဟုတ်ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ခြောက် )

ယနေ့ နေရာတကာတွင် ခေတ်စားနေသည်မှာ ခေတ်ဖွင့်ခြင်း၊ ခေတ်စီးခြင်း၊ ခေတ်စကားပြောခြင်းဖြစ်၏။

ဘိုးတော်ခေတ္တကလည်း ဖွင့်ကြ၊ စီးကြ၊ ပြောကြသည်။

နတ်ကတော်တွေကလည်း ဖွင့်ကြ၊ စီးကြ၊ ပြောကြသည်၊

ခေတ်ဖွင့်၊ ခေတ်စီး၊ ခေတ်စကားအကြောင်းနှင့် ပတ်သက်၍ ဘိုးတော်အခည်ခံ ပုဂ္ဂိုလ်ကျော်များ၊ နားလည်ပါးလည် လုပ်နေကြသည်ကို အတွေ့အကြုံအရ လုပ်ပုံလုပ်နည်းများကို ရေးရလျှင် ဆုံးအံ့မထင်။



တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသလို စိတ်ကူးပေါက်သလို တော်ခွင်ချက်အမျိုးမျိုးဖြင့် လုပ်နေကြသည်။

တစ်ဘဝစီဘို့၏သုပ်ရပ်ကို ''အရှင်ရာဟုလာဆရာတော်ကြီး'' က ဤသို့ အဆုံးအမိန့်ပြုခဲ့သည်။

"ရတနာသုံးပါးဂုဏ်ရည်ကို စွဲစွဲမြဲမြဲ
နှစ်နှစ်ကာကာ မယုံကြည်
မိမိကိုယ်ကိုလည်း အားမကိုး၊
ဂိုဏ်းဆရာဘိုးတော်၊ ဗေဒင်၊ အင်း၊ မန္တန် ဘုန်းကြီးတို့ ထံတွင်
အညီးကပ်သွက်၊ ကံကောင်းလာစေရန်၊
လောဘအာသီမှန်သမျှ ပြီးမြောက်စေရန်၊
ခေတ်ဖွင့်ကြသူတို့ ရှိနေသည်။

ခေတ်ဖွင့်ပေးသည်ဆိုသော စကားလုံးဖြင့်
မသိနားမလည်သူတို့အပေါ် အမြတ်ထုတ်လျက်
တစ်ဘဝစာကို ရှာဖွေစားသောက်နေသူတို့လည်း ရှိပါ၏။
စင်စစ်အားဖြင့် ခေတ်ဖွင့်ဆိုသော စကားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒ ဗုဒ္ဓစာပေကျမ်းဂန်များ၌ မပါရှိသည့်အပြင်
ဖြတ်ဗုဒ္ဓ၏ အဆုံးအမတော်များနှင့်
ဖီလာဆန့်ကျင်လျက်ရှိပေသည်"

— သတ္တဝါတို့သည် ကမ္ဘာဦးပါကအလျောက်၊
ကျင်လည်နေကြသူများဖြစ်ရာ၊
ယင်းခေတ်ဖွင့်ပေးသောလုပ်ငန်းမှာ
ဗုဒ္ဓကျမ်းဂန်တို့၌လည်း မလာ၊
ဘာသာတရားနှင့် လုံးဝ ဆန့်ကျင်သည်ဟူ၍
မှတ်ယူကြရပေလိမ့်မည်။

ထေရဝါဒ ဗုဒ္ဓစာပေ၊ ကျမ်းဂန်များတွင် မပါရှိသော ခေတ်စီးစကားဆိုသည်မှာ ဘယ်သို့သော အခြေခံမှ ပေါ်လာသည် မသိ၊

ပရိယတ္တိအရာတွင် ကျမ်းကျင်နှံ့စပ်သော ဆရာတော်ကြီးများ ဟောကြားခဲ့သည့် တရားခမ်းတွင်လည်း လုံးဝ မပါရှိ၊

သို့တစေ၊ ဆရာတော်ကြီးများ၏ အဆုံးအမကို နက်နက်ယယ်ယင် မလေ့လာသူများကို ထားဘိတော့၊ ဆရာတော်ကြီးများ၏ တရားခမ်းကို နာယူနားစွဲနေကြသူများပင် သူတို့၏၊



သည့် ခေတ်စီးစကားကို အမှန်တရားသဖွယ် ယုံကြည်နေကြသည်မှာမူ ဝမ်းနည်းဖွယ်ရာပင်၊

လောဘကို တွယ်တာမှုလွန်ကဲတော့ မောဟလမ်းမှားပေါ်သို့ ရောက်ကြသည်မှာ မဆန်း၊

တောမှီရဟန်းဆရာတော်ကြီး၏ အဆိုအမိန့်မှာ ဤသို့....

"လောကသံသရာမှာ ဆွေမျိုးမတော်ဖူးတဲ့လူမရှိ၊
မိဘမောင်ဘွား စသည်ဖြင့် မတော်ဖူးသူမရှိဘူးလို့
ကျမ်းဂန်မှာ တွေ့ဖူးပါတယ်၊
အခုလို ခေတ်စီးပြီး ဆွေမျိုးရှာတာမျိုး၊
ဆွေမျိုးတော်စပ်တယ်လို့ပြောတာ မယုံကို မယုံနိုင်ဘူး၊
ဒါမျိုးတွေ ခုအခါ အင်မတန်ခေတ်စားနေပါတယ်၊
သူတော်စင်၊ သူမြတ်တွေရဲ့ သစ္စာ၊ သမာဓိ၊ သိက္ခာ ကျအောင် ချောင်ထိုးကြသလိုဖြစ်နေတယ်၊
ထေရဝါဒအယူအဆကို ပြောင်ပြောင်တင်းတင်း ရိုက်ချိုးကြတာပဲ"

(* * *)

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဝေဘာ် ဗုဒ္ဓ၏ သရဏဂုံကိုပင် "ဥုံ" "ခြောင်း" ခံ၍ ရွတ်နေကြသည်။

ဥုံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိဆိုသည်မျိုး။

"ဥုံ" "ခြောင်း" ဆိုသည်မှာ ဗြဟ္မဏ ဝါဒီတို့ဘာသာ စကား။

ရှင်တော်ဗုဒ္ဓ၏ ဓမ္မဒေသနာများနှင့် လုံးဝ တွဲဖက်၍ ရွတ်ဆို ရန် မသင့်ပါ။

ဘိုးတော်အမည်ခံတွေကတော့ ပေါင်တစ်ဘက်ချ၊ ပေါင် တစ်ဘက်ထောင်၊ စအိုဝပွင့်၍ ရင်ခေါင်းသို့ရှိုက်သံနှင့် တစ်ဥုံ တည်း ဥုံ၍ တစ်ခြောင်းတည်း ခြောင်းနေကြသည်။

"ဥုံ" "ခြောင်း" ခံမှ၊ သိဒ္ဓိမြောက်သည် ထက်မြက်သည် ဟု ဆိုနေကြသည်။

ဘာသာခြားစကားကို ကိုယ့်စကားလုပ်နေကြသည်။

ဆရာတော် အရှင်ပိရိယ(အမရပူရ)၏ လမ်းညွှန်အဆိုအမိန့် မှာ ဤသို့....



"ဥုံ ဆိုသည်မှာ ဗိဿနိုးရယ်၊ သျှိဝရယ်၊ ဗြဟ္မာရယ် ဆိုတဲ့ ဟိန္ဒူတို့ ကိုးကွယ်ရာ ပုဂ္ဂိုလ်ကြီးသုံးဦးကို ဆိုလို ကြောင်း သဘောပေါက်လောက်ပါတယ်၊

ဘုရားရှင်၏ ဂုဏ်တော်တွေ ပွားများရာမှာတော့

ရှေးက တခြားပုဂ္ဂိုလ်တွေကို ဦးတည်ရည်ရွယ်ရွတ်ဆိုမှုဟာ

ကိုယ်ကိုးကွယ်ရာ ဘုရားရှင်ပေါ်မှာ ထားရှိရမယ့်

ကိုယ့်သဒ္ဒါနိုင်မာမှုကို ဘယ်လောက်သိမ်ဖျင်းနှဲ့နဲ့

သွားတယ်ဆိုတာကို လွယ်လွယ်နဲ့

သဘောပေါက်နိုင်ပါတယ်"

"ဥုံ" "ခြောင်း"သည် မှန်ကန်သောအယူလား၊ လွဲမှားသော အယူလား သဘောပေါက်ရင် ချဉ်းကပ်နေသည့် "ဥုံ" "ခြောင်း" သမားများကို ကျောခိုင်းကြပါစို့လား၊

(* * *)

ဂိုဏ်းဆေးထိုးသည်၊

www.burmeseclassic.com

www.burmeseclassic.com



စမရိုက်ပေးသည်။

ဆေးအပ်သည်။

ခါတ်အပ်သည်။

အင်း၊ အိုင်၊ ခလှည့်၊ လက်ဖွဲ့အားဆောင်အပ်သည်။

ဘိုးတော်လောကတွင် ပြုလုပ်စမြဲသော ရှင်သန်နေသည့် လုပ်ရပ်များ။

ဆေးသိုး၊ စမရိုက်၊ ဆေးအပ်၊ ဘာညာသာသာညာ ကိစ္စလုပ်ပြီးလျှင် ပို၍အစွမ်းထက်အောင် သိဒ္ဓိဘင်ပေးသည်၊

သိဒ္ဓိရှင်ဟူသောအမည်ကို ခံယူသူများပင်ရှိလာသည်၊

''သိဒ္ဓိမြောက်'' ''သိဒ္ဓိပေါက်'' ဆိုသော အသုံးအနှုန်းကိုလည်း ပေါပေါလှိုင်လှိုင်ကြီး သုံးစွဲနေကြသည်။ /

ဘာဟူ၍မြောက်၍ ဘာတွေပေါက်နေသည်ကို အယောက်အထား ခိုင်ခိုင်မာမာ မပြနိုင်ကြ၊ /

ဟားတိတော့....။



နောင်တစ်ခေတ် လူကြီးဖြစ်လာမည့်လူငယ်များ တွေးခေါ်မြော် အယူအဆ၊ မတိမ်းပါး၊ မချွတ်ချော်ရအောင် မှတ်သား ဖွယ် နှလုံးသွင်းဖွယ်၊ တင့်ကယ်စွာသော ''အရှင်အဂ္ဂညာဏ (ချမ်းခမြ့ ဆရာတော်ကြီး)၏ အဆိုအမိန့်ကို ဓမ္မလက်ဆောင် ပါးလိုက်ပါရစေ။

''လူတစ်ယောက်သည် အခြားလူတစ်ယောက်ကို

ပါးစပ်ကပွဲ့ပီ ပွစီလုပ်၍ မန်းမှုတ်ပေးရုံမျှဖြင့်၊

ကကာယသိဒ္ဓိမြောက်သွားနိုင်ပါသလား။

ယင်းသို့ စေတစ်လုံးနှင့် ဖန်တီးပေးနိုင်သူကား

ကြောင်းကျိုးဝါဒ၊ ဗုဒ္ဓအယူ၌

ရှေးကလည်း မရှိခဲ့၊ ယခုလည်း မရှိ၊

နောင်လည်း ရှိမည်မဟုတ်ပါ''

— ပိဋကတ်သုံးပုံတွင်၊ သိဒ္ဓိမြောက်စေနိုင်သော

ဒေသနာတော်ကို ရှာမတွေ့မိပါ။

www.burmeseclassic.com

www.burmeseclassic.com



— ရဟန္တာမထေရ်ကြီးများမှစ၍
မထေရ်အဆက်ဆက်ဆောင်ခဲ့သော
ထေရဝါဒဗုဒ္ဓ အလိုအားဖြင့်လည်း
သိဒ္ဓိမြောက်ကြသော ပါဠိဂါထာဟူ၍ မရှိပါ။

— သို့ပါလျက် 'ဝ'မရှိပါဘဲ 'ဝိ'လုပ်နေသူတို့၏ အဖြစ်မှာ 'ကာလနယ်ဆိုးပါဘိ၊ သူခိုးကလူလူကြအလေ့ပေါက်၊ မင်းမူဆယ်အိမ်သူကိုဉ့်ခေါင်'ဟု ဦးပုည ရေးသလို ရယ်စရာပြက်လုံးသာ ဖြစ်ချေမည်။

"ဘုရားရှေ့၌ ပွစိ၊ ပွစိ လုပ်ခြင်းကို သိဒ္ဓိဘင်တယ်" ဟု လူအများက ထင်ဟန်တူ၏။ ယင်းသို့သိဒ္ဓိတင်သဖြင့် ရရှိသော အကျိုးတရားဟူသည် "သီလရှင်တစ်ပါးကို ဆွမ်းဆန်တစ်ခွန်း လောင်းလှူသလောက်" အကျိုးမများနိုင်ပါ။ လက်ဖွဲ့ စသည် တို့ကို အဆောင်ထားရှိ၍ ရရှိသော အကျိုးတရားထက် "သူတောင်းစားတစ်ယောက်ကို ရေတစ်ခွက်တိုက်သည်က" ပို၍ အကျိုးများနိုင်ပါသည်"။

ကဲ....ဒီလောက်ဆို ဒီ က နေ့ ခေတ် စား နေ သည့် အ တု အယောင်လမ်းစဉ်တို့ လုပ်ရပ်အထွေထွေနှင့် ဆရာတော်ကြီး



များ၏အဆုံးအမဩဝါဒကို နှိုင်းယှဉ်၍ တွေးခေါ် စဉ်းစားရန် အချက်အလက် ပြည့်စုံလုံလောက်ပါပြီ။

"ဩဝါဒ"ဟူသည်မှာ လိုက်နာလေ့ကျင့်နိုင်စေသောငှာ မိန်းညွှန်ပြသောအဆုံးအမစကား ဖြစ်ပေသည်။

"သူတော်စင်သူစင်၊ ပညာရှင်တို့ မိန့်ကျင့်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်ဘန်၊ ကောန်မုချဟင်လို့ရမှို နှဩဖိုးမှန်၊ ကျိုကဲသွန်၏"

(မဃဒေဝလင်္ကာသစ်)

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁၈၄၇ ခုနှစ်)

နတ်ကိုးကွယ်မှုအကြောင်း မစခင် (၃၇) မင်းနတ်တို့၏ ဖြစ်စဉ်ကို ဦးစွာပထမ အခြေခံကျကျ သေသေချာချာ စစ်ကြောကြည့်ရမည်ပါ။

သို့မှသာ ကိုးကွယ်ရာလား၊ ဘေးဖယ်ရာလား ဆိုသည်ကို ထင်လင်းစွာ သိရှိနိုင်မည်ဖြစ်ပေသည်။

မြန်မာနတ်ရာဇဝင်အရ၊ မဟာဂီရိနတ် မောင်နှမ၊

သာသနာသက္ကရာဇ် (၈၈၀မှ ၉၃၁ 4.Century A.D) ပုဂံခေတ် သဉ္စိုလည်ကြောင်မင်းလက်ထက်တွင်ပေါ်လာသော



မောင်တင့်တယ် မောင်နှမ၊နှောင်သော် အိမ်တွင်းမင်းမဟာဂီရိ နတ်ကိုးကွယ်သည်ကစပြီး နတ်ကိုးကွယ်မှု စတင်ခဲ့သည်။

(သက္ကရာဇ် ၄၀၆ မှ ၄၃၉ 4.Century A.D) အနော်ရထာမင်းလက်ထက်တွင် ရွှေဖျဉ်းညီနောင် နတ်တို့ပေါ်ပေါက်လာခဲ့သည်။

(၃၇)မင်းနတ်စာရင်းအရ၊ သက္ကရာဇ် ၁၀၀၀-ခုနှစ်မတိုင်မီ နတ်ဖြစ်သူများကို နတ်စာရင်း ထည့်သွင်းထားခြင်းဟု ခန့်မှန်းရသည်။

ဟံသာဝတီ ဆင်ဖြူရှင်ခေါ် ဘုရင့်နောင် မင်းတရားကြီး လက်ထက်တွင် နတ်ကိုးကွယ်မှုကို အာဏာစက်ဖြင့် နှိမ်နင်းခဲ့သည်။

ထိုမှ နောက် နတ်ဖြစ်သူမရှိတော့၊

နယူး နတ်သစ်များ မပေါ်လာတော့ဘဲ အိုးလိပ်နတ်ဟောင်းများကိုသာ (၃၇)မင်း အမည်တပ်၍ ကိုးကွယ်ခဲ့ကြသည်။

လူနတ်ဖြစ်ပွား သတ္တဝါအပေါင်းတို့သည် သံသရာလည်နေကြသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါန၊ သီလ၊ ဘာဝနာမှုများမှ ကုသိုလ်ထဲအချိန်ကြောင့် ဖြဟ္မာဘုံသို့ရောက်နေသည့် ဗြဟ္မာကြီးများသည်ပင် ကုသိုလ်ကို အမြန်တောက်ဖို့မှုကုန်သောအခါ အောက်ဘုံ အသွယ်သွယ်သို့ ပြန်လည်ဆင်းသက်ရသည်ဟူ၍ ဗုဒ္ဓဘာသာဝင်များ လက်ခံထားကြသည်။

နဂိုကတည်းက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံအရှိန် ကြောင့်မဟုတ်မူဘဲ "အယူ့ဘိမ်း၍ အစိမ်းဖြစ်နေသည့်" ၃၇-မင်းနတ်များကော သံသရာ မလည်ဘူးလားဟု မေးစရာရှိလာသည်။

နှစ်ပေါင်း ထောင်ချီကြာခဲ့ပြီပဲဟာ၊ မလည်ဘယ်ရှိမှာပါ လိမ့်။

လည်ပြီပေါ့....။

ခုလောက်ဆိုအားလုံးအဝီစိမှာ ချိုးကပ်နေလောက်ပြီ။

ဤသို့ပင် ဖြေရမည်။

ဤသို့ပင် တွေးခေါ်ကြည့်ရပါလိမ့်မည်ပါ။



၃၇-မင်းနတ်များအနက် နတ်ကွန်း၊ နတ်နန်းနှင့် အပွဲဝင်နတ်များပါရှိသလို နာမည်သာရှိ၍ ပွဲမဝင်သည့်နတ်များလည်းရှိသည်။

အဓိကရ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပခံရသည့် နတ်စာရင်းဝင်ထဲတွင် ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်ခေါ် မင်းကြီး၊ မင်းကလေး၊ မင်းကျော်စွာနတ်ခေါ် ကိုးမြို့ရှင်၊ ပခန်းကိုကြီးကျော်နှင့် ပန်းပဲမောင်တင့်တယ်တို့ ဖြစ်ကြသည်။

ပုပ္ပားမယ်တော်မှာ ရတနာဂူကွင်အဓိကရနတ်ကွန်း၊ နတ်နန်းနှင့် ဓနရှာပေး၍ပွဲလမ်းသဘင်ဆင်ယင်ခြင်းခံရသော်လည်း ၃၇-မင်း နတ်စာရင်းတွင် မပါဝင်ပေ။

ထိုအထဲမှတစ်ဖန်၊ အဓိကရထား၍ ပသကိုးကွယ်ခြင်း ခံရသူမှာ သတင်းမွှေးသည့် မင်းကလေးဖြစ်၏။

အမှန်တော့ "ကိုးကွယ်" ဆိုသည့် အသုံးအနှုန်း မသုံးသင့်ပါ။

"ပသ"ဆိုသည့် အသုံးအနှုန်းသာ သုံးနှုန်းသင့်ပါသည်။

www.burmeseclassic.com

ဒါ

ဖြူ မင်းကလေး သတင်းမေးသည်မှာ မင်းကလေးတွင်လူဇနီး သားများ မရေတွက်နိုင်အောင် ရှိနေသောကြောင့်ပင်။

သည်ကနေ့အထိ မင်းကလေးနှင့် လက်အပ်မင်္ဂလာသဘင်၊ ဆင်ယင်ကျင်းပမြဲ ရှိနေကြ၏။

"ဖူး နောင်း ချပ်ချေး ချပ်ချေး "နတ်ကနားပွဲများမှာလည်း ပတ်ဝန်းကျင်ပရိသတ်ကို အနှောင့်အယှက်ပေး နေဆဲ။

နတ်ဖိုးသိန္နင့်မြိုင်ထ၊ နှစ်ပါးသွား နေကြဆဲ။

ရိုးတွင်းချင်ဆီအထိ စွဲနစ်နေသည့် အယူ အစွဲ လမ်း မှား ဆက်လက် ရှင်သန်နေလိမ့်ဦးမည်ပါ။

(* * *)

(၃၇)မင်း နတ်ဖြစ်ကြသူတို့၏ အမျိုးအနွယ်မှာ...

ဘုရင်မှ နတ်ဖြစ်သူ (၁၁) ယောက်



မင်းမျိုးမင်းနွယ်မှ နတ်ဖြစ်သူ (၆) ယောက်

မိဖုရားမှ နတ်ဖြစ်သူ (၆) ယောက်

အမတ်၊ မင်းမှုထမ်းမှ နတ်ဖြစ်သူ (၈) ယောက်

ကုန်သည်၊ ဆင်းရဲသားမှ နတ်ဖြစ်သူ(၆) ယောက်

ပေါင်း (၃၇) ယောက်။

သူတို့သည်။

နတ်မဖြစ်မီ၊ နတ်ဖြစ်လာမည့်လူများသေဆုံးရပုံအကြောင်း ဇာစ်မြစ်ကို ဆန်းစစ်ကြည့်သည့်အခါ အောက်ပါအတိုင်းတွေ့ ရပြန်သည်။

ကျားကိုက်၊ မြွေပေါက်၊ မီးလောင်၊

စိတ္တဇရောဂါနှင့် အကွပ်မျက်ခံရပြီး သေ၍နတ်ဖြစ်သူ

(၂၃) ယောက်

ဖျားနာရောဂါအထွေထွေဖြင့် သေဆုံး၍

နတ်ဖြစ်သူ.... (၁၁)ယောက်

ဘိန်း၊ အရက်ကြောင့်သေဆုံး၍ နတ်ဖြစ်သူ ([illegible])ယောက်

www.burmeseclassic.com



ကုဋ္ဌနာနှင့်သေပြီး နတ်ဖြစ်သူ (၁) ယောက်

၃၇-မင်း နတ်တွင် မပါဝင်သော်လည်း နတ်ကိုးကွယ်သူများ တလေးတစား အလေးထား၍ ကိုးကွယ်ကြသည့် မြင်းဖြူရှင်နတ်၊ ဦးရှင်ကြီးနတ် သိပ်နတ်၊ မအောင်ဖြူ၊ မင်းခေါင်ကျော်စွာနတ် စသည်များလည်း ရှိသေးသည်။

မြင်းဖြူရှင်နတ် လေးမျိုးရှိသည့်အနက် ကန္တီမြင်းဖြူရှင်ကို အလေးအမြတ်ထား၍ ပသကိုးကွယ်ကြသည်။

မြင်းဖြူရှင်လေးမျိုးမှာ....။

— ကယားမြင်းဖြူရှင်နတ်၊

— ကန္တီမြင်းဖြူရှင်နတ်၊

— ရွှေပြည့်ရှင်မြင်းဖြူရှင်နတ်၊

— ရွှေစင်သင်မြင်းဖြူရှင်နတ်၊

ကန္တီမြင်းဖြူရှင်နတ်၏ အတ္ထုပ္ပတ္တိကို မြန်မာ့ စွယ်စုံကျမ်းတွင် ဤသို့ဖော်ပြထား၏။



"ပုဂံပြည် အနော်ရထာမင်းလက်ထက် ကန္တီမြို့ဥ ကန္တီနော်ရထာဘွဲ့နှင့် မြို့စားတစ်ဦး ခန့်ထားအုပ်ချုပ်စေခဲ့သည်။ ကန္တီမြို့စား ထကြွပုန်ကန်သောကြောင့် ဘုရင့်တပ်သားများက လိုက်လံတိုက်ခိုက်ရာ ကန္တီနော်ရထာသည် သူ၏မြင်းဖြူကို ကဆုန်ချစီးပြီး မြစ်အတွင်းသို့တိုးသင်းကာ မိမိကိုယ်ကို အဆုံးစီရင်လိုက်ရာမှ နတ်ဖြစ်လာသည်"

အဲသည်လိုမျိုးကနေ နတ်ဖြစ်လာသည် ဆိုတော့လည်း စဉ်းစားစရာ၊

မည်သို့သောအကြောင်းကိုအခြေခံ၍ နတ်ဖြစ်လာကြောင်း အဓမ္မပုစ္ဆာ ထုတ်လာသင့်သည်ပါ။

(* * *)

နန်းအရိုင်းမယ်တော်၊

၃၇-မင်းတွင် မပါ၊

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ နတ်ကနားပွဲများတွင် တာအစားဆုံးဖြစ်လာသည်။

ယိမ်းအတော်များများမှာ စင်ဝယ်ကလေးများနှင့် နေရာ ပေးလာကြသည်။

နန်းကရိုင်းမယ်တော်၏ ဖြစ်စဉ်မှာ ကြေကွဲဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာ၊ ရင်နင့်ဖွယ်ရာများ ရောပြွမ်းနေသောကြောင့်ပင်ဖြစ်၏။

နတ်ပွဲလာ ပရိသတ်အများစုမှာ နတ်ဝင်သည် မဝင်သည်ကို အလေးထားပြီး လာကြသည်မဟုတ်။

နတ်အနွယ်ဝင်များ ကကြ၊ ခုန်ကြသည်ကို ကြည့်ဖို့လာခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် ရိုးရိုးအကထက် ဇာတ်ကွက် ဇာတ်လမ်း အခင်းကောင်းသော ကနားပွဲများကို ပို၍စွဲမက်နှစ်သက်ကြသည်။

ဇာတ်ကွက် ဇာတ်လမ်းခင်းရာတွင် နန်းကရိုင်းမယ်တော်၏ ဖြစ်စဉ်ဇာတ်ကြောင်းမှာ အလွမ်းအဆွေး ဝေဝေဆာဆာပါသောကြောင့် ပရိသတ်ခိုက်သည်။

ခေတ်စကားနှင့် မိုက်သည်။



ရင်နင့်ရသည်။ ရင်ဝယ်သိမ့်သိမ့်လွမ်းရိပ်ထင်ရသည်။ ဟသသ တမြည့်မြည့်ခံစားရသည်။

မျက်ရည်လွယ်သူများ မျက်ရည်မထိန်းနိုင်။

ချိုထိပ်များမှာ ရွှေချထားသည့် ကျွဲခေါင်းကြီးများကို ကနားပွဲတိုင်းမှာ တွေ့နေရပြီ။

နန်းကရိုင်းဇာတ်။ ဇာတ်နာသည်ဆိုသော ဇာတ်လမ်းမျိုး။

အဆိုရှိသည်မှာ ဤသို့ပါ။

ဝိမလမင်းကြီး ဟံသာဝတီကို စိုးစံအုပ်ချုပ် မင်းလုပ်နေသည့်ကာလ။

ရှင်သပ်ရှာမှာ ရင်ခုန်ရင်တုန်ရအောင်လှသောအဆင်း ချောမောလှပသည့် နတ်မိမယ်နှင့် နှိုင်းရာလောက်အောင် တောမပျက်သမီးကညာအလှဘုရင်မလေး၏ သတင်းမှာ ဘုရင့်နန်းတော်သို့တိုင် နားပေါက်သွားသည်။

တောင်သူကြီး မဲအိုးလောင်း၏ သမီးကညာ၊ အလှဘုရင်မလေး၏အကြောင်းကို ဝိမလမင်းကြီး ကြားလေသော် ဝိမလ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးမှာ သတင်းအကြားနှင့်ပင် တပ်မက်စိတ်မထိန်းနိုင်ဖြစ်လာသည်။

မင်းချင်းများကို စေလွှတ်၍ အလှဘုရင်မလေးကိုဆောင်ကြဉ်းခိုင်းလိုက်၏။

မိဖုရားမဖြစ်ချင်သူ တောချော် အလှဘုရင်မလေးမှာ.... မင်းချင်းတို့ လာပြီ ဆိုသည်နှင့် ရွှေဖရုံသီးထဲ ဝင်ပုန်းနေခဲ့သည်။

ဒဏ္ဍာရီပုံပြင်ဖြစ်ပါလိမ့်မည်။

မဟုတ်ရင်တော့ ရွှေဖရုံသီးထဲ လူဝင်ပုန်းလို့ ဘယ်ရပါ့လိမ့်မလဲ။

ရှိပါစေ။

အလှဘုရင်မလေးက ခဲခဲကပ်ကပ် ရွှေဖရုံသီးထဲဝင်ပုန်းနေသော်လည်း စေ့စေ့ငငှ ရှာဖွေခဲ့သည့် မင်းချင်းတို့လက်က မလွတ်သာခဲ့။

မင်းချင်းတို့က နန်းတော်သို့ ဆောင်ကြဉ်းသွားပြီး၊ အကျိုးအကြောင်းစုံလင်စွာ လျှောက်တင်၍ ဘုရင်ကြီးထံ ဆက်သလိုက်သည်။



ဘုရင်ကြီးက တောင်သူကြီးသမီး အလှဘုရင်မကလေးကို နှစ်သက်သဘောကျလွန်းသမို့၊ နာမည်ပေးချေပြီး မိဖုရားငယ်အဖြစ် မြှောက်စားလိုက်သည်။

ဝိမလမင်းကြီး ပေးသည့်အမည်မှာ "ရွှေဖရုံမယ်"

ရွှေဖရုံမယ်မိဖုရားလေးမှာ နှစ်ရက်ကာလ စေ့ ရောက်သောအခါ သားတော်လေးကို မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။

ထိုအချိန်တွင် ဝိမလမင်းကြီး နတ်ရွာစံသည်။

ညီတော် ဝိမလမင်းသား နန်းတက်လာသည်။

ဝိမလမင်းသား ဘုရင် ဖြစ်လာပြီးနောက် ရွှေဖရုံမယ် မင်းသမီးလေးမှာ အရာပေးမခံရတော့။

အရာပေးမခံရရုံမက ဝိမလဘုရင်က ဝိမလမျိုးနွယ်ဆက်ကို ဖြုတ်ထုတ်သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ရွှေဖရုံမယ် မိဖုရား၏ သားတော်လေးကို နယ်စွန်နယ်ဖျားသို့ သွားရောက်စွန့်ပစ်ရမည်ဟု ထစ်ချက်လွှတ်အမိန့်တော်မြွက် ချမှတ်လိုက်သည်။

ရွှေဖရုံမယ်မှာ မျက်ရည်ကို ဒူးနှင့်သုတ်နေရရှာသည်။

ဘုရင့်အမိန့်တော်ကို မလိုက်နာလို့ကလည်း မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရင်မှဖြစ်သောသားကို ငွေနှင့်ပစ်ရမည်ဟုလည်း အခက်၊ ရတက်ပွေပြီး သောကလည်း ထွေခဲ့ပြီ။

ကနားပွဲ၌ သားတော်လေးကို စွန့်ခဲ့ပါပြီး အလှမ်းသယ်လိုက် ပုံမှာ ကနားပွဲပရိသတ် ရင်နင့်ရသည်။ မျက်ရည် တိုင်းလည်းပုံ သည်။

ဟံသာဝတီနှင့် သထုံနယ်ခြား ကွမ်းအပ်သာတောမှာ သားတော်လေးကို စွန့်ပစ်လိုက်ရသည်။

အဲဒီ နယ်စပ် ရွာတစ်ရွာမှာ ကျွဲနွားများမွေးမြူ၍ လယ် ယာ လုပ်ကိုင်နေသူ မိန်းကရှိုင်းတို့မိသားစု နေထိုင်ကြသည်။

မိန်းကရှိုင်းက သူပိုင် ကျွဲအုပ်ကို ဖားကျက်သွားရန် လာရာ တဝါးဝါးအော်နေသည့် ကလေးငယ်ကိုတွေ့ပြီး ကောက်ယူ မွေးစားခဲ့သည်။

ကွမ်းအပ်သာတောစပ်မှ ကောက်ယူရခဲ့သည်ကို အစွဲ ပြု၍ "အပ်သာ"ဟူ၍ အမည်မှည့်ခေါ် လိုက်သည်။

"ကွမ်းအပ်သာ"မှာ မွန်အခေါ် အဝေါ်ဖြစ်၍ မြန်မာ "…ခြား"ဟု အဓိပ္ပာယ်ရသည်။



နယ်ခြားမင်းသား "အပ်သာမင်းသားလေး"ကို ကာလ ရွေ့လျားလာသောအခါ "ကွမ်းအပ်သာမင်းသား"ဟူ၍ ခေါ် ဝေါ်ခဲ့ကြသည်။

ဇာတ်လမ်းကိုပြင်ဆိုတော့လည်း သည်လိုပဲဖြစ်ရမည်ပေါ့။

အပ်သာမင်းသားမှာ ကျွဲနို့နှင့် လူဖြစ်လာရပြီး ကျွဲများ နှင့် ယှဉ်ပူးနေသည်။

ကျွဲအုပ်ခေါင်းဆောင် ကျွဲကြီးက ရင်သွေးငယ် ပမာသို့ ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။

အပ်သာမင်းသားအရွယ်ရောက်လာသောအခါ ကျွဲချိုများ ပေါ် တက်၍ ဆော့ကစားနေခဲ့သည်။

ခမ်းနားသော ခေတ်၊ အပ်သာမင်းသား ရုပ်ရှင်ကားတွင် နာမည် ကျော် ဇာတ်လိုက်မင်းသား ချစ်ရွှေကြီးက ကျွဲချိုများပေါ်၌ ပြေးလွှားကစားနေပုံ ရိုက်ကွက်မှာ ရုပ်ရှင်ကြည့် ပရိသတ်ကို စွဲမက်စေခဲ့၏။

ထိုသို့ အပ်သာမင်းသားက ကျွဲချိုများပေါ်တွင် ခုန်း ပျော်၍ သွားလာလှုပ်ရှားနေသည်ကို ဟံသာဝတီပြည်မှ တောလိုက်ထွက်လာသည့် မှူးကြီးက မြင်တွေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးမှာ တအံ့တသြဖြစ်ပြီး လူသားခင်စစ်မှ ဟုတ်ပါလေစဟု ထင်မှတ်ခဲ့သည့်အလျောက် အပ်သာမင်းသားနှင့် အဆွေခင်ပွန်းဖွဲ့ရန် ကြိုးစားခဲ့သည်။

မကြာမီ မုဆိုးကြီးနှင့် အပ်သာမင်းသားတို့ အဆွေခင်ပွန်း ဖြစ်သွားကြသည်။

ဟံသာဝတီပြည်မှ နှင်လွှတ်လိုက်သော ပေါ်တူဂီအနွယ်များက အရပ်ခုနစ်ပေမြင့်သည့် လန်ဘားဆိုသူကို စစ်ဦးစီးမှူးတင်ပြီး၊ ဟံသာဝတီမင်းကို တိုက်ခိုက်ရန် ရွက်လှေများလွှင့်၍ လာကြနေသည့်သတင်းကို ငါမလမင်းကြီး ကြားသိသွားသည်။

ထိုကြောင့် ရန်သူစစ်ဦးစီးမှူးနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည့် လူစွမ်းကောင်းကို ရှာဖွေရန် မင်းချင်းတို့အား စေလွှတ်၍ သည်။

ထိုသတင်းကို ကြားသိလိုက်ရသည့် မုဆိုးကြီးက အပ်သာမင်းသား၏ စွမ်းရည် ထက်မြက်ပုံများကို တင်လျှောက်ခဲ့သည်၊



မုဆိုးကြီးနှင့်အတူ မင်းချင်းများအား စေလွှတ်၍ အပ်သာမင်းသားအား နန်းတော်သို့ ခေါ်ယူစေခဲ့သည်။

ရန်သူ့တပ်က တပ်မှူးလန်ဘားကို တစ်ယောက်ချင်းစီးချင်းပြိုင် တိုက်ခိုက်နိုင်ရင်၊ သမီးတော်နှင့် ထိမ်းမြားပေး၍အပ်နှင်းမည်ဟူသော ကတိစကားနှင့် အမေးတော်ရှိခဲ့ရာ အပ်သာမင်းသားက တိုက်ခိုက်မည့်အကြောင်း သံတော်ဦးတင် လျှောက်လိုက်သည်။

အပ်သာမင်းသားက ခုနစ်ရက်အချိန်ပေးရန် ခွင့်ပန်၍ ကျေးမိခင်ထံ ပြန်လာခဲ့သည်။

လမ်းခွပ်သပ်တွင် ဒီရေစောင့်နတ်သမီးနှင့် ပညာပြိုင်ရာ ဒီရေစောင့်နတ်သမီးက ညစ်ပတ်သောကြောင့် အပ်သာမင်းသား ရှုံးနိမ့်ခဲ့ရသည်၊

ရှုံးသူက နိုင်သူစေခိုင်းရာလုပ်ပါမည်ဟု ကတိထားရှိခဲ့သည့်အတိုင်း ဒီရေနတ်သမီးက အသင်မင်္ဂလာဆောင် အိမ်ထောင်ပြုသွင် ကျွဲခေါင်းအံ့ဖြစ်၍ ကျွန်ုပ်အား ဆက်သရမည်ဟု ကတိစကား ထားရှိစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ညွှန်ပြသည့်အတိုင်း ရန်သူစစ်မှူး လန်ဘားကို အနိုင်ရ၍ ဝမ်းသာခဲ့ရသော်လည်း ဘုရင့်သမီးတော်နှင့် ထိမ်းမြားလက်ထပ်ရမည်ကိုမူ ဝမ်းမသာနိုင်ဖြစ်ခဲ့ရသည်။

သူ့ကို လူလားမြောက်အောင် နို့ချိုတိုက် ကျွေးခဲ့သော ကျွဲမကြီး လည်ပင်းကိုဖြတ်၍ ရေနတ်သမီးအား ပူဇော်ပသရမည်ကို မလုပ်ရက်ဖြစ်နေခဲ့သည်။

လူမိခင်ဖြစ်သူအား အကြောင်းအကျိုးအစုံကို ပြန်လည်ပြောပြခဲ့ရာ မိခင်ဖြစ်သူကိုယ်တိုင် အပ်သာမင်းသားအား နို့ချိုတိုက်ကျွေးခဲ့သည့် ကျွဲမကြီးလည်ပင်းကို ဖြတ်ပေးခဲ့သည်။

ထိုမှ နန်ကရိုင်းကျွဲနတ် ပေါ်လာရသည်။

ဤသည်ဇာတ်လမ်းမှာ မွန်ရာဇဝင်နှင့် ဆေးတီပေါင်းချုပ် သမိုင်း၏အဆို။

ယုတ္တိတန်သည်မတန်သည်ကို ဆုံးဖြတ်ရန်ဟုအခြေမခံသော်လည်း အစဉ်အလာ ဆိုရိုးစကား ရှိသည့် အတိုင်း ဖော်ပြလိုက်ပါသည်။



နတ်ကတော်တွေ တီထွင်ပြီး ကသည့် ဇာတ်လမ်းမှာမူ ထိုသို့မဟုတ်ပေ။

ဇာတ်ပို့ရာ၌ အလွမ်းသယ်ရန် ပိုကောင်းမည့်သူတို့ တီထွင်လိုက်သည့် ဇာတ်ကြမ်းမှာ...

နို့ချိုတိုက်ကျွေး၍ လူသားမြောက်အောင် ထိန်းကျောင်းပေးခဲ့သည့် နန်ကရိုင်းကျွဲမကြီးကို အပ်သာမင်းသားက ဘယ်လိုမှ မသတ်ရက်ဖြစ်ရ၍ သားကိုချစ်လွန်းအားကြီးလို့ မိခင်ကျွဲမကြီးက သူ့လည်ချောင်းသူ ဖြတ်ပေးခဲ့ပုံဖြင့် ဇာတ်ကွက်ခဲဖော်သည်။

လူသားနှင့် မိခင်ကျွဲမကြီးတို့ အချီအချ ဇာတ်သံနေ၍ ပြောကြပုံများမှာ ရင့်နင့်စရာ ကောင်းလှသလို အလွမ်းသယ်လို့လည်း ကောင်းသည်။

ဇာတ်လည်းနာသည်။

မဟုတ်ကို အဟုတ်၊ မရှိကို အရှိ လုပ်တတ်သည့်သူတို့၏ စရိုက်ဥာဉ်အတိုင်း နတ်ကတော်တွေက လုပ်ကြသည်။

နတ်ကနားကသည်မှာ ကနားစီးတို့၏ဝမ်းစာရေးလည်းနိုး။

www.burmeseclassic.com

www.burmeseclassic.com



ကနားပေးသူက ကတိအတိုင်း လုပ်လိုက်ရ၍ နောက်သပ်ထိုထက်မကသော လာဘ်လာဘ ဝင်မည်၊ အကြံအစည်တွေ အောင်မြင်မည်ဟု ယုံကြည်ဖြေသိမ့်ခွင့် ရသွားသည်။

ကနားစီးကလည်း သုံးမျိုးသုံးစားရှိသည်။

အောက်ဆင့်ကနားစီး၊

အလယ်ဆင့် ကနားစီး၊

အထက်ဆင့် ကနားစီး၊

အောက်၊ အလယ်၊ အထက်ဆိုသည်ကို ကနားစီးကြေးအတိုင်း အတာဖြင့် သတ်မှတ်ကြသည်။

ပမာဆိုကြပါစို့။

တစ်သောင်းခေါ်ကြေးသမားက အောက်ဆင့်၊

နှစ်သောင်းခေါ်ကြေးသမားက အလယ်ဆင့်၊

သုံးသောင်းခေါ်ကြေးသမားက အထက်ဆင့်၊

အထက်ဆင့်သမားက နှစ်ဆိုင်းပြိုင်နှင့် ကနားစီးသည်။

စင်ပေါ်တွင် တင်ထားသည့် နတ်ရုပ်များမှာ ရွှေရောင်တစ်ဝင်းဝင်း၊ အပျိုဘားနတ်ရုပ်တွေ၊



ဆက်ထားသည့် အရက်ပုလင်းတွေကလည်း နိုင်ငံခြားဖြစ် အရက် အကောင်းစားတွေ။

ကနားပွဲကိုလာသည့်အသိုင်းအဝိုင်းတွေကလည်း စိန်ရောင် ရွှေရောင်တစ်ပြောင်ပြောင်နှင့်၊

နတ်ပွဲတုအဆိုရှိသည့် ဗိန်းဗောင်းတိုက်ကပွဲသို့ ဝင်နွှဲသူတွေကလည်း သန့်သန့်ပြန့်ပြန့် ထည်ထည်ဝါဝါသမားတွေ။

အလယ် အလတ်အဆင့် အပြင်အဆင်ကတော့ အထက်အဆင့်လောက် မထည်ဝါစေကာမူ ကြည့်ပျော်ရှုပျော် ရှိသည်။ ကနားစီးနှင့် အဖွဲ့ကလည်း ဝတ်စားဆင်ယင်မှု တင့်တောင့်တင့်တယ်ရှိသည်။

ကနုန်သူတွေကလည်း စည်းကမ်းရှိရှိ အထာမိမိဖျော်ဖြေသည်။

အမြင်မဝင့်ထည်ပေမယ့် တင့်တယ်သည်။

ဈေးအခေါ်ဆုံးနှင့်ဗရုတ်သုတ်ခအကျဆုံးကတော့ အောက်ဆင့် ကနားပွဲ။

ခေါ်ဈေးထက် ကနားဆက်မည့်သူ တတ်နိုင်သောငွေကြေးအပေါ် မူတည်၍ အဖြစ်လုပ်ပေးသည့် ကနားပွဲ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အားလုံးမှာ အညှိခါးတွေချည်း။

အရက်ဆိုလည်း ပုလင်းနှင့်တံဆိပ်သာတစ်စစ်း

အထဲက အရည်မှာ အတူ။

အနံ့ပဲထွက်သည့် အရောင်ဆိုးထားသည့် အရက်ကိုသာ ဆက်နိုင်ကြသည်။

သည်လိုကနားပွဲမျိုးနှင့်တွေ့ရင်ဦးမင်းကျော်တို့၊ မင်းကလေးတို့ မစားသာ။

တစ်ခုတော့ ရှိသည်ပေါ့။

နတ်က အတွေ့ မဟုတ်၊ အငွေ့ဆိုသမို့ အတု အစစ်မှာ ပြဿနာ မပေါ်။

ဘိုးတော်ရေ့ ရှေ့ရောက်ရင် သိုက်စကားကြားရမည်။

နတ်ကတော်ရှေ့ ရောက်ရင် ရိုးရုံစကားကြားရမည်။

ယနေ့ နတ်ကတော်လေးကအောင် အရေးပေါ်သော အခန်းမှ ပါဝင်နေသူများ၊ ကနားဆက်ရာတွင် မပါမပြီး နတ်ကတော် လောကတွင် အဓိက ထင်ရှားသူများမှာ မယ်သျှာအောင်စုမြစ်၏



မလျှာဆိုသည်ပ် "နပုလ္လိင်"

"နပုလ္လိင်"နှင့် ပတ်သက်၍ လောကနိဗ္ဗာအဆိုရှိသည်မှာ....။

"လူလည်းမသိုး၊ ဘုန်းလည်းမရှိ၊ ယုတ်ညံ့ဘိ၏"

သို့ ဆိုခဲ့သော် နပုလ္လိင်ကိုကပ်စားသည့် နတ်ဆိုသည်မှာလည်း ဤသည်း တစ်ခုကွဲပါတကား။

ထို့မှတစ်ပါး အခြားဆိုစရာ မရှိပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



နတ်နှင့် စကားပြောသည်ဟူသော ကိစ္စနှင့်စပ်လျဉ်း၍....

"ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးက"

အောက်ပါအတိုင်း ရှင်းလင်းပြတ်သားစွာ အဆုံးအဖြတ်ပေးတော်မူခဲ့ဖူးပါ၏။

"ကနေ့လူတွေက နတ်နဲ့စကားပြောတယ်၊
ဆိုတာတော့ ကြားရင်လဲ သူတို့
ခံချင်မှာ မဟုတ်အူးနော်၊
အလကား၊ ဘာမှ မဟုတ်ဘူး၊
စိတ်ကူးနဲ့ပြောနေတာ၊
မျက်နှာချင်းဆိုင်ပြီးတော့၊
ဘယ်သူမှ မပြောရဘူး၊ ဟုတ်လား"

(* * *)

( ရှစ် )

တစ်ချို့သော ဂမ္ဘီရပညာရှင်များ၊ ဘိုးတော်များ၊ နတ်ကတော်များသည် နတ်နှင့်စကားပြောရသည်ဆိုက ယောရဝါဒ စာပေဗဟုသုတ ခေါင်းပါးသူတို့အပေါ်တယ်၊ လိမ်လည်လှည့်ဖြား လုပ်စားလျက်ရှိကြ၏။

ထိုသို့သော ပုဂ္ဂိုလ်များက နတ်နှင့် စကားပြောရသည်ဟူသော စကားကို သူတို့က သုံးကြသည်။

ဘာသာရေးအသိအမြင် နည်းပါးလှန်းသူတို့သည် ပြောတိုင်း ယုံ၊ ကြုံတိုင်းလိုက်၊ ခိုင်းတိုင်း လုပ်ဘတ်ကြသည့် ရောမိရောရာ ယောင်ချာချာများလည်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



- မိမိပြုလုပ်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံပေါ်တဲ့
နတ်တို့က ထောက်ပံ့မပေးလို့
ကောင်းကျိုး၊ ဆိုးကျိုးရတယ်လို့
ကံ-ကံ၏အကျိုးကို မယုံတဲ့
နတ်သကြားကို တစ်ဖက်သတ် ယုံကြည်အားကိုးကာ
နတ်တို့နေရန် နတ်ကွန်းကို မွမ်းမံပြင်ဆင်ခြင်း၊
အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းခြင်း၊ ငှက်ပျောပွဲ၊
အုန်းပွဲတို့ဖြင့်
ကောင်းမွန်စွာ ပူဇော်ရှိခိုးခြင်း၊
လက်အုပ်ချီခြင်းပြုသူတို့သည် မိစ္ဆာဒိဋ္ဌိဖြစ်၏တဲ့။
ဆင်ခြေတက်နေရမလိုဘူး။

- ရတနာမြတ်သုံးပါးကိုတော့ ခုဘဝမှာရော
နောက်ဘဝအဆက်ဆက်ပါ ပစ္စုပ္ပန်သံသရာ
နှစ်ဖြာချမ်းသာအောင်ပါ ပေးလိမ့်မည်ဟု ယုံကြည်ခြင်း၊
ဘဝသံသရာလွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကိုပါ
ပေးလိမ့်မည်ဟု ယုံကြည်ခြင်း။



- အဲဒီ အကျိုးတရားနှစ်ပါးကို ယုံကြည်စွာနဲ့
ကိုးကွယ်ဆည်းကပ်မှု ပြုရမယ်။

- နတ်ကိုတော့ ခုဘဝမှာ မျက်မှောက်အကျိုးအတွက်
မျက်မှောက်ဘဝလက်ရှိကောင်းစားရေးအတွက် ခုဘည်းကို
သာ ယုံကြည်ကာ အိမ်စောင့်၊ တံခါးစောင့်၊ ဒေဝတ်လို၊
ကိုယ့်အကျိုးကိုလာစောင့်ပေးတတ်တဲ့ မိတ်ဆွေကောင်း
တစ်ယောက်အနေနဲ့၊ ကျွေးမွေးဟုပြောပါမှ
မိစ္ဆာဒိဋ္ဌိ မဖြစ်ပါဘူးတဲ့။

- သို့သော် ဗုဒ္ဓဘာသာဝင် အစစ်တော့မဖြစ်နိုင်ဘူးတဲ့။
ကပြား ဗုဒ္ဓဘာသာပဲလို့ မှတ်ယူရမည်တဲ့။

- သိမှုင်းအချုပ် မှတ်ဖို့ကတော့ နတ်သိကြားနဲ့ ဗြဟ္မာတို့
ရော ဘိုးတိုးအောင်၊ အောင်မင်းခေါင်တို့ ကိုပါ အမြတ်
တနိုး ရတနာသုံးပါးနဲ့ တန်းတူထားပြီး ကိုးကွယ်ရင်
မိစ္ဆာဒိဋ္ဌိဖြစ်၏တဲ့။

- အမြတ်တနိုးမဟုတ်ဘဲ လောက တမ်းဘဝအတွက်
မိမိ့ဖလာသက်သက်မျှသာ ပွဲတိုးကိုးကွယ်ပါမှ
သရဏဂုံ မပျက်တပျက်ကလေးဟု မှတ်ရပေတော့။

www.burmeseclassic.com

www.burmeseclassic.com



- ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကိုးကွယ် ဆည်း
ကပ်တာက

ခုဘဝအတွက် လူချမ်းသာ၊ လူ့ ညည်းစိမ်ဥစ္စာ ပေါများ
စေလျက်၊

သေသောအခါ နောက်ဘဝမှာလည်း လူ၊ နတ်၊ ဗြဟ္မာ
သုခကို

ပေးနိုင်တဲ့အပြင် နောက်နောင် ဘဝတွေ အတွက်ရော
ဘဝလွတ်မြောက်ချမ်းသာအခစ်ဖြစ်တဲ့

မဂ်ဖိုလ် နိဗ္ဗာန်ကိုပါ သုံးပါးသောချမ်းသာကိုဧကန်မုချ
ရယူခံစားနိုင်တဲ့ အာမခံ ငြိုညင့်ခံနိုခံချက်ပေးထားတဲ့
ဗုဒ္ဓဘာသာ၊ သရဏဂုံ သုံးပါး၊ တရားတော်ထက်
လွန်ကဲပြီးတော့ မသေချာတဲ့ နတ်၊ ဗြဟ္မာ သူရှင်တို
စတဲ့ အထက်ဆရာကြီးတွေကိုကိုးကွယ်ပူဇော်ထဲအတွက်
သရဏဂုံ မပျက်သော်လည်း ဗုဒ္ဓဘုရားအစစ်ကို
တစ်ထစ်ချ ယတိပြတ်ယုံကြည်တဲ့ သရဏဂုံ အစစ်မဟုတ်
၍ဘဲ ဒကာကြီးတို့။

အိမ်မှာ နတ်၊ ဝိဇ္ဇာ၊ ခဝင်၊ မြင်းရုပ်ဟုံနဲ့ ကိုးကွယ်ပူဇော်
ထားရင် သီလဗ္ဗတုစ ါဒန်၊ သီလဗ္ဗတ၊ ပရာမသဒိဋ္ဌိလို့



သာ မဟာ်ပေတော့။

သမ္မာသိဋ္ဌိစင်စစ်ဘော့ မဖြစ်နိုင်ဘူးတဲ့"

(* * *)

မြန်မာနိုင်ငံတွင် ထေရဝါဒသာသနာတော်မြင် ရှန်းလက်
တောက်ပနေသည့် ကြားမှပင် ၃၇-မင်းနတ် ကိုးကွယ်မှု ဝါဒ
ထွန်းကားလျက်ရှိနေသေးသည်မှာ များစွာအံ့ဩရသည်နှင့် အမျှ
ဝမ်းနည်းခြင်းလည်း ဖြစ်ရပါ၏။

စင်စစ် ၃၇-မင်းနတ်ဟူသည် ထေရဝါဒ ပိဋကတ်တော်
များအရဆိုလျှင် နတ်ဟုမဆိုနိုင်ပါ။

လူ့ဘဝတုန်းက ကိုယ်ကျင့်တရားပျက်၊ မင်းပြစ် မင်းဒဏ်
သင့်၊ အသေဆိုးနှင့် အယူတိမ်းသဖြင့် "ပြိတ္တာ" ဖြစ်လာရသူ
များ ဖြစ်၏။

ထိုသို့သော လူသားလောက်မှ ကိုယ်ကျင့်သီလ မရှိသူ
၃၇-မင်းနတ်များတွင် "ကိုးကွယ်ခံထိုက်ရည်"ဟူ၍ မြတ်စိမ့်နုံး
ဆံဘစ်မျှင်မျှမင် မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်သော် ၃၇-မင်း နတ်ကိုးကွယ်မှုဝါဒသည် သာသနာတော်မြတ်နှင့် ဖီလာဆန့်ကျင်လျက် ရှိပါ၏။

ယင်း ၃၇-မင်း နတ်ကိုးကွယ်မှုဝါဒပြန့်ပွားအောင် စည်းရုံးလှုံ့ဆော်နေသော နတ်ကဒတော်များ၊ နတ်ဝင်သည်များ၊ နတ်ကသူများ၊ နတ်ကိုးကွယ်မှုစာအုပ် ရေးသား၍ အကြံအဖန်လုပ်ငွေရှာနေသော စာရေးသူများ အားလုံးသည် ထေရဝါဒ သာသနာတော်မြတ်ကို သွယ်ဝိုက်သောနည်းဖြင့် ဆန့်ကျင်သူများဟု ဆိုနိုင်ပါသည်။

ဤ ၃၇-မင်း နတ်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ "ဆရာတော် ဘိက္ခုကောသလ္လ(မင်းသာသနာ့တက္ကသိုလ်)၏ သတိပေးတော်မူချက်မှာ ဤသို့ပင်၊

- ဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားရာ ဘုရားခန်းတွင် ဘုရားစင်နှင့်အတူ နတ်ရုပ်များထားရှိခြင်းသည် အဆင်မပြေလှပါ။

- ပို၍ဆိုးသည်မှာ ဗုဒ္ဓဆင်းတုတော်ကို ဆွမ်း၊ သစ်သီး၊ ပန်းတို့ဖြင့် ပူဇော်ပြီး နတ်ရုပ်အား အရက်ပုလင်းကြီး



ဆက်သထားသည်မှာ အလွန်အကြည့်ရဆိုးသော မြင်ကွင်းပင်ဖြစ်၏။

- အရက်သေစာ မသောက်စားရန် တားမြစ် ဟောကြားထားသော
ဗုဒ္ဓကိုယ်စား ဆင်းတုတော်ရှေ့တွင် ကိုရွှေနတ်တို့အား
အရက်ဆက်သခြင်းသည် လျောက်ပတ်မှုရှိ မရှိ၊
စဉ်းစားသင့်လှပါသည်။ အချိန်မီသေး၏။

- ၃၇-မင်းနတ်သမိုင်းကို လေ့လာကြည့်ပါ၊
ငါးပါးသီလ မြဲသောနတ်၊ သူ့စရိုက်တရား ဆယ်ပါး ဖြည့်ကျင့်ခဲ့သောနတ်ဟူ၍ ရှိပါသလော။

- ပိဋကနာ ဘာဝနာ အားထုတ်ခဲ့သော နတ်ဟူ၍ ရှိပါသလော။

- ထိုနတ်ဟုဆိုသောပုဂ္ဂိုလ်များ လူ့ဘဝတုန်းက ကိုယ်ကျင့်သိက္ခာ မြင့်မားခဲ့ပါသလား၊

- ဘဝအကူးအပြောင်းတွင်လည်း ရတနာသုံးပါး အာရုံကောင်းကောင်းရခဲ့ပါသလော။

www.burmeseclassic.com

www.burmeseclassic.com



- ထိုပုဂ္ဂိုလ်များ လူ့ဘဝတုန်းက မည်သို့နေ၍ မည်သို့ သေခဲ့ကြပါသနည်း။

- အနေဆိုးဖြင့် နေခဲ့၍ အသေဆိုးဖြင့် သေခဲ့ကာ မကောင်းရာဘုံဘဝသို့ ရောက်ခဲ့ကြသူများဖြစ်၏။

၃၇မင်း နတ်များသည် အဘယ်သို့သော နတ်များဖြစ်ကြောင်း "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇသည်တောဆရာတော်ဘုရားကြီး"၏ အဆိုအမိန့်မှာသည်း လေ့လာ မှတ်သားသင့်သော အဆိုအမိန့်ဖြစ်၏။

- ဘုမ္မာသိက နတ်မျိုးဟာ ငါးပါးသီလ မတည်တဲ့ နတ်တွေ များပါတယ်။

- ဒါကြောင့် သီလရှိတဲ့လူသားဟာ အောက်နတ်များ၊ ကျွေးမွေးပေးကမ်းခြင်းသာ ထိုက်တယ်။

- ရှိခိုးပူဇော်ကိုးကွယ်ခြင်း မထိုက်ပါဘူး။

[illegible] ဆိုတာ ကံ-ကံ၏အကျိုးကိုမယုံကြည်လျှင် [illegible]



- ယခု နတ်ကိစ္စမှာ နတ်ကတော်က နတ်ကိုပူဇော်လျှင် သင့်ကို နတ်က မ စ စောင့်ရှောက်လိမ့်မည်လို့ ဟောလိုက်တယ်။

- အဟောခံရတဲ့သူဟာ သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယကြောင့် ကြီးပွားအောင်မြင်ခဲ့လျှင် မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယကို မမြင်ဘူး။

- နတ်စောင့်မလို့ပဲရယ်လို့ ကံကိုပစ်ပယ်ပြီးနတ်ကိုယုံကြည်သွားလျှင် အယူအဆ မှားယွင်းသွားတဲ့အတွက် မိစ္ဆာဒိဋ္ဌိဖြစ်သွားတော့တာပေါ့ကွယ်။

(* * *)

"ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး"က ပုဏ္ဏားသိမ်သားများအတွက် လည်းကောင်း၊ လူပုဂ္ဂိုလ်များအတွက် လည်းကောင်း၊ အယူအဆအမှားကို အယူအဆ အမှန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အစားထိုးပြောင်းလဲမှုပြုရန် ပြတ်သားသော ဩဝါဒ ဖြင့် အဆုံးအမစကားမြွက်ဟောခဲ့သည်မှာ ဤသို့ပါ၊

— ဘုရားသာသနာတော်က၊ ဘုရားနည်းကို ဟောပြောနေရာမှာလည်း ထွက်ရပ်ဂိုဏ်းယောင်ယောင်၊ နတ်ဂိုဏ်းယောင်ယောင် အသွင်ဆောင်နေရင် မသင့်တော်ဘူး၊

— မကြာမီက ပွင့်သစ်ဖြစ်တဲ့ ဌာနတစ်ခုမှာ နတ်ကတော် ပွဲတင်ထားတာကို တွေ့ခဲ့ရကြောင်း ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားသိရတယ်၊

— ရဟန်းက နတ်ကို အရှိအသေပြုတယ်ဆိုတာ သင့်တော်ပါမလား၊

— ဘုရားတပည့်တော်ကတော့ ရှင်သာမဏေဘဝ ရဟန်းငယ်ဘဝကအစက နတ်ကို ရှင်ရဟန်းက အရှိအသေ မပြုကောင်းဘူး၊



— နတ်ကသာ ရှင်ရဟန်းကို အရှိအသေ ပြုသင့်တယ်လို့ အသိအမှတ်ပြုတယ်၊

— ကန်တော့ပွဲနဲ့ပူဇော်တယ်ဆိုတာကတော့ အလွန်မသင့်တော်တဲ့ အမှုပါပဲ၊

— လူဒကာ၊ ဒကာမတွေရဲ့အလိုကိုလိုက်ပြီး ကန်တော့ပွဲတင်ထားတာကို လက်ခံထားတာမျိုး ဖြစ်လေမလား တော့ မပြောတတ်ဘူး၊

— ဒကာ၊ ဒကာမတွေကြည်ညိုအောင်၊ အထင်ကြီးအောင် သူတို့အလိုလိုက်ပြီး၊ ထွက်ရပ်ဂိုဏ်း ယောင်ယောင်၊ နတ်ဂိုဏ်း ယောင်ယောင် လုပ်တာကတော့၊ မသင့်တော်ဘူး၊

— တချို့က အဲဒီ ဂိုဏ်းပုဂ္ဂိုလ်တွေ အသုံးပြုတဲ့ "ပါရမီရှင်" ဆိုတဲ့ အမည်မျိုးလည်း ခံယူတတ်တယ်၊ အဲဒီ အမည်မျိုးလည်း မခံယူသင့်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



– ကမ္ဘာ့ဌာန်းတရားဆိုတဲ့ အမည်နဲ့ ညီညွတ်တဲ့ ဝိပဿနာ၊ မွေ့ကထိကဆိုတဲ့ အမည် မျိုးကိုသာ ခံယူပြီး ဝိပဿနာ၊ ကမ္မဋ္ဌာန်းတရားသက်သက်ကိုသာ ဟောကြ၍ သင့်ပါတယ်။

(✲ ✲ ✲)

ကျမ်းဂန်တတ်ဆရာတော်ကြီးများ၏ အဆုံးအမ ဩဝါဒများ လမ်းညွှန်မှုများကို နာယူမှတ်သားသည်ထက် လိုက်နာဖို့က ပို၍ အရေးကြီးလေသည်။

ယနေ့အထိ ထိုသဘောကို မပိုက်သေးဘဲ၊ ခံယူချက်မထားဘဲ၊ တရားပွဲများတွင်လည်းရှေ့က တရားစခန်းဝင်ဖော့လည်း ပါစမြဲရှိကြသူ အတော်များများမှာ အိမ်တွင်းနတ်နှင့်လုံးထွေးနေကြ၏။

ပျောက်စေဆရာတို့၊ ဘိုးတော်တို့ဆီသို့လည်း ဝင်လမ်းပြတ်ရှိနေကြသည်မှာ ဆရာတော်ကြီးများ၏ ကျေးဇူးတရားကို မျက်နှာလွှဲသွားရာ ရောက်သည်ဟု မဆိုသင့်ပါလား။



ယနေ့ ထိုသို့ဆိုရမည့် အခြေအနေသို့ ရောက်နေပါပြီ။

မြင့်မြတ်သော ကြည်ညိုမှု၊

ဖျင်း အ,သော ကြည်ညိုမှု၊

မြင့်မြတ်သောကြည်ညိုမှုမှာ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို နှလုံးနှစ်ကာကာ ကြည်ညိုပူဇော်ခြင်းသည်၊ "မြတ်သောကြည်ညိုမှု"ဖြစ်၏။

လမ်းလျှောက်ဝိဇ္ဇာ၊ ဘိုးတော်၊ မယ်တော်၊ နတ်ကတော်များကို အလေးထားကြည်ညို ကိုးကွယ်ခြင်းသည် "ဖျင်း အ,သောကြည်ညိုမှု"ဖြစ်၏။

မြင့်မြတ်သော ကိုးကွယ်မှုကို ရွေးမလား၊

ဖျင်းအ,သော ကိုးကွယ်မှုကို ရွေးမလား၊

လမ်းနှစ်သွယ်ရွေးချယ်ရန်မှာ မိမိ ကိုယ်တိုင် အပေါ်တွင် တည်သည်၊

ခမ်းနားဩဝါဒနှင့်လမ်းညွှန်ချက် ပျူးဝံပေးနေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များရှိပါလျက် လမ်းကြောင်းမှန်ကို ရွေး

www.burmeseclassic.com

www.burmeseclassic.com



ချယ်နိုင်လျှင် ကိုယ်သာ နစ်မွန်းမည်ကိုလည်း သတိပြု သင့်လှပေသည်။

သန့်စင်ကြည်လင်အေးမြသော ရောင်ကြီးကို မျက်မြင်ကိုယ်တွေ့ တွေ့နေပါလျက် ညစ်နွမ်း၍ ခြေတင်မိလျှင် နစ်သထက်နစ်တတ်သော နွံ အိုင်ကို ရှောင်နိုင်ပါမှ ဘဝညစ်နွမ်းမှု မလွှမ်းထင်မည်ဖြစ်၏။

ဘဝကို အကောင်းဆုံး တည်ဆောက်နည်းမှာ မိမိ၏အားနည်းချက် မှတ်သွင်းချက်၊ ညွှန်ပြချက်များကို "တွေ့ခဲ့အောင်မှာ၊ မြင်ခဲ့အောင်ရှုပြီး" ပြုပြင်ပြောင်းလဲရေးပင် ဖြစ်၏။

မိမိအကြောင်းကို တစ်ပါးသူက မသိ။

မိမိသာလျှင် အသိဆုံး ဖြစ်သည်။

မိမိအကြောင်းကို မှန်မှန်ကန်ကန် ပကတိအရှိကို အရှိအတိုင်း မသိလျှင် ဘဝတိုးတက်မှုလမ်းကြောင်းနှင့် အလှမ်းဝေးနေဦးမည်သာ။

"အမှန်အရှိကို အမှန်အရှိအတိုင်း" သိ၍ "မမှန်မရှိကို မမှန်မရှိအတိုင်း" သိမှသာ ဘဝသံသရာလမ်းကြောင်း၊ အကောင်းဘက်သို့ဦးတည်နိုင်လိမ့်မည်ပါ။



တစ်နည်း ပြန်လမ်း ကောင်းလိမ့်မည်ပါ။

( ။။ )

နေ့ညစွာ လောဘ၊ ရာထူးဂုဏ်ရှိန် လောဘဘက်သို့ အစဉ်တိမ်းညွတ်နေသူများမှာ မောဟ မြက်ခြောက်ကို မြက်စိမ်းသဖွယ် သဘောမှူနေသူများဖြစ်၏။

အခေါ်အသင့် လောဘမျက်စောနှင့် ရစ်ဝေ့နေသူများမှာ နေ့ညစွာ ရာထူးဂုဏ်ရှိန်တို့ ပွားမြင့်မားလာစေရန်ကိုက်၍ ရာများ ဘိုးဘေးများ နတ်ကတော်များ၏ လှည့်ပတ်လိမ် ညာမှုကျော့ကွင်းထဲသို့ သက်ဆင်းနေသူများ ဖြစ်ကြ၏။

တွေ့ခဲ့ရ အသိအမြင် ကြည်လင်မှုမရှိသော ထူးပေ ဆန်းပေ၊ ဘာဘာညာညာ သတင်းကြားရ ရောက်သို့ အသုအယက် သွားရောက်ဆည်းကပ် တိုးတွေ့ကြ၏။

သာသနာတော်မြတ်ကို ဗန်းပြ၍ ဂုဏ်ကို ယူ၍ တစ်သန့်အလိမ်ညာဖြီးဖြန်းစားသောက်သူများမှာ ဆည်ပတ်နေသည့် ထွင်းသို့နှယ်၊ အဆင်သင့်ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသည်အကြောင်းနှင့်ပတ်သက်၍...

"ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး"က အောက်ပါအတိုင်း အဆုံးအမ ပေးတော်မူခဲ့ပါသည်။

— ယခုခေတ်ကား အညာအဖြန်း ပေါများသော ခေတ်ဖြစ်၏၊

— ဘာသာခြားတို့၌ တရားဆန်းတွေ ပေါများနေသည့်အပြင်၊

ဗုဒ္ဓဘာသာဆိုသူတို့အတွင်းမှာလည်း တရားအဆန်း၊ ကမ္မဋ္ဌာန်းအဆန်း၊ ဆေးဝါးအဆန်းတို့ဖြင့်အချိုးမျိုး ဖြတ်သန်းကာ ပြခဲ့သော ဗုဒ္ဓဆန္ဒ၊ (ဖျင်း အားသော ကြည်ညိုမှု)သမား၊ ရိုးသားသူများကို လှည့်စားဖြားယောင်းလျက်ရှိသည်၊

— ထိုပုဂ္ဂိုလ်များကို လှူဒါန်းပေးကမ်းနေရာ၌ သဒ္ဓါပေးမဟုတ် တဏှာပေး၊ အဖျင်းပေးသာများလေသည်။



— ထိုအဆန်းအပြား ဉာဏ်သမားများကို ပညာရှိပုဂ္ဂိုလ်များက "အရေးမစိုက်လောက်ဘူး"ဟု သဘောထားကြသည့်အတွက် ထိုအဆန်းသမားတွေ အိပ်ဦးတက်လျက်ရှိကြလေပြီ၊

— မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တရားဘက်ဆိုင်ရာဝယ် မိန်းမသားတွေသာ ခေါင်းဆောင် လုပ်နေကြ၏၊

— ထို့ကြောင့် ဘယ်ကိစ္စမဆို ယုံသင့်မယုံသင့် ခွဲခြားဝေဖန်နိုင်ဖို့ရာ ဘာသာရေးနှင့် သက်ဆိုင်သော အသိဉာဏ် အလင်းများကို ယခုလက်ရှိ အခြေအနေထက် ပိုးပွားအောင် (မိန်းမတွေကစ၍) များစွာ ကြိုးစားသင့်ကြ ပေသေးသည်။

( * * * )

မိရိုးဖလာ ဒလေ့ထုံးစံအရ ပိဋကတ်တော်တွင် မလာသော "နတ်"ဟုလည်း မဆိုနိုင်သော၊ ၃၇မင်းနတ် ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



မှုကို ယနေ့ထက်တိုင်အောင် စွဲမြဲစွာ လက်ခံကျင့်သုံးလျက် ရှိပေသည်။

၃၇မင်းနတ်ကိုးကွယ်မှုကို မိရိုးဖလာထုံးစံဟု အဆိုပြုကာ သားစဉ်မြေးဆက် "အမွေ" အဖြစ် လက်ဆင့်ကမ်း ပေးနေကြသည်။

ဗလိနတ်စာကျွေးခြင်း၊ အုန်းဆွဲခြင်း၊ ဦးချင်ကြီးတင်ခြင်း၊ ရွှေပိန်းချ နတ်ရုပ်တုများ ကိုးကွယ်ခြင်း၊ အရက်ဆက်ခြင်း၊ နတ်ကနားပေးခြင်း စသည်များကို နောင်လာနောင်သားတို့အား အမွေအဖြစ် လက်ဆင့်ကမ်း မပြုထိုက်တော့ပေ။

ယခုလူငယ်များကလည်း ထိုလွဲမှားရာ ကိုးကွယ်မှု အမွေဆိုးကို လက်မခံဘဲ ဗုဒ္ဓဘာသာဝင် အစစ်အမှန်ဖြစ်အောင် အမွေဆိုးကိုပယ်၍ အမွေကောင်းကို လက်ခံသိမ်းပိုက်ကြပါ။

စစ်မှန်သော မရောနှော ဗုဒ္ဓဘာသာဝင်အစစ်အမှန်ဖြစ်ရန်မှာ သရဏဂုံ ခိုင်မြဲရမည်၊ ကမ္မဿကတ၊ သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်ရမည်။

[illegible] ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးမှအပ [illegible] မရှာပါလေနှင့်။



ကိုးကွယ်ပုံ။

နတ်နှင့် နတ်ကတော်ကို မယုံပါလေနှင့်။

၃၇ မင်းနတ်တို့သည် အထက်ဘုံစံနတ်များမဟုတ်၊ အောက်ဘုံစံနတ်များသာ ဖြစ်ကြကုန်၏။

လူ့ဘဝမှာ ကုသိုလ်ကောင်းမှု အစုစုပြု၍ ကုသိုလ်ကံအသီးအပွင့်အဖြစ် နတ်ဘုံတွင် ခံစား စံစားရခြင်းဖြစ်၏။

၃၇မင်းနတ်ဆိုသော နတ်များသည် လူ့ဘဝက အကုသိုလ်မှုပြုခဲ့သောကြောင့် အသေဆိုးဖြင့် သေကြပြီး အယုတ်တမ်းခဲ့သူများဖြစ်ရာ သူတို့မှာ ခံစားစံစားရာ ဘုံဗိမာန်ဟူ၍ မရှိပေ။

၃၇ မင်းနတ် ကိုးကွယ်မှုနှင့်စပ်လျဉ်း၍...

"ကျေးဇူးရှင် မိုးကုတ် ခါတော်မိကျောင်းတိုက်ဆရာတော်ကြီး အရှင်ပညိန္ဒာဘိဝံသ" က အောက်ပါအတိုင်း ရှင်းလင်းပြထားစွာ ဝေဖန်ဆန်းစစ်တော်မူခဲ့ပါ၏။

— ဤနတ်ဝါဒသည် ရှေးအခါက....

သူတော်ရှိခဲ့လေ အားကောင်းလေ ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



- ယခုအခါ၌ပင် မြန်မာပြည် တောင်ပေါ်ဒေသများ၌ ကျွဲ၊ နွား စသောတိရစ္ဆာန်တို့ကို သတ်ဖြတ်ကာ၊ ယစ်ပူဇော်နေကြသေး၏၊
- မြို့ရွာများ၌လည်း ထုံးတမ်းစဉ်လာ၊ ရိုးရာအလိုက်ဟု ယူဆကာ နတ်ပွဲများကျင်းပနေကြ၏၊
- အထူးအားဖြင့်နှစ်စဉ်နှစ်တိုင်း၊ ဝါခေါင်လဆန်း၈-ရက်နေ့မှ ဝါခေါင်လကျယ်နေ့တိုင်အောင်တောင်ပြုံးနတ်ပွဲနှင့် ရတနာဂူနတ်ပွဲများသည်

ထေရဝါဒဗုဒ္ဓဘာသာမြန်မာပြည်၏ ချပ်ပျက်ဆုံးပျက် အမည်းကွက်ကြီးများ ဖြစ်ကြပေသည်၊

- ၃၇-မင်းနတ်များထဲက ၃၅-မင်းနတ်တို့သည် ဝမ်းနည်းဖွယ်ရာ သေချင်းဆိုးနှင့် သေခဲ့ကြရကုန်သည်၊
- သူတို့၏ စိတ်မကြည်သာဖွယ်ရာ အဖြစ်အပျက်များနှင့် သေဆုံးရပုံ အခြင်းအရာများသည် လူတို့၏ စိတ်ထဲ၌ ကြောက်လန့်တုန်လှုပ်ခြင်းနှင့် သနားဖွယ်တို့ကို ဖြစ်ပွားစေခဲ့သည်၊



- ဤအကြောင်းများကြောင့် သူတို့သေပြီးနောက်၌ နတ်များအဖြစ်ဖြင့် သူတို့အား ပူဇော်ပသကြကုန်၏၊
- သူတို့၏ တန်ခိုးဣဒ္ဓိပါဒ်ကို ကြောက်သောကြောင့် ပူဇော်ပသကြသည်မဟုတ်ကုန်၊

ဆရာတော်၏အဆိုအမိန့်အရ ၃၇-မင်းနတ်များမှာ တန်ခိုးဣဒ္ဓိပါဒ်ရှိသောနတ်များ မဟုတ်ကြောင်း ပေါ်လွင် ထင်ရှားသည်၊

ထို့ပြင်တစ်ဝ...၊

"ဘိက္ခုဓမ္မသေနဆရာတော်"၏ အဆုံးအမစကားမှာလည်း များစွာပင် မှတ်သားအပ်လှပေသည်၊

- အုန်းဘုန်းဆိုရပါက ဗုဒ္ဓဘာသာဝင်အချို့သည် မိမိယုံကြည်စိတ် မည်သည့်အတိုင်းအတာအထိ လျော့ကျနေသည်ကို သတိမထားကြဘဲ ဝေကြွဲခရိုးတွင် လေကြုံစီးနေသကဲ့သို့ ရှိ၏၊
- ပတ်ဝန်းကျင် အခေါင်းအသင်း ရှိပါမှတ်မှုကြောင့် လမ်းမှားကြီးသို့သာ အစဉ်သိုက်နေကြ၏၊ အဒ္ဓခြဲ ယုံကြည်စိတ် ကင်းမဲ့နေကြ၏၊
- ဗိဇ္ဇာခယ်ဆောင်ယောင်၊ ဘိုးတော်ယောင်ယောင်၊ ဆရာကြီးများ၏ အလိုလိုက် အကြံကိုပေးမှုကို ပျော်ရွှင်စွာ ကြိုဆိုနေကြ၏၊ အစိမ်းနာခံချင်နေကြ၏၊

www.burmeseclassic.com

www.burmeseclassic.com



- ဖျော့်လင့်ချက် 'မဟာအိပ်မက်ကြီး'အရဆိုပြီး တထစ်ချ စွဲလမ်းနေ၍၊
- ဥုံ....ဩော်။ ဇသော အသံများဖြင့်သာ နားဝင်ချို နေကြ၏၊
- ထို့ပြင် မိမိ၏တာကြမ္မာကို မယုံစားဘဲ၊ နတ်မိစ္ဆာများကို အားကိုးနေကြ၏၊
- "ငါဘာကြောင့် ဒါတွေကို ယုံစားနေတာလဲ" ဟု မိမိ၏ ယုံကြည်မှုစိတ်ဓာတ်ကို ခြေခြေမြစ်မြစ် မစဉ်းစားဘဲ အပေါ်ယံကောင်းစားရေးအတွက်သာ အားစိုက်နေကြ၏၊
- ယုံကြည်မှုသဒ္ဓါ၊ မသာ၊အမှားကြီးနှင့်သာ လမ်းလွဲလိုက်နေကြပေသည်၊

ကဲ....ဒီလောက်ဆို၊ လမ်းမှန်နှင့်လမ်းမှားကို ပိုင်ပိုင်နိုင်နိုင် ခွဲခြားစိတ်ဖြာ၍ ရကောင်းပါပြီ၊

မြတ်ဗုဒ္ဓသွန်ပြသော မြတ်ဗုဒ္ဓ၏တပည့်သားဝက ဆရာတော်ကြီးများ၏ အဆုံးအမ ဩဝါဒကိုသည်၍ မိမိဇာတနှာ၊ ဉာဏ်နှင့် ဝီရိယတို့ကို ပြည့်ပြည့်ဝဝ အားကိုးအားထားပြု ဗုဒ္ဓဘာသာ တစ်ဦးအနေဖြင့် မည်သူ့ကိုမျှ အားကိုးအားထားပြုစရာ မလိုပါ။



"ကျေးရွာရှင် မင်းဘွန်းတိပိဋကဓရ ဆရာတော်ကြီး" ၏ အောက်ပါ အဆုံးအမကို နှလုံးသားတွင် စွဲသင်စေ၍ ဦးခိုက်ကြည်ညိုကြည့်ပါလေ၊

"မိမိကိုယ်ကို အားကိုးပြုနေတတ်သူသည် အရာရာ၌ လွတ်လပ်သည်၊ ' စိတ်ဓာတ်အားခိုင်၍ လောကဓံကို ခံနိုင်စွမ်းရည် ရှိသည်"

* * *

www.burmeseclassic.com

www.burmeseclassic.com

( ကိုး )

နောက်ဆက်ရမည့် အကြောင်းက ဗေဒင်။

ပညာထက် ဟိတ်ဟန်ထည်ဝင့်မှုကိုပြ၍ ရိုက်စားလုပ်နေကြသူဦးရေမှာ တစ်နေ့ထက် တစ်နေ့ ပို၍ တိုးပွားလာနေသည်။

(ကိုယ့်ဘာသာဒေးကိစ္စနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်လာရာ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် ဗေဒင်၊ လက္ခဏာ ဟော ပြောခဲ့သည်။ ပညာရှင်တစ်ဦးဖြစ်လေဟန် နာမည်ပါသူ့ ကြော်ငြာရွှေမောင်း ခတ်နေကြသည်။



ဆရာနှင့် ဘယ်သူ၊ ဘယ်ရက်အတွင်း လာတွေ့ပါ၊ ထိုရက်မှ နောင်ကျင်း နိုင်ငံခြား ယူအက်(စ်)အေသို့ ခရီးထွက်မည်ဖြစ်၍ တွေ့နိုင်ခွင့်မရှိပါဟု ကြော်ငြာမောင်း ခတ်သူလည်းရှိသည်။)

ဆရာနှင့် ဆယ့်ငါးမိနစ်တွေ့ရန် အချိန်ယူလိုက်ပါ၊ သင့်ကိစ္စတွေအားလုံး ပြီးမြောက်သွားစေရမည်ဟု ပုရောဟိတ်ကြီး ပမာသို့နှယ် ကြော်ငြာမောင်းခတ်နေသူလည်းရှိသည်၊

ဗေဒင် သင်တန်းဆင်း၊

ဗေဒင်ဆရာများလည်းရှိသည်။

သင်တန်းတက်၊ သင်တန်းဆင်းသည်နှင့် ဗေဒင်ဆရာဖြစ်၊ ဒါထက်ပိုရှိတော့ မပြောပါရစေနှင့်တော့။

ထားပါ။

ကြော်ငြာခေတ်၊ ကြော်ငြာမောင်းခတ်သည်ကို မည်သို့မျှ မဆိုလိုပါ။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှဆိုလျှင် စာဖတ်သူများ သဘောပေါက်ပါလိမ့်မည်။

ဗေဒင်သည်လည်းကောင်း၊ လက္ခဏာဖတ် အတတ်ပညာသည် လည်းကောင်း ဗုဒ္ဓဝါဒ ဒေသရဝါဒနှင့် ဆက်နွယ် ဆက်စပ်၍ ရွှေ့လျောလာခြင်းဖြစ်သည်ကိုမူ သတိပြုရမည် ဖြစ်ပါသည်။

ဗြာဟ္မဏဝါဒနှင့်ဆက်နွယ်ဆက်စပ်၍ ရွှေ့လျောလာခြင်း ဖြစ်ပါသည်။

ဤအကြောင်း ပိုမိုခိုင်လုံစေရန်နှင့် သူရဿတီနတ်သမီးသည် ဗြာဟ္မဏဗေဒင်ကျမ်းစောင့် နတ်သမီးဖြစ်ကြောင်း ပိုမိုခိုင်လုံစေရန် သူရဿတီထေမိုင်းမှ ကောက်နုတ်ချက်အချို့ကို ဦးစွာ ဖော်ပြပါမည်။

သူရဿတီကို မဟာမဟိရသေကြီးနှင့် သမုဒ္ဒရာနတ်မိဖုရားတို့မှ မွေးဖွားသည်ဟု ဣရုဗေဒင်အဖွင့်ဖြစ်သော ဣရုဝေဒဏ္ဍကျမ်းမှာ လာရှိသည်။

ပဌမနေ့ထိုင်ရာဌာနမှာ သမုဒ္ဒရာ။



ဒုတိယ နေထိုင်ရာဌာနမှာ ဟိမဝန္တာတောင်မင်း၏တောင်ထွဋ်တစ်ခုဖြစ်သော ကေလာသတောင်။

"သမုဒ္ဒဇာ ဘန္ဒိဝါသံ၊ ယံသယာနေန၊ စာရိနီ၊
ပစ္ဆာ ကောယသေ ကေလာသ ပဗ္ဗတေ နိဗ္ဗဝါသိနီ"

(ဣရုဗေဒဏ္ဍကျမ်း)

သူရဿတီ .... သူရဿတီ နတ်သမီးသည်

သမုဒ္ဒဇာ .... တောင်သမုဒ္ဒရာ၌ မွေးဖွား၏

ဘန္ဒိဝါသာ .... ထိုသမုဒ္ဒရာ၌နေထိုင်၏၊

ယံသယာနေန .... ဟသ်္သာယဉ်ဖြင့်၊

စာရိနီ .... သွားလာတတ်၏။

ပစ္ဆာ .... နောင်အခါ၌၊

ကေလာသေ .... ဖြူဖွေးတောက်ပသော၊

ကောယသေ .... တောင်ထွဋ်၌၊

ပဗ္ဗတေ .... အမြဲနေထိုင်၏။

နိဗ္ဗဝါသိနီ

www.burmeseclassic.com

www.burmeseclassic.com



သာရဿတီ၏ အဝတ်ကြောင်ဖေဒ်မှာ မဟာဗြဟ္မာ ကဖြစ်သည်။

ထိုအကြောင်းမှာ ဣရုဝေဒ၊ ယဇုဝေဒ၊ သာမဝေဒကျမ်းကြီးများ၌ ပါရှိသည်။

- ဝိသနု သိဝေါ မဟာဗြဟ္မာ၊
- ဒေဝသီ ပါရိအရိကာ၊
- လက္ခ၂မီ ပါရဒေဝီ၊
- သာရဿတီ ကမာ ခဝတာ၊

(ဣရုဝေဒ ဘွဲ့ကျမ်း)

"ဝိသနု = ဝိသနုနတ်မင်းသည်လည်းကောင်း၊ သိဝေါ-သိဝ နတ်မင်းသည်လည်းကောင်း၊ မဟာဗြဟ္မာ- မဟာဗြဟ္မာ နတ်မင်းသည်လည်းကောင်း၊ ဒေဝသံ-ဤနတ်မင်းသုံးပါးတို့၏ပါရိအရိကာ-အလုပ်အကျွေးနတ်သမီးများတို့ သို့ ကမာ-အစဉ်အတိုင်း လက္ခ၂မီ- လက္ခ၂မီ နတ်သမီးသည်လည်းကောင်း၊ ပါရဒေဝီ - ပါရနတ်သမီးသည်လည်းကောင်း



သာရဿတီ-သာရဿတီနတ်သမီးသည်လည်းကောင်း၊ ဣသိ- ဤသို့ မာတာ=သိအပ်ကုန်၏။

ဟိန္ဒူဗြဟ္မဏများက သာရဿတီကို ဝေဒ လေးပုံနှင့် သမ္မဒိဋ္ဌိ လင်္ကာဒိကျမ်းတို့ကို ပထမဆုံး ဖန်ဆင်းသူဟု ယူဆကြသည်။

ဤဘုရားမှာ အစ၊ မြင့်မိုရ်တောင်နှင့် သမုဒ္ဒရာလေးစင်း တည်ရှိပြီးအခါကာလ၌ သာရဿတီပေါ်ပေါက်ခဲ့သည်။

ဘုံကမ္ဘာအစ ယခုနေ့ထက်တိုင် ဆိုဘော့လည်း စဉ်းစား နှေးခေါ် ချင့်ချိန်ရှိသည်ဟု မဆိုသာပါလား။

ပိဋကတ်တော်နှင့်မဆိုင်သော လောကီရေးရာ ဝေဒ စောင့် နတ် သမီး သာ ဖြစ် ကြောင်း မှာ လည်း ပိုင်လုံသွား ပါပြီ။

ပိဋကသိဗ္ဗယ၊ သမ္ဗုဒ္ဓိ ဟုတ်မဟုတ်၊ လူငယ်များ တွေး ခေါ်စဉ်းစားကြပါဟု။

ဟိန္ဒူဝါဒအရ မဟာဗြဟ္မာကဟူသည် လောကကြီးတစ်ခု လုံးကို ဒိုင်ခံဖန်ဆင်းသူဟုအဆိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အနတ္တဝါဒီမဟုတ်သော အတ္တဝါဒီ။

ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ဗီလာဆန့်ကျင်သည်။

မဟာဗြဟ္မာ၏ကြင်ဖော် သူရဿတီသည် ဘယ်သို့သျှင် မြင့်မြတ်သော ပိဋကတ်သုံးပုံစောင့် မယ်တော်နတ်သမီး ဖြစ်နိုင် ပါမည်နည်း။

ထို့ပြင်တစ်ဝ အလင်္ကာရှိသာပြန်သည်မှာ၊

“မဟာဗြဟ္မာအားသည်၊ သူရဿတီကို မြတ်နိုးလှန်းသော ကြောင့် သူ၏ ဖန်ဆင်းနိုင်သည့် စွမ်းအား ပါဝါအားလုံး ကို သူရဿတီဗေဒင်လေးပုံ လင်္ကာဘာကျမ်းများနှင့် စာပေ မှန်သမျှကို ဖန်ဆင်းခဲ့သည်”

ကဲ....ဖွင့်ဆိုရမှာ ပဟု ဆိုရန်မှတစ်ပါး အခြားမရှိဟု၊

ယနေ့ ခေတ်လူငယ်များ၊ ဦးစား ဘွားခေါ် ချင့်ချိန် ဝေဖန်ကြပါရန် စာရေးသူ၏ ထင်မြင်ယူဆချက်ကို စကားဦး မသန်းလိုတော့ပါ။

ဗေဒင်လေးပုံရှိရာတွင် ဟိန္ဒူဗြဟ္မဏတို့က ဗေဒင် သုံးပုံကို သာ သင်ယူကြသည်။



“အာထဗ္ဗဏဗေဒင်”ကိုမူ မသင်ယူကြ။

အာထဗ္ဗဏ ဗေဒင်တွင် မကောင်းသော၊ ယုတ်ညံ့သော အောက်လမ်း ပညာများ ပါရှိသောကြောင့်ဟု အဆိုရှိပါ သည်။

သို့ဆိုသော် ဗေဒင်အစ ဗြဟ္မဏတို့ကဟုပင် ဆိုရပါ တော့မည်။

(* * *)

ဗြဟ္မဏပုဏ္ဏားများ စီရင်ရေးသားအပ်သော ဗေဒင် ကျမ်းများနှင့် ရှင်တော်ဗုဒ္ဓဟောကြားတော်မူခဲ့သောပိဋကတ် တော်များကို တစ်သားတည်း၊ တစ်တန်းတည်းလားလျှင် မိမိ သည် မိစ္ဆာဘက်သား စည်းဘောင်ထဲကလား၊ သမ္မာဘက် သား စည်းဘောင်ဘက်ကလားဟု ဆန်းစစ်စရာ ရှိလာမည်။

ပိဋကတ်နှင့် ဗေဒင်ကျမ်းများသည် ပြဒါးတစ်လမ်း၊ သံ တစ်လမ်းသို့နှယ် ခြားနားသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားမျှသာ မှန်ကန်သော ကမ္မနိယာမသဘောတရားကို အခြေခံပြီး ယုံကြည်စွာဖြင့် သွတ်သမ်းကျိုးရှိသော ရှမ်ဝေဘ်ဗုဒ္ဓ၏တရား ဓမ္မနှင့်ကမ္မနိယာမကို ဆန့်ကျင်လုက် တကျော်ကြီးပွားကြောင်း ကိုသာရှိသော ဗြဟ္မာအတို့၏ ဗေဒင်ကျမ်းများသည် လွန်စွာမှ အရေးကြီးလှပေသည်။

ဗေဒင်ကို ယုံကြည်လျှင် မြတ်ဘုရား၏တရားဓမ္မကို မယုံကြည်ရာကြောင်း "အရှင်ဇနကာဘိဝံသဆရာတော်"က ဤသို့လျှင် သတိပေးတော်မူခဲ့ပါသည်။

"ဘုရားဟောထက် ဗေဒင်ကိုယုံသူတွေ နမ္မဒါကျမ်းကိုယုံသူတွေက ပိုများနေပါတယ်။

— တစ်နှစ်တစ်ခေါက်ထုတ်တဲ့ သင်္ကြန်စာမှာ ဗြဟ္မာမင်းကြီး၏ ဦးခေါင်းပြတ်ကြီးကို တင်ဆောင်လာ တစ်ယောက်ကမ်းနေတာ မြင်တယ် မဟုတ်လား။

— မြတ်စွာဘုရားက ဝေါ်ဗြဟ္မာတို့၏ ခန္ဓာကိုယ်သည် ကမ္မဇရုပ်သော့ချည်းမို့ သေလျှင် မီးခတာက်သဖွယ် ပျောက်ကွယ်သွားတတ်၏ ဟောတယ်။



— ဗေဒင်က ခေါင်းပြတ်ကြီးဟာ ခုထိမပုပ်သေးဘူး၊ မြန်မာပြည်က ယုံကြည်နေသေးသမျှ ပုပ်မှာမဟုတ်ဘူးကွယ်။

— ဗေဒင်က ရက်ရာဇာနဲ့ပြဿဒါးကိုပေးထားသကွယ့်။

— မြတ်စွာဘုရားက ကုသိုလ်၊ အကုသိုလ်ကို ပေးထားသကွယ်၊

— ဗေဒင်က မဟာဘုတ်ကို အဓိကထားပြီး ထွာသယ်၊

— မြတ်စွာဘုရားက သမ္မတ္တိသေးပါးကို အဓိကထား ထွားသယ်၊

— ကဲ မဆန့်ကျင်ပါလား၊

— မြတ်စွာဘုရားနဲ့ ဆန့်ကျင်တာကိုယုံလျှင် ဘုရားတရားကို မယုံရာကျတာပေါ့"

"ဘုရား ဟောကာ"သဗ္ဗေကမ္မသကာသတ္တာ၊သတ္တသတ္တေ ဝိသဇ္ဇေထိ"တဲ့ ကံဘယ်မှာလဲကွယ်၊ နေ့ပါးခံတယ်ကျရင် ပျက်စီးတတ်တယ်လို့လဲမပါ၊ မသာဘုံ စုံချ ရင် တစ်လောင်းနဲ့ပြီးတတ်ဘူးလို့လဲမပါ၊ အိမ်တိုင်ထူ

www.burmeseclassic.com

www.burmeseclassic.com



တာနက္ခတ်မကောင်းရင် ပျက်စီးတတ်တယ်လို့လဲ မပါ၊ မင်္ဂလာဆောင်တာ ရက်မရွေးမိလို့ ပျက်စီးတယ်လို့လဲမပါ၊ မွေး၊ သေ၊ အင်း၊ ဓါတ်၊ ရာဇာကျလို့ ပျက်စီးတာလဲမပါ၊ တနင်္ဂနွေ တနင်္လာ၊ အင်္ဂါ ဆိုတာတွေဟာ ပညတ်သဘောတရားသာ၊ လူကိုကောင်းအောင်ဆိုးအောင် မလုပ်နိုင်ပါဘူး၊

ကုသိုလ်ကံကသာ ကောင်း အောင် လုပ် နိုင် တယ်၊ အကုသိုလ်ဆိုရင် မြွေဆိုးကင်းဆိုးလို ကြောက်လန့်ပြီး ကုသိုလ်ကံကို ဣန္ဒြေသဃမဏ္ဍပ်မြဲအလို သဘောထားပြီးအားကိုးကြမှ "ခမ္မ သရဏံဂစ္ဆာမိ" မဟုတ်လား။ "ဘုန်းကြီးတွေက" ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိကို ရှေ့ကချပေး၊ လူတွေ က နောက်ကလိုက်ဆိုကြရတယ်၊ အဲဒါကြက်တူရွေး သရဏဂုံ ကွယ့်၊ ဘုရား သရဏ ဂုံ မဟုတ်သေးဘူး၊ ကြက်တူရွေး သရဏ ဂုံ ကွယ့်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ကြက်တူရွေးကိုသင်ပေး၊ အိုတော့သိတတ်တယ်၊ ဘုရား ဂုဏ်တော်ကို သိပြီး အားထားရဲ့လား၊ သိလဲမသိ၊



အားလဲမထား အဲဒီလိုပေါ့ကွယ်၊ ဘုန်းကြီးက စာရ လို့ချပေး၊ လူတွေက နောက်ကလိုက်ဆို၊ ဆိုသာဆို တယ်၊ ဘုရားဂုဏ်တော်တွေကို မသိကြ၊ အားလည်း မထားကြ"

"အားထားတာကဘိုးဘိုးအောင်တို့၊ ဘိုးမင်းခေါင် တို့၊ မင်းညီနောင်တို့၊ ဘိုးမင်းကျော်တို့၊ မင်းမဟာဂီရိ တို့၊ ရေပိုင်ဦးရှင်ကြီးတို့၊ ရေယာဉ်ကတော်တို့၊ မြင်းဖြူ ရှင်တို့၊ ၃၇-မင်းတို့၊ အဲဒါတွေကိုသာ အားထားကြ တယ်၊ ဒါကြောင့် ကြက်တူရွေးသရဏဂုံ ဆိုတာကွယ့်"

"ဘုရား ဂုဏ်တော် ကိုးပါးကို သေချာစွာ သိပြီး ဗုဒ္ဓါမေသရဏံ၊ အညံနတ္ထိ" လို ဆိုတဲ့အတိုင်း ဂုဏ် တော် ကိုးပါးမှတစ်ပါး ကိုးကွယ်ရာမထားပါမှ ဂစ္ဆာမိ မှာကွယ့်"

"ခုတော့ ဗုဒ္ဓံသရဏံ ဂစ္ဆာမိထဲမှာ ဝိဇ္ဇာလိုလိုတွေ နဲ့ စိမ်းတွေပါ ရောနေကြတယ်"

ဆရာတော်က ကရုဏာရှေ့ထား၍ မထောက်မညှာ ပြော ပြောခဲ့သလို မှတ်သားနာယူဖွယ်လည်း ကောင်းလှ

www.burmeseclassic.com

www.burmeseclassic.com



- ကိုးကွယ်ရာ သန့်ရှင်းရေးနှင့် အယူအမြင် စင်ကြယ်ရေးအတွက် ဆရာတော်ကြီးများက ထပ်မနားဟောကြားခဲ့သလို၊ တရားနာသူများကလည်းနှလုံးသည်းပွတ်အိမ်ဘွင်း ထဲထဲဝင်ဝင်ကြီး စွဲထင်စေလျက် တကယ်တမ်း သဘောပေါက် လိုက်နာကျင့်ကြံအားထုတ်မှသာ ဘဝရွေ့ရေး ရင်အေးစရာနှင့် ဆုံကြုံရ လိမ့်မည်ပါတည်း။

* * *

( တစ်ဆယ် )

ရှင်ဘော်ဗုဒ္ဓသည် နတ်၊ ဗေဒင်နှင့် အောက်လမ်းပညာများကို လုံးဝ လက်မခံကြောင်း ဗုဒ္ဓစာပေ ကျမ်းဂန်များတွင် လာရှိခဲ့ပါသည်။

သတ္တဝါဟူသည် မည်သူမှပြုပြင်၍ ပရကြောင်း၊ ဖန်တီး၍မရကြောင်း၊ မိမိကံအလျောက်သာလျှင် ကျင်လည်ရကြောင်းကို တိတိပပ လမ်းညွှန်မှုပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိတန်သလောက် သိကြသော်လည်း လိုက်နာမှုအားလျော့သောကြောင့် မရှိ ခမှန်သမားများ စားပေါက်စားလမ်းပွင့်နေကြခြင်းဖြစ်သည်။

ကျောင်းပညာ(၁၀)အတန်းပညာတတ်သည်နှင့် ကိုယ်ပိုင်တွေးခေါ်မှု ဉာဏ်ရည်ထက်မြက်ခြင်းမှာ ကွာခြားသည်။

ပစ္စုပ္ပန်တည်တည့်၌ တွေးခေါ်မှု တည်တည်ငြိမ်ငြိမ်မရှိဘဲ ဉာဏ်ရည် ဉာဏ်သွေး အားနည်းသူများတွင် "အမျှော်နှင့်အကြောက်တရား" လွှမ်းတင်စမြဲရှိပေသည်။

— မိမိ မိမိသားစု၏ အနာဂတ်ဘဝ ရှုပ်ပုံလွှာအတွက် အကြားအမြင်၊ ဗေဒင်၊ လက္ခဏာ၊ နတ်ဝင်သည်တို့၏ အပြောနောက်သို့ ပါနေသူများမှာ ကိုယ်ပိုင်ဉာဏ်ရည်အား ချို့တဲ့သူများဖြစ်ကြ၏။

— မိမိနှင့် မိမိမိသားစု၏ အနာဂတ်ဘဝ ရှုပ်ပုံလွှာကို မိမိကသာ ကံ၊ ဉာဏ်၊ ဝီရိယဖြင့် ပုံဖော်နိုင်မည်သာဖြစ်၏။

— မည်သည့်ပုဂ္ဂိုလ်ကမှ ဖန်တီးရှင်အဖြစ် ပုံဖော်၍မရပေ။

— နက်နက်တွေးလျှင် ရှေးရှေးကြီး ထင်လာပါလိမ့်မည်။



ကျေးဇူးရှင် အရှင်ဉာဏိဿရ သဲကုန်းဆရာတော်ကြီး၏ သွန်ပြဖွင့်ဆို ဟောပြောချက် တစ်ဆင့်သိကြားခဲ့ သက်သေ သွန်းလိုက်ရပါသည်။

"ဘုန်းကြီးတို့ ပရိယတ်ဗေဒင် တွက်တတ်သလား၊ တွက်ပေါ့၊ ဒီကနေ့ ဘာစပြီး တွက်ကြဖို့ ကိုယ့်ဟာကိုယ် တွက်ကြ၊ ချပြီနော်၊ ဘုန်းကြီးတို့ ဗုဒ္ဓဗေဒင်က ဒီလိုတွက်တာ ဟုတ်လား၊ မိမိတို့ကိုယ်ကို မှီခိုကြပါ၊ မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ၊ မမှဆိုဘဲစေတသိတ်တွေရဲ့ သဘောတရားတွေကိုမှီခိုကြပါ၊ မြတ်ဗုဒ္ဓကဒီလိုပြောထားတယ်၊ ဒီတော့ ဘုန်းကြီးတို့ပရိယတ် ဒီကနေ့ ဗေဒင်တွက်နည်း တစ်ခုရသွားပြီ၊

စေတနာကို တွက်ကြည့်လိုက်၊ စေတနာထဲမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေ ပူးပေါင်းတဲ့ အခါ သဘော ဝမ်းပေါက်ကြီးကို စီးမိထားသလိုတဲ့၊ အင်ဂျင်ကြီး မောင်းလို့ရမှာ မဟုတ်တော့ဘူး၊ နောက်ကတက်မကြီး ဘယ်လိုပဲထိန်းထိန်း၊ စတီးယာရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်တဲ့လှေ ဘယ်လောက် ကောင်းကောင်း မြုပ်မှာပဲ၊
သင်္ဘောဝမ်းကြီး မပေါက်မချင်း။

သင်္ဘောကိုယ်ထည်၊ လှေကိုယ်ထည်ဆိုတာ စေတနာကို
ဆိုလိုပါတယ်တဲ့။

စေတနာရဲ့သဘောဟာ သင်္ဘောကိုယ်ထည်ကြီးနှင့် တူ
ကြောင်း ဘုန်းကြီးတို့ဖရိသတ် မှတ်လိုက်ပါတော့။

အဲဒီ စေတနာသည်ပင်လျှင် အနည်ပြောင်းလဲတဲ့ အခါ
ကျတော့ "ကံ"ဖြစ်သွားပါတယ်"

"စေတနာက ဟိုး မိုးကောင်းကင် နေ့ထဲ၊ လထဲ၊ နက္ခတ်ထဲ ရှိတာလား၊ ကိုယ့်နှလုံးသားထဲရှိတာလား"

"ကိုယ့်နှလုံးသားထဲမှာ ရှိတာပါဘုရား"

"ဒီတော့ ကောင်းကင်ပေါ် သွားပြီး မတွေ့နိုင်တော့ နေလနက္ခတ်တာရာသွားပြီးရှာဖို့ မလိုတော့ဘူး၊ ငါ့စေတနာ ငါ့နှလုံးသားထဲရှိတယ်ဆိုတာကို လက်ခံထားတဲ့ အချိန်ကစပြီးတော့ စေတနာကို စောင့်ကြည့်ကြပါ၊ ဘာနဲ့ စောင့်ကြည့်ရမလဲ၊ သတိနဲ့စောင့်ကြည့်ကြပါ၊ အဘိဓမ္မာထဲက စေတသိက်တစ်လုံးလာတယ်"



"သတိနဲ့စောင့်ကြည့်"

"ပညာနဲ့ စိစစ်"

"ဟုတ်လား၊ သတိကစောင့်ကြည့်တယ်၊ ပညာက စိစစ်တယ်၊ သတိ၊ ပညာနဲ့စေတနာကို စောင့်ကြည့်လို့ရှိရင် ငါ့ ကံ ဆိုးတယ် ကံကောင်းတယ်ဆိုတာ ကိုကိုယ့်ဟာကိုယ် ကြည့်တွက်လို့ ရပါတယ်"

( * * * )

ဗုဒ္ဓဘာသာဝင်များအဖို့ ဗေဒင်၊ ယတြာ၊ အတိတ်နိမိတ် အိပ်မက် တဘောင်၊ လက္ခဏာဖတ် အဘိဝင်စသည်တို့ကို ယုံကြည်လျှင် ယင်း မကောင်းသည့် မင်္ဂလာများသည် ဗုဒ္ဓဘာသာဝင်တို့အတွက် မစောနသော ကမ္မဿကတ၊ သမ္မာဒိဋ္ဌိဉာဏ်သို့ ထက်ဝင်ရေးတွင် အတားအဆီးများ အနှောင့်အယှက်များ သဖွယ်ရှိပါလိမ့်မည်။

ဗေဒင်၊ လက္ခဏာ၊ အိပ်မက်၊ တဘောင်လောကီအယူများသည် ဗုဒ္ဓဘာသာတို့၏ အယူမဟုတ်သောကြောင့် စွန့်ပယ်အပ်ကြောင်းကို....။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတော်ရှင် လေးသိင်္ဃတာဝတိုက် စာကျောင်း ဆရာတော်ဘုရားကြီး"က ကရုဏာဖြင့် ဤသို့ ဩဝါဒချီးမြှင့်တော်မူခဲ့၏။

- ပြဿဒါး၊ ရက်ရာဇာ၊ မြေခံနဂါးလှည့်ကိုရွေးခြင်း၊ အင်္ဂါယထိုးခြင်း၊ အောင်မင်္ဂလာစကား(ကိုး)ပါသော စတီးကိုမှ မင်္ဂလာရှိသည်ဟု ယူဆခြင်း၊
- အသက်ကိုတည်၍ ခုနစ်ခုထားရှိ ဆေးကုခြင်း၊ လပြည့်ကျော်တစ်ရက်နေ့စသည်၌ ကျသောနေ့ကို တိုင်ထူ၍ ဆေးကုခြင်း၊ မည်သည့်သစ်ပင်ကို မစိုက်ကောင်းဟူ၍ယူခြင်း၊
- အိမ်ကိုခွေးတက်၊ ဗျိုင်းနား၊ လင်းတနား၊ မျှားစွဲလျှင် မည်သို့ ဖြစ်လိမ့်မည်ဟု ယူဆခြင်း၊
- အိမ်ဆောက်ဆဲ၊ အိမ်ရှင်သေလျှင် မီးကျွံသည်ဟု ယူ၍ မည်သူမျှမနေဝံ့ခြင်း၊ အိမ်ခိုက်သည်ကျောင်းခိုက်သည်ဟု ယူတတ်ခြင်းတို့သည်လည်း ကံ၊ ကံ၏အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာ အယူမဟုတ်၍ စွန့်ပယ်အပ်ကုန်၏။

(* * *)



ထို့ပြင်တစ်ဝ "အရှင်အဂ္ဂဉာဏ"(ချမ်းမြေ့ဆရာတော်)၏ အဆိုအမိန့်မှာလည်း အလေးအနက်ထား၍ မှတ်သားဆင်ခြင်အပ်ပေသည်။

- ကိုယ်၌ အမြဲ ဆောင်ထားသင့်သည်မှာ လက်ဖွဲ့လည်း မဟုတ်၊ ဓါတ်လုံးလည်း မဟုတ်ပါ၊
- ကုသိုလ်တရားသာဖြစ်လေသည်။
- အကုသိုလ်အလုပ်ပြုလုပ်နေသူအတွက် မည်သည့်အင်းအိုင်လက်ဖွဲ့အဆောင်ကမှ အပါယ်လေးပါးကို မရောက်အောင် တန့်တားနိုင်မည် မဟုတ်ပေ။
- ရွှေဖလားကို ငွေနားကွပ်သော ငွေနားကြောင်း အဆိုရှိတယ်။
- ဗုဒ္ဓဘာသာတည်းဟူသော ရွှေဖလားကို အင်း၊ အိုင်၊ လက်ဖွဲ့များဖြင့် အနားမကွပ်သင့်ပါ။
- ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်နှင့်သာ ထိုက်တန်၍ အုန်းမှုတ်ခွက်နှင့် မထိုက်တန်ကြောင်း အဆိုရှိ၏။
- ထေရဝါဒ ဗုဒ္ဓဘာသာတည်းဟူသော ခြင်္သေ့ဆီသည် လူနတ်နိဗ္ဗာန်တည်းဟူသော သုခ ရွှေခွက်တို့နှင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်၍ ရပသော ဥုံဖွ လက်ဖွဲ့များနှင့် မထိုက်တန်ပါ။

– ခင်သွား၍ လမ်းဖြတ်သွားသည်ကို "ဖြတ်"က လမ်းတွင် ဖွယ်မလိုပြီး

(* * *)

ဗေဒင် လက္ခဏာဖတ်ဆရာတို့ အဓိက ထားကြသည်မှာ မည်သည့် လုပ်ဆောင်ဖွယ်များကို လုပ်ဆောင်သည်ဖြစ်ပါစေ ရက်ကောင်းရက်မြတ် ရွေးချယ်လုပ်ဆောင် စေခြင်းဖြစ်၏။

မြန်မာလူမျိုးတို့ အရိုးစွဲအောင် ဆောင်ရက် ရှောင်ရက်မှာ "ရက်ရာဇာ"နှင့် "ပြဿဒါး"ဖြစ်သည်။

ပြဟ္မာဏပုဏ္ဏားတို့ စီရင်ရေးသားခဲ့သော ဗေဒကျမ်းများတွင် ရက်ရာဇာ၊ ပြဿဒါးကို အဓိကထား၍ ဖော်ညွှန်းကြသည်။

လုပ်စရာရှိသည်ကို ရက်မရွေးနှင့်၊ အချိန်မဆွဲနှင့်၊ ကံ၊ ဉာဏ် ဝီရိယများကိုယူ၍ အချိန်ရှိခိုက် လုံ့လစိုက်လုပ်၊ ကိုယ့်အတွက်



အကျိုးပေးလိမ့်မည်ဟူသော ခေတ်အမြင် ခေတ်အတွေးလည်း ရှိသည်။

လုပ်စရာရှိသည်ကို ရက်မရွေးနှင့် အချိန်မဆွဲနှင့်။

ရက်တို့ အချိန်တို့ဆိုသည်မှာ ပညတ်။

ရက်ဟူသမျှ အချိန်ဟူသမျှ ကောင်းသည်မှာ ပရမတ်။

"ရက်ရာဇာ"နှင့်ပတ်သက်၍ "ကျေးဇူးရှင်နမ္မားဆရာတော် ဘုရားကြီး အရှင်ဥာဏ" ပေးခဲ့သည့် အဆုံးအမ ဩဝါဒမှာ ဤသို့ပါ။

"ရက်ရာဇာနေ့မှာ ငရုတ်သီးစားရင် မစပ်ဘူးလား"

"စပ်ပါတယ်ဘုရား"

"ရက်ရာဇာနေ့မှာလုပ်သောအကုသိုလ်သည် မကောင်းကျိုးကို မပေးဘဲ နေမလား"

"မနေပါဘုရား"

"ကံမကောင်းတဲ့လူ ရက်ရာဇာနေ့မှာ အိပ်တိုင် ထရင် ချမ်းသာပါသလား"

"မချမ်းသာပါဘုရား"

"မောင်စိန်တို့ရွာမှာ အိမ်ခြေဘယ်လောက်ရှိသလဲ"

"တစ်ရာကျော်ရှိပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ခြတစ်ရာမှာ ရက်မရွေးဘဲ ဆောက်တဲ့အိမ် ပါခဲ့လား"

"မပါပါဘုရား"

"ရက်ရွေးပြီးဆောက်တဲ့ အဲဒီအိမ်တွေအားလုံးချမ်းသာကြသလား"

"ဆင်းရဲတဲ့အိမ်တွေသာ များပါတယ်ဘုရား"

"ဒီလိုဆိုရင် ရက်ကောင်းတွေက ကောင်းကျိုး ပေးနိုင်သလား"

"မပေးနိုင်ပါဘူးဘုရား"

"ရက်မရွေးဘဲ မင်္ဂလာဆောင်တဲ့လင်မယားရှိခဲ့လား"

"မရှိပါဘုရား"

"လင်မယားတိုင်း မကွဲမကွာ ချမ်းသာတာချည်းပဲလား"

"မဟုတ်ပါဘုရား"

"ရက်ကောင်းတွေဟာ အားကိုးရာ အသကားပေါ့"

"မှန်ပါဘုရား"

"အေး...ကုသိုလ်ကိုအားကိုးမှ ဗုဒ္ဓဘာသာကွယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

(* * *)



နိဂုံးချုပ်အားဖြင့်....။

— သမ္မာအာဇီဝဖြင့် စီးပွားရှာပါ။

— ရုတ်ခြည်း တစ်ဟုန်ထိုး ကြီးပွားတိုးတက်မှု မဖြစ်သည့်တိုင် စိတ်အေးလက်အေး နေရမည်၊ စားဝင်အိပ်ပျော်မည်။

မိစ္ဆာအာဇီဝဖြင့် ရှာဖွေခြင်းသည် အတက်မြန်သလို အကျလည်းမြန်မည်။

— ရင်တထိတ်ထိတ်၊ သဲတဖိုဖိုနှင့် စိတ်အေးချမ်းမြေ့မှုကို မရနိုင်၊

— ဗုဒ္ဓအမွေကို ရင်ဝယ်ပိုက်၍ တရားဓမ္မနှင့် မွေ့လျော်ခြင်းသည်သာ တစ်သံသရာလုံးအတွက် ခိုင်မြဲသော အမွေဖြစ်သိမ့်မည်ပါတည်း။

ဒါလောက်ဆို သစ္စသနာသန့်စင်တည်တံ့ရေးနှင့် သာသနာပပျောက်ရေး။

(တစ်နည်း)

အရှိအမှန်နှင့် မရှိ မမှန်ကို ပိုင်ပိုင်နိုင်နိုင် မဟုတ်သည့်တိုင် အတိုင်းအတာတစ်ရပ်အထိ ခွဲခြား၊ စိတ်ဖြာ၊ သုံးသပ်ဝေဖန်မှု ရနိုင်လောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



လိုတက်ပို၍ ပိုင်ပိုင်နိုင်နိုင်ကြီး ထဲထဲဝင်ဝင် ခွဲခြားစိတ်ဖြာ သုံးသပ် ဝေဖန်မှုပြုလိုသွင် ဆရာမင်းနှင့်(မောင်ကျွန်း)၏ "အယူအမြင်နှင့် ကိုးကွယ်မှု ခင်ကြွယ် သန့်ရှင်းရေး၊ ဆရာတော်ကြီးများ၏ ဩဝါဒတော်များ" စာအုပ်ကို ဆက်လက်ဖတ်ရှုကြပါဟု စေတနာကို လက်ဆောင်ကမ်းရင်း။

ကိုးကွယ်မှုခင်ကြွယ်သန့်စင်ရေးသို့ခရီးရှုလိုက်...
နားကြပါဦးစို့၊
မေတ္တာများစွာဖြင့်....
ရွှင်လန်းချမ်းမြေ့ကြပါစေ။

(ကျော်မြသန်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com